www.burmeseclassic.com

# အချော့တော်

မိန်းမဟူသမျှ ငါတို့ဖေါ်စကားမြွက်၍
ချော့ကြစေသတည်း

BURMESE CLASSIC .com

ဒုတိယအကြိမ်

design Moh moH

ဟာ သ လုံး ချင်း ဝ တ္ထု

www.burmeseclassic.com

www.burmeseclassic.com

စိစစ်သူ

**မောင်သွေးရင့်**

ချက်နှာဖုံးဒီဇိုင်း | မိုးမိုး (Eagle)
ချက်နှာဖုံးဖလင် | Eagle
အတွင်းဖလင် | ထက်အာကာကျော်
ကွန်ပျူတာ | Deep Blue
စာအုပ်ချုပ် | ကြူကြူမွေး
ထုတ်ဝေသည့်ကာလ | ၂၀၁၁-ခုနှစ်၊ ဇန္နဝါ
တန်ဖိုး | (၁၅၀၀) ကျပ်

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၅၀၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၆၁၁၁၀-အရ
ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းအော့ဖ်စက်
အမှတ်(၁၁၇)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်၍ နေမျိုးစာပဒေသာ၊ အမှတ်(၁)၊
သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်မှ
ဒုတိယအကြိမ်၊ အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

၈၉၅.၈၃
အချော့တော်
မိန်းမဟူသမျှငါတို့၏စကားမြစ်၌မျောကြစေသတည်း /
အချော့တော် ။ - ရန်ကုန်၊
နေမျိုးစာပဒေသာစာပေ ၊ ၂၀၁၀။
၁၆၀ - စာ ၊ ၁၃×၂၀.၅ စင်တီ။
(၁)မိန်းမဟူသမျှငါတို့၏စကားမြစ်၌မျောကြစေသတည်း

BURMESE CLASSIC .com

နှမောဟ္ဒုသ

ဝါသနာစာပေ စာစဉ်(၄၇)

# အချော့တော်

## မိန်းမဟူသမျှ ငါတို့၏စကားမြစ်၌မျောကြစေသတည်း

(ဟာသလုံးချင်းဝတ္ထု-ဒုတိယအကြိမ်)

ဝါသနာစာပေ
အမှတ်(၁၃)၊ ထန်းပင်ကုန်း ၁-လမ်း သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉၅၃၁၁၅၇၇

www.burmeseclassic.com

www.burmeseclassic.com


ရယ်သောသူ အာပြမည် . . . ဆိုတဲ့

# အချော့တော်

## ဟာသလုံးချင်းဝတ္ထုသစ်များ

- အောမှာအေးကြောင်နော် ..ချစ် (ထွက်ပြီး)
- ချစ်မှာပဲ (ထွက်ပြီး)
- မန်းမြို့သူ (ထွက်ပြီး)
- မင်းနဲ့ကြိုက်တဲ့ငါ့ရည်းစား (ထွက်ပြီး)
- မချစ်ဘူးလို့ မပြောရဘူး (ထွက်ပြီး)
- မော်အယ်လ်ဆယ်ယောက် ကိုယ်တစ်ယောက် (ထွက်ပြီး)
- မိန်းမဟူသမျှ ငါတို့၏စကားမြစ်၌ မျောကြစေသတည်း (ထွက်ပြီး)
- ချစ်တယ်ဆို ငိုမှာပဲ (ထွက်ပြီး)
- မင်းမျက်လေးကို ကိုင်ချင်လွန်းလို့ (ထွက်ပြီး)
- တစ္ဆေချစ်သော ကျွန်တော် (ထွက်ပြီး)
- ရင်ဘတ်ထဲမှာစေတဲ့နှင်း (ထွက်ပြီး)
- ချစ်မှုတဲ့လား (ထွက်ပြီး)
- မိုက်ကျင်း (ထွက်ပြီး)
- တိုင်ပတ်တဲ့အာသည်း (ထွက်ပြီး)
- ကျွန်တော်ချစ်သော ရှုပ်ငနဲ (ထွက်ပြီး)
- နေခြည်ထွေးမှ နွေးမည်ထင် (ထွက်ပြီး)
- ရာသမီနဲ့ချစ်ပုံမယ် (ထွက်ပြီး)
- နှာမစ်မှုတဲ့နှလုံးသား (ထွက်ပြီး)
- မင်းကိုချစ်တယ် (ထွက်ပြီး)
- တောင်ပြုန်းမှာမောင်ပုန်းပါနဲ့ (ထွက်ပြီး)
- ချစ်လွန်းလို့မုန်း (ထွက်ပြီး)

ယခုလ

မိန်းမဟူသမျှ ငါတို့၏စကားမြစ်၌ မျောကြစေသတည်း (ဒုတိယအကြိမ်)

ဆက်လက်၍

- ☐ အနမ်းချိုချို
- ☐ အချစ်မိုင်ပေါင်း ထောင့်ခြောက်ရာ
- ☐ လမှတန်းက မလွမ်းပုံ


BURMESE CLASSIC .com

◁ ၁ ▷

ဤလောကမြေမဟီဝယ် လွန်စွာမှထူးဆန်း၍ ရယ်စရာကောင်းသော လူသုံးဦးရှိနေခဲ့လေသည်။

သူတို့သုံးဦးသည် ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ခဲ့ကြ၏။

အဆောင်အတူနေ၍ ယောင်ပေပေ၊ ခပ်တေတေ နေခဲ့ကြ၏။

ထူးခြားသည်မှာ သုံးယောက်စလုံး စိတ်တူကိုယ်တူဖြစ်ကြပြီး အယူအဆ တူမျှကြခြင်းပင်ဖြစ်လေ၏။

သူတို့သုံးယောက်၏ ခံယူချက်သည် သည်လောကမြေမဟီရှိ မိန်းမတိုင်းကို သူတို့က သူတို့၏စကားမြစ်၌ မျှောပစ်ကြဖို့ဖြစ်လေ၏။

သည်လိုဖြစ်ဖို့ ကျောင်းမှာကတည်းက ကတိပြု၍ လေ့ကျင့်ခဲ့ကြ၏။

မိန်းကလေးဟူသမျှအပေါ် စကားလုံးများဖြင့် အနိုင်ယူဖို့ ကြိုးစားကြ၏။

သူတို့၏ အပြုအမူများသည် ထူးလည်းထူး၏။ ဆန်းလည်းဆန်း၏။

ဟုတ်လည်း ဟုတ်ခဲ့၏။ မဟုတ်လည်း မဟုတ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးကြ၍ လုပ်ငန်းခွင်ကိုယ်စီဝင်ကြ၊ အိမ်ထောင်ရက်သားကျတော့လည်း မိန်းမများအပေါ် ဘယ်သူက ပိုအနိုင်ရကြောင်း ပြိုင်နေကြသေး၏။

သူတို့၏ လှုပ်ရှားမှုများသည် ထူးခြား၏။ စိတ်ဝင်စားဖွယ်ကောင်း၏။ အတုယူဖွယ်ကောင်းသလို စိတ်ညစ်ဖွယ်၊ စိတ်ပျက်ဖွယ်လည်း ကောင်း၏။

ရယ်စရာလည်း ကောင်းသေးတော့၏။

သူတို့ဟု ဆိုသူများကား. .

***

BURMESE CLASSIC .com

**ရွှေနေကြီး ဦးမောင်မောင်ဦး. .။**

"ဟုတ်ကဲ့. .။ ကျွန်တော် မောင်မောင်ဦးပါ။ ဗဟိုတရားရုံးချုပ်ရှေ့နေကြီးပါ။ လုပ်သက် ကြာပါပြီ။ ကျုပ်အတွက် အမှုမရှားပါဘူး။ အပြင်မှာ အမှုမရရင် အိမ်မှာ ပြဿနာရှာ၊ အမှုလုပ်ပစ်လိုက်တာပဲ။ အေးရော။

ဟဲ. . ဟဲ. . ကျုပ်မိန်းမက ကျောင်းဆရာမဗျ။ စကားအားကြီးများတယ်။ ပွစိပွစိသိပ်လုပ်တတ်တယ်။ ဘယ်ရမလဲဗျာ။ ကျုပ်က ကျောင်းမှာကတည်းက မိန်းမတွေကို စကားမြစ်မှာ မျှောပစ်ခဲ့တဲ့ကောင်ပဲ။ အခုတရားခွင်မှာလည်း လျှောက်လဲချက်တွေ၊ စကားလုံးတွေနဲ့ ကိုင်ပေါက်အနိုင်ယူခဲ့တဲ့ကောင်ပဲ။ မာနကြီးလှတဲ့၊ စကားများလှတဲ့ ကျုပ်မိန်းမမြမြလှိုင်ကိုလည်း စကားမြစ်ထဲ မျှောပစ်ပြီးမှ ဆယ်ယူခဲ့ရတာ။

အခုဆို မီးကိုသေလို့။

ဩော်. . မယုံဘူးလား။

ရှေ့ဆက်ဖတ်ကြည့်ပေါ့။ သိသွားမှာပါ။ အဟဲ. .။

ဩော်. . ကျုပ်မိန်းမ မြမြလှိုင်ဆိုလို့ စာရေးဆရာမမြမြလှိုင်နဲ့





သွားမရောနဲ့ဦး။ စာရေးဆရာမမြမြလှိုင်က ပုတုတု၊ ရုပ်မချောတချောရယ်။ ကျုပ်မိန်းမ မြမြလှိုင်က အရပ်မြင့်မြင့်၊ ခပ်ချောချောရယ်။

ဒါပဲ. . ဒါပဲကွာတယ်။

တကယ်. ."

***

နောက်တစ်ယောက်. .။

**စာရေးဆရာ ပါဘလစ်ရှာကြီး နေမင်းလှိုင်. .။**

"ဟုတ်ကဲ့ပါ. .။

ကျွန်တော့်ကို နေမင်းလှိုင်ရယ်လို့ ခေါ်ကြပါတယ်။ စာရေးတယ်။ စာအုပ်ထုတ်တယ်ဗျာ။ စာအုပ်တိုက်နာမည်လား။ 'ဝါးတားတားစာပေ' လေ။ ကြားဖူးတယ် မဟုတ်လား။

ဟင်း. . ဟင်း. . မိန်းမလား. .။ ရှိတာပေါ့။

ကေသွယ်အေးကြော့တဲ့။

ကေသွယ်အေးနဲ့ဖြစ်ရင် ရရဲ့သားနဲ့ ဘာလို့ထပ်ကြော့ရသလဲဆို ကြော့ကြော့မော့မော့လေး နေတတ်လို့ဗျ။

လှသလားတော့ မမေးနဲ့။

ကေသွယ်အေးကြော့ ဘယ်လောက်လှလှ သူ့ကို ကျွန်တော့်ရဲ့စကားမြစ်ထဲမှာ မျှောပစ်ပြီး ရအောင်ယူခဲ့တာ။

မယုံဘူးလား. .။

ဆက်ဖတ်ကြည့်လိုက်လေ"

***



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဦး. . ။

ကျောက်ကုန်သည်ကြီး ဦးစိုးသူရ. . ။

"စိုးသူရပါ. . ။

ကျောက်တစ်ပွင့်ကို အကဲခတ်ရတာ လွယ်ပေမယ့် မိန်းမကဲ ခတ်ရတာ ခက်လှပါတယ်။

ပြောရဆိုရတာလည်း လက်ပေါက်ကပ်လှပါတယ်။

ကျွန်တော့်မိန်းမက မန္တလေးသူ။ ဈေးချိုတော်မှာ ဈေးရောင်း တယ်။ အထည်ဆိုင်ဖွင့်တယ်။

နာမည်လား. . ။

မူမူသက်တဲ့. . ။

ဈေးသည်ပီပီ စကားပြောကောင်းတယ်။ မနောကောင်းတယ်။

သဘောတော့ မကောင်းဘူးရယ်။

ကပ်စေးနည်းတယ်။ တစ်ပြားကို နှစ်ပြားမှတ်လို့ ခွာတယ်။

သူ့မှာရှိတဲ့ တစ်ပြားကို နှစ်ပြားလုပ်လို့ ရမလား. . ပြော။

ဘာပဲပြောပြော နှမြောတွန့်တိုတဲ့သူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏ ဆိုတဲ့အတိုင်း ပေးကမ်းစွန့်ကြဲပြီးမှ အရယူခဲ့တာကလား။

အဟဲ. . စကားလုံးတွေနဲ့ လေကြောင်းသက်သက် အဆင်မပြေ လို့ ရေကြောင်းနဲ့ပါ လိုက်ခဲ့ရတာ။ ယုံ. . "

***



# < ၂ >

"ဟော့ကောင် နေမင်းလှိုင်. . "

"ဘာလဲ"

"မင်း မိန်းမတွေကို ဘယ်လိုမြင်လဲ"

"ဆိုက်စုံမြင်တယ်"

"ကောင်းကောင်းပြော"

"ကောင်းကောင်းပြောတာပဲဟ။ ဘေးကကြည့်တော့ ဘေး တိုက်မြင်တယ်။ နောက်ကကြည့်တော့ အပြည့်မြင်တယ်။ ရှေ့ကကြည့် တော့ တစ်ဝက်မြင်တယ်"

"ဘယ်လို. . ရှေ့က ကြည့်တာ ဘာလို့ တစ်ဝက်တည်းမြင်ရ တာလဲ"

စိုးသူရက မျက်လုံးကြီးပြူး၍ ပြန်မေး၏။ ရှေ့တည့်တည့်က ကြည့်ပြီး တစ်ဝက်တည်းမြင်သည့်ကိစ္စ သူမရှင်း။ နေမင်းလှိုင်က ပညာရှိ ကြီးဟန်ဖြင့် ပြန်ပြောသည်။

"ဟင်း. . ဟင်း. . မင်းသေချာစဉ်းစားကြည့်"

"အေး. . စဉ်းစားနေတာပဲ။ ကြည့်စရာတော့ လှတပတလေး

www.burmeseclassic.com



တစ်ယောက်မှ မမြင်သေးဘူး"

စိုးသူရက မေးပွတ်စဉ်းစားဟန်ဖြင့် ပြန်ပြော၏။

"အဲဒါ ခက်တာပဲ။ ကြည့်ခိုင်းတာ မပါဘူး။ စဉ်းစားခိုင်းတာ"

"အေး. . စဉ်းစားနေတယ်"

"စဉ်းစားရင် ပေါ်ရမယ်"

"မဖြစ်နိုင်ဘူး"

"မင်းစဉ်းစားလေ။ တို့ရှေ့ရောက်လာတဲ့ ကောင်မလေးကို မင်းတည့်တည့်ကု ကြည့်လိုက်စမ်း"

"ကြည့်ပြီ"

"ဘာမြင်လဲ"

"မျက်နှာမြင်တယ်"

"မီးဖွားတာလား"

ဝင်လျောင်သူကား မောင်မောင်ဦးဖြစ်၏။ စိုးသူရက ဟန့်လိုက်၏။

"မင်း အသာနေ။ လူကြီးတွေ ပြဿနာရှာနေတယ်။ အမှုတွဲထဲ ပါသွားမယ်"

မောင်မောင်ဦး ငြိမ်သွားသည်။ စိုးသူရက ဆက်မေး၏။

"မျက်နှာမြင်ပြီးရင် မင်းအကြည့်ကို အဲဒီက ခွာလား"

"အေးဟ. . ခွာဘူး"

"ခွာမလား. .။ နှာဘူး"

မောင်မောင်ဦးက ဝင်လျောင်ပြန်၏။

စိုးသူရက အမှုတွဲထဲ ရောထည့်၏။

"မောင်ဦး. . ဘူးဘူးချင်း တစ်လက်မ ပိုမမြင့်ချင်နဲ့။ တိတ်တိတ်နေ"

မောင်မောင်ဦး တိတ်သွားပြန်၏။ မောင်မောင်ဦးတိတ်တာ ကြောက်ဖို့ကောင်းသည်။ သူများတွေစကားပြောလျှင် ငြိမ်နားထောင်





နေတတ်ပြီး အလစ်ဝင်ဆွဲ. . အယ်. . တွယ်တတ်သည်ကား သူ့အလုပ်၊ သူ့ဝါသနာ။

ယခု သုံးဦးသား ကျောင်းဝင်းထဲက ကင်တင်းနံမှာ အအေးထိုင်သောက်ရင်း အလုပ်ကြီးအကိုင်ကြီးကိစ္စ ဆွေးနွေးနေကြခြင်းဖြစ်သည်။

သုံးယောက်မှာ နှစ်ယောက်က မြန်မာစာဒုတိယနှစ် တက်နေကြသည်။ မောင်မောင်ဦးသာ ဥပဒေတတိယနှစ်ဖြစ်၏။ သုံးယောက်လုံး ဝါသနာတူ၊ စရိုက်တူသဖြင့် တွဲဖြစ်ကြသည်။

ဝါသနာတူဆိုရာ၌ မိန်းကလေးများကို ပိုးပန်းရာမှာ ဝါသနာတူခြင်းဖြစ်၏။

သို့သော် မိန်းကလေးများကို အရေးမပေးဘဲ ကြောနိုင်သမျှကြော၍ ညွှန့်နိုင်သမျှညွှန့်ဖို့ သူတို့ဆုံးဖြတ်ထားကြသည်။

အကြောင်းမဲ့တော့ မဟုတ်။

သူတို့ထဲမှ နေမင်းလှိုင်တစ်ယောက် ပထမနှစ်မှာ ရည်းစားနှင့်ကွဲ၍ အသည်းပတ်ကြားအက်ခဲ့ရသည်။

ထိုစဉ်က နေမင်းလှိုင်က ဖရက်ရှာလေး။ တက္ကသိုလ်ကျောင်းတော်ကြီးကို မျက်နှာငယ်လေးနှင့် ရောက်လာခဲ့သည်။ မောင်မောင်ဦး၊ စိုးသူရတို့နှင့် တွဲဖြစ်ခဲ့သည်။

ပထမနှစ်မှာတင် နေမင်းလှိုင်တစ်ယောက် ရည်းစားတစ်ယောက် ကောက်ရသွားခဲ့၏။

ရုပ်ကလှတပတကလေး။

ရုပ်က ယဉ်သည်။ သိမ်မွေ့သည်။ ပြောရလျှင် ညြချလောက်၏။

နေမင်းလှိုင်က စာပေအခံရှိသည်။ နေရာတိုင်းမှာ တွေးသည်။ ငေးသည်။ တစ်ယောက်တည်း အနေများသည်။

တစ်နေ့. .

တစ်ဦးတည်း ကင်တင်းနံမှာထိုင်၍ ကော်ဖီသောက်ရင်း ကဗျာတစ်ပုဒ်ရေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို၊ ဘယ်ဝိုင်းကိုမှ ဂရုမစိုက်ဘဲ ရေးနေသော သူ့ကို ဂရုစိုက်နေသော မျက်လုံးနှစ်စုံအား သူသတိမထားမိ။

တစ်ဖက်ဝိုင်းမှ သူ့ကိုကြည့်နေသည့် မျက်လုံးပိုင်ရှင်ကား မေသရဖီ။

အမည်လေး မွှေးသလောက် ရုပ်ကလေးက လှသည်။ အပြောကလေးက ချို၍ မနောလေးကတော့ မဖြူချင်။ မျက်နှာများသည်။ ဒဿဂီရိနှင့် အမျိုးတော်ပုံရ၏။

သူလေးက အီးမေဂျာနောက်ဆုံးနှစ်။ E Queen လေးလည်း ဖြစ်သည်။

သူ့အလှကွန်ရက်မှာ ကျားသတ္တဝါတို့ ယက်ကန်ကန်ဖြင့် ပက်လက်လန်ခဲ့ရတာတွေ များပြီ။ ယခုလည်း နေမင်းလှိုင်ကို လိပ်ကလေးတစ်ကောင်လို သဘောထားပြီး ပက်လက်လှန်ဖို့ သူကြံနေသည်လားမသိ။ သူ့အကြည့်တွေက စူးရဲလှပါဘိ။

နေမင်းလှိုင်ကတော့ ဘာမှမသိရှာ။ ကဗျာမှာ အာရုံရောက်၊ ကာရန်တွေ မွှေနှောက်ရှာရင်း ခေါင်းကိုတဗျင်းဗျင်းကုတ်၏။ ထိုမှပင် တဖွားဖွားထွက်လာ၏။ ဘောက်များသာ ဖြစ်ပါသည်။

နေမင်းလှိုင်ကိုကြည့်၍ မေသရဖီပြုံးသည်။ မေသရဖီပြုံးတော့ ဘေးက ကောင်မလေးများ ပခုံးတွန့်ကြ၊ လျှာတစ်လစ်လုပ်ပြကြသည်။

မေသရဖီတစ်ယောက် သားကောင်ကို ဖမ်းတော့မည်ဟု သူတို့သိနေကြသည်။

သူတို့ဆိုတာ နောက်ဆုံးနှစ် E Major မှ စပယ်လှိုင်၊ နှင်းဆီမြိုင်၊ ငွှန်ပွင့်ဖြူတို့ ဖြစ်ကြ၏။ မေသရဖီ၏သူငယ်ချင်းများ ဖြစ်ကြသည်။

ထိုစဉ် နေမင်းလှိုင်က 'ဝူး'ခနဲ လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်ရင်း ခေါင်းမော့ကြည့်လာသည်။

အကြည့် . . ။

အကြည့်သည် မြင်မှုပြုခြင်းဟု လူတိုင်းသိကြသည်။ သာမန်





အားဖြင့် အကြည့်သည် ဘာမှမဟုတ်သော်လည်း တစ်ခါတစ်ရံမှာတော့ အကြည့်သည် အရေးပါနေတတ်လေသည်။

ယခု နေမင်းလှိုင်၏အကြည့်က မေသရဖီ၏အကြည့်နှင့် ဆုံစည်းသွားသည်။

သာမန်အားဖြင့် ဖိုမစာတ်သဘောအရ အဖိုကြည့်နှင့် အမကြည့်တို့ ထိခတ်မိလေရာ ဖျတ်ဆို ထောင့်ငါးရာဗို့လျှပ်စစ်ဓာတ် ဖြစ်ပေါ်သွားရမှာဖြစ်၏။

သို့သော် နေမင်းလှိုင်က သူနှင့်ဆုံဖြစ်သော အကြည့်ကို ဘာမှတ်သည်မသိ။ လုပ်ပုံက ကြည့် . . ။

စပ်ဖြဲဖြဲပြုံးပြပြီး ခေါင်းလေးယမ်း၏။ ပြီး . . မျက်လွှာချကာ ကဗျာပြန်ရေးနေ၏။

သူ့အပြုအမူကြောင့် မေသရဖီ၏မျက်ဝန်းအိမ်ထဲမှ အမဓာတ်အကြည့်လှိုင်းများသည် အူချာချာဖြစ်သွားရရှာ၏။ ထောင့်ငါးရာဗို့ လျှပ်စစ်ဓာတ်လည်း မဖြစ်နိုင်တော့။ ဘာဖြစ်လို့ဘာဖြစ်ရမှန်းပင် မသိတော့။

မေသရဖီ၏ ကိုယ်စောင့်အကြည့်ဓာတ်ပိုင်ရှင် နတ်ပုလေးက မေသရဖီကို ပြန်မေးသည်။

"အစ်မ . . ကျွန်တော်ဘာဆက်လုပ်ရမလဲခင်ဗျာ"

"မသိဘူး"

"ဒါဆို အစ်မအကြည့်ကို ရုပ်သိမ်းပါတော့။ ကျွန်တော်လည်း ပြန်အိပ်တော့မယ်"

"နေဦး . ."

"အစ်မ ဘာပြဿနာ ရှာဦးမလို့လဲ"

"မကျေနပ်သေးဘူး"

"ဘယ်သူ့ကိုလဲ"

"ဟိုကောင့်ကို"

"သူမှ ပြန်မကြည့်တာ။ ကျွန်တော် ဘာဆက်လုပ်လို့ ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နတ်ပုလေးက စိတ်ပျက်လက်ပျက်ပြော၏။ နတ်ဦးထုပ်ကိုချွတ်၍ ခေါင်းကိုကုတ်နေ၏။

မေသရဖီက နတ်ပုလေးအား လေပြည်ထိုးသည်။

"နင် . . သူ့ဆီက အကြည့်တွေဖြစ်လာအောင် ကြိုးစားပေးနိုင်မလား"

နတ်ပုလေးက စဉ်းစားရင်း ပြန်ပြောသည်။

"အင်းလေ . . ကြိုးစားကြည့်မယ်။ သူ့မျက်ဝန်းစောင့်နတ်ဆီ ဖုန်းဆက်ကြည့်မယ်လေ"

ပြောရင်း နတ်ပုလေးက ခါးမှ နတ်ဟန်းဖုန်းလေးကိုထုတ်ကာ ဖုန်းခေါ်၏။

တစ်ဖက်ရှိ နေမင်းလှိုင်၏ မျက်ဝန်းစောင့်နတ်က ဖုန်းသံကြောင့် မျက်လုံးပွတ်ထလာပြီး ဖုန်းကိုင်ကာ မေး၏။

"ဟဲလို . . ဘယ်သူလဲ"

"ကျုပ် . . မေသရဖီရဲ့ အကြည့်နတ်"

"ဘာဖြစ်ချင်လဲ"

"အဲဒီက အကြည့်တွေ လိုချင်တယ်"

"မအားဘူး . . ။ သူ ကဗျာစပ်နေတယ်။ ငါပါ ထမင်းတော်မယ့် အခြေအနေ ရှိတယ်"

"ဘာပဲဖြစ်ဖြစ် အကြည့်လေးတစ်ချက် လိုချင်တယ်။ ကူညီပါကွာ"

"မဖြစ်ဘူး . . ။ ငါ့လူက အူကြောင်ကြား။ ငါလည်း မနည်းသည်းခံနေရတာ။ အလုပ်တောင် ထွက်ချင်နေပြီ"

"တစ်ချက်ပဲ ကူညီပါကွာ။ မင်းကို အကြိုးတစ်လုံးပို့ပေးပါ့မယ်"

"ကျော်နီဝါကားလား"

"ဟုတ်ဘူး . . ။ ရေသန့်ဘူးကြီး"

မေသရဖီ၏ နတ်ပုလေးစကားကြောင့် နေမင်းလှိုင်၏ နတ်





ကျွဲမြီးတိုက ဖုန်းပိတ်လိုက်၏။

"အစ်မ . . အဆင်မပြေဘူး။ ဖုန်းပိတ်သွားပြီ"

"အသုံးမကျဘူး"

"ကြိုးစားတာပဲ။ ဟိုဘက်က နတ်က အူကြောင်ကြားဗျ"

"အေး . . မင်းနတ်တန်ခိုးနဲ့မှ အကြည့်တစ်ချက်ရအောင် မလုပ်နိုင်ရင် နေ။ ငါလုပ်ပြမယ်။ ကြည့် . . "

မေသရဖီက ပြောပြောဆိုဆို ရေနွေးကြမ်းပန်းကန်တစ်လုံးကို ကောက်ကိုင်လိုက်၏။ နတ်ပုလေးက သူ့ကို ရေနွေးကြမ်းတိုက်မည် ထင်၍ . .

"နေပါစေ"

ဟု ပြောနေစဉ်မှာပင် မေသရဖီက အကြမ်းပန်းကန်လုံးကို ကြမ်းပေါ် လွှတ်ချလိုက်၏။

"ခွမ်း . . "

"အဲဗျ . . "

နတ်ပုလေး လန့်သွားပြီး မေသရဖီကို ကြည့်သည်။ အားလုံးကလည်း ကြည့်သည်။

ကြည့်သည့်အထဲမှာ နေမင်းလှိုင်လည်း ပါ၏။ သူ့ကို မျက်လုံးပြူး၍ကြည့်လာသော နေမင်းလှိုင်ကို ကြည့်၍ မေသရဖီက မျက်လုံးတစ်ဖက် မှိတ်ပြလိုက်၏။ နတ်ပုလေးပါ ယောင်၍ မျက်လုံးမှိတ်ပြမိ၏။

ဟိုက မျက်လုံးနှစ်ဖက်ပြန်မှိတ်ပြရင်း ခေါင်းယမ်းပြ၏။ ပြီး . . ခေါင်းပြန်ချ၍ ကဗျာပြန်စပ်နေသည်။

"ဘာကြီးလဲဟ"

"ခစ် . . ခစ် . . "

မေသရဖီ ညည်း၍ စပယ်တို့က ရယ်ကြသည်။ နတ်ပုလေးကတော့ ပြန်အိပ်ဖို့ လက်ညှိုးထောင်ကာ ကိုယ်ရောင်ဖျောက်လိုက်လေပြီ။

ဤမျှနှင့် ဇာတ်လမ်းက ဆုံးမသွား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် မေသရဖီက နေမင်းလှိုင်ကို မာယာမြစ်အတွင်း ဆွဲချ၏။ မာယာပိုက်ဖြင့် လွှမ်းအုပ်သည်။ မာယာကြိုးနှင့် တုပ်နှောင်သည်။ ဝါယာကြိုးနှင့် မတုပ်တာ တော်သေးသည်။

မာယာစကားပြော၍ မာယာအစားတွေ ကျွေးသည်။

(ပေါက်စီ၊ ကြေးအိုး၊ ပူတင်း၊ ဆန်းကစ် စသည့် စားစရာများဖြစ်ပါ၏။ ဒီထက်ပိုမတွေးကြပါနှင့်။ စာရေးသူ)

ကြာတော့ နေမင်းလှိုင်အသည်းမှာ အရာထင်သွားသည်။

'ခြစ်ရာ' မဟုတ်။ 'ချစ်ရာ' ပါ။

ချစ်မယ့်ချစ်တော့လည်း မိုးမမြင်လေမမြင်. .၊ ကမ်းမမြင်. .၊ မြစ်မမြင်. . ။

အချစ်ကြီးချစ်၍ သရဖိမှသရဖီ ဖြစ်ခဲ့ရချေ၏။

သရဖီက. .

"မောင်"ဆိုလျှင်. .

"ညောင်. ."

"ထိုင်"ဆိုလျှင်. .

"ဟုတ်"ဆို ငုတ်တုတ်။

"ထ"ဆိုလျှင်. .

"ဟုတ်"ဆို သတိဆွဲပြီးသား။

"သွား"ဆိုလျှင်. .

"ဘယ်. . ညာ. . ဘယ်. . ညာ. ."

အဲဒီလို သရဖီ့စကား နားထောင်ခဲ့၏။ ရုပ်သေးရုပ်လေးလို ဝါတည်း။

သိပ်မကြာ. . ။

သရဖီကျောင်းပြီးသွားတော့ ရေစက်ချ. . အဲလေ. . နေမင်းလှိုင်ကျောင်းမှာကျန်ခဲ့သည်။

တစ်နေ့မှာ မမျှော်လင့်ဘဲ လက်ထပ်ဖိတ်စာ အိတ်ပြာလေးက





နေမင်းလှိုင်လက်ထဲ ရောက်လာခဲ့သည်။

'မောင်ချစ်ကိုကိုယု. .

နှင့်

မေသရဖီ. .'

နေမင်းလှိုင်၏လက်များ တုန်နေသည်။ ဖိတ်စာလေးပါ တဖျပ်ဖျပ်တုန်လို့။

မေသရဖီလက်ထပ်သွားသူမှာ ဥပဒေတွဲ ယူသွားသောသူပင်။ သိသည်. . သိပ်သိသည်။ ထိုချစ်ကိုကိုယုကား ရှေ့နေလုပ်မည်၊ စာရေးမည် ဆိုသည့်သူ။

အခုတော့ မေသရဖီကိုပါ ယူသွားချေပြီ။

ထိုမှစ၍ နေမင်းလှိုင် ဘဝတစ်ဆစ်ချိုး ပြောင်းသွားသည်။ အသည်းပတ်ကြားအက်သွားသည်။

မိန်းကလေးများကို စိတ်နာသွားသည်။ စကားလှလှချိုချိုလေးများ ပြောတတ်သူဆို ပိုစိတ်နာသည်။

ထို့ကြောင့်ပင် မိန်းမများကို လက်တုံ့ပြန်ရန် စကားတမာလုံးများကို သကာဖုံး၍ တစ်လုံးပြီးတစ်လုံးကျွေးဖို့ စိတ်ကူးဖြစ်ခဲ့သည်။

အားပေးသူများကား မောင်မောင်ဦးနှင့် စိုးသူရ။ သူတို့ကပါ ရောယောင်၍ မိန်းကလေးများကို စိတ်နာကြသည်။ ကူးစက်ရောဂါပင်။ ကြက်ငှက်တုပ်ကွေးမဖြစ်တာ ကံကောင်း။

သုံးဦးဆုံလျှင် မိန်းမမကောင်းကြောင်းတွေ ပြောဖြစ်ကြသည်။

အဲ. . ကောင်မလေးတွေရှေ့မှာတော့ ကောင်မလေးလှကြောင်း၊ ကောင်းကြောင်းတွေပဲ ပြောကြ၏။

တတ်လည်းတတ်နိုင်ပါ့။

ယခုလည်း ကင်တင်းန်ထိုင် အအေးသောက်ရင်း မိန်းမများမကောင်းကြောင်းပြောဖို့ အစပျိုးနေကြခြင်းပင်။

"ဘယ်ယောက်ျားလေးမဆို မိန်းကလေးကို ရှေ့ကကြည့်ရင်

www.burmeseclassic.com



မျက်နှာပဲကြည့်တယ်။ အလွန်ဆုံး ခါးအထိပဲကြည့်တယ်။ ဖိနပ်အထိ မကြည့်ကြဘူး။ ဒါကြောင့် ရှေ့ကကြည့်ရင် တစ်ဝက်ပဲမြင်တယ်။ ရှင်း တယ်နော်”

နေမင်းလှိုင်က စပ်ဖြီးဖြီးနဲ့ပြောတော့ ကျန်သည့်နှစ်ယောက် ခေါင်းညိတ်ကြလေ၏။ မောင်မောင်ဦးက အရစ်ရှည်သေးသည်။

“အေးကွ. . ။ ငါ့ရည်းစား မေကဗျာကို ငါသေချာကြည့်မိတာ မျက်နှာရယ်၊ ခါးရယ် အထိပဲ။ ခြေသလုံးတောင် မကြည့်မိဘူး”

“အေး. . နောက်တစ်ခါကျ သေချာကြည့်။ ခြေသလုံးမွေးတွေနဲ့ ဖြစ်နေမယ်”

စိုးသူရက ဝင်ဖောက်ခြင်းဖြစ်သည်။

ထိုစဉ် ကင်တင်းနံထဲသို့ မေကဗျာဝင်လာ၏။ နာမည်နှင့်လိုက် အောင် ကဗျာဆန်ဆန်လျှောက်လှမ်းလာနေသော မေကဗျာက ဘယ်မှ မကြည့်။ တစ်ကျောင်းလုံးက လူတွေကို သူထမင်းကျွေးထားရသည့်ပုံစံ ဖြင့် လျှောက်လာနေခြင်းဖြစ်သည်။

မောင်မောင်ဦးက လှမ်းခေါ်သည်။

“ရွှတ်. . ကဗျာ. . ”

ဟိုက မထူး။ ဂရုပင် မစိုက်။ ထပ်ခေါ်၏။

“ကဗျာကယာ. . ရွှတ်. . ”

စကားတွေ မှားကုန်၏။ ဟိုက လှည့်ပင်မကြည့်။ နေမင်းလှိုင် က ဝင်လျှောင်သည်။

“ဟော့ကောင်. . ရည်းစားခေါ်တာ ဘောလုံးပွဲကြည့်နေတယ် မှတ်လို့လား”

စိတ်မရှည်သော စိုးသူရက ကြားမှ ပွဲစားလုပ်၍ ခေါ်ပေး၏။

“မေကဗျာ. . ”

“ရှင်. . ”

မေကဗျာ လှည့်ကြည့်၏။ ထူးလည်းထူး၏။ သူတို့ကိုမြင်တော့





ပြုံးပြပြီး သူတို့ဆီ ခြေဦးလှည့်လာ၏။

မောင်မောင်ဦးက ကဗျာကယာ ကိုယ့်အိတ်ကပ်ထဲ လက်နှိုက် ကြည့်ပြီး ခေါင်းယမ်း၏။ သူ့မှာမှ ပိုက်ဆံများများမပါဘဲကိုး။

ကိစ္စမရှိ. . ။ ငါးကြင်းဆီဖြင့် ငါးကြင်းကြော်ဖို့ သူစိတ်ကူးလိုက် ၏။ ဟားသလို၊ မြှောက်သလို ပြောလိုက်၏။

“အဟီး. . ကဗျာ. . ထိုင်လေ။ ဒီနေ့ ကဗျာသိပ်လှပါလား”

“မနေ့က မလှလို့လား”

“အန်. . ”

မောင်မောင်ဦးအန်နေတုန်း မေကဗျာဝင်ထိုင်၏။ မောင်မောင် ဦး မေကဗျာအား မျက်နှာမကြည့်ဘဲ ခြေထောက်ဆီ ငုံ့ကြည့်နေ၏။

“ယူ ဘာကြည့်နေတာလဲ”

“ကဗျာက လှတင်မဟုတ်ဘူး။ ဖြေဖဝါးလေးကပါ လှလို့ ကဗျာ ဆန်လို့ ကြည့်နေတာ”

“ဟုတ်တယ်. . ။ ကဗျာ့အလှက ဦးခေါင်းက ခြေဖျားအထိ ပြောစရာမရှိဘူး”

နေမင်းလှိုင်ကပါ ဝင်ရောက်မြှောက်ပြောတော့ စိုးသူရက လည်း ဝင်ပြော၏။

“ဟုတ်တယ်. . ။ မေကဗျာရဲ့အလှဟာ ကဗျာလေးတစ်ပုဒ်လိုပဲ လှပြီး ရှနေတယ်”

“ဘာပြောတယ်. . ”

“အဟီး. . ရှတယ်ဆိုတာ လှပြီး နတ်မိမယ်လေးလို ကြွကြွရွရွ လေး ရှိနေတာကို ပြောတာပါ။ ဟိုရှတာ မဟုတ်ပါဘူး”

“ပြီးရော. . ။ ဘာစားကြမလဲ. . ပြော။ ကဗျာကျွေးမယ်”

“တကယ်. . ”

“အဟုတ်. . ”

“အဟုတ်ပေါ့။ နင်တို့က မှန်တာပြောတတ်ကြတယ်လေ။ ငါက



www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီလိုလူမျိုးဆို သိပ်ကျွေးချင်တာ။ ဘာစားကြမလဲ။ ထပ်မှာ”

မေကဗျာက လောကွတ်တွေလုပ်နေပေမယ့် မောင်မောင်ဦး မကြားမိ။ သူ့အာရုံက မေကဗျာ၏ခြေသလုံးမှာ ရောက်နေသည်။

‘ဟိုကောင်ပြောသလို ခြေသလုံးမှာ အမွေးတွေနဲ့ဆို မည်းနေမှာပဲ’

ဟုလည်း တွေးနေ၏။ ခြေသလုံးကို အာရုံရောက်နေခိုက် မေကဗျာက မေး၏။

“ကိုဦး. . မှာလေ။ ဘာစားချင်လဲ”

“ခြေသလုံး. . ”

“ရှင်. . ”

မေကဗျာ ရှန်သွား၏။ မောင်မောင်ဦးက သူ့အမှား သူသိ၍ ကပျာကယာဖာထေးလိုက်သည်။

“ဟုတ်တယ်. . ။ ဝက်ခြေသလုံးပြုတ် စားချင်တာ”

“ကြားဖူးပေါင်”

မေကဗျာက ညည်းရင်း စားပွဲထိုးလေးအား လက်ယပ်ခေါ်လိုက်၏။

“အစ်မ ဘာမှာချင်လို့လဲ”

“ဝက်ခြေသလုံးပြုတ် ရမလား”

“ခင်ဗျာ. . ”

ကောင်လေး ကြောင်သွား၏။ မျက်လုံးကိုပြူးကာ ကောင်တာကို လှမ်းမေးသည်။

“အာစရိ. . ဝက်ခြေသလုံးပြုတ် ရမလား”

“မရဘူး. . ။ နံရိုးနဲ့ခြေထောက်ပဲ ရှိတယ်”

ကောင်တာမှ အဖြေပြန်လာတော့ မေကဗျာက မောင်မောင်ဦးကို မေးသည်။

“ကိုဦး. . ခြေထောက်ပဲ ရမယ်တဲ့”





မောင်မောင်ဦးက ဘာပြန်မေးသည် ထင်ပါသနည်း။

“အမွေးတွေ ပါသလား”

“ပါမလားဗျ. . ။ အမွေးနုတ်ပြီးမှ ပြုတ်တာ”

စားပွဲထိုးကောင်လေး စိတ်မရှည်။ ခပ်ထန်ထန်ကလေး ဝင်ပြော၏။

“အေး. . ဒါဆိုလည်း ခေါက်ဆွဲသုပ်တစ်ပွဲ လုပ်ခဲ့”

“ဟောတော့. . ”

မေကဗျာ ဟောတော့ဖြစ်သွားရှာသည်။ ဝက်ခြေသလုံးအစား ဝက်ခြေထောက်ရတော့လည်း ခေါက်ဆွဲသုပ်မှာတော့ အံ့ဩရတော့၏။

‘ဘယ်လိုလူစား ငါ့ရည်းစားပါလိမ့်’

ဟူသော အကြည့်ဖြင့် မေကဗျာက မောင်မောင်ဦးကို ကြည့်နေခိုက်. .

မောင်မောင်ဦးကတော့ မေကဗျာ၏ခြေထောက်များကိုသာ အာရုံစိုက်နေဆဲ. . ။

***



www.burmeseclassic.com

www.burmeseclassic.com

## ၃

"သူဇာ. ."

"ဘာတုံး. ."

"နင် ဘာလို့ ဒီလောက်လှနေတာလဲ"

"အမေချောလို့"

သူဇာ့အဖြေကြောင့် စိုးသူရပြုံးသည်။ တကယ်တော့ ခင်သူဇာသည် သူပြောသလောက် မချောပါ။ မလှပါ။ ကြည့်ကောင်းရုံပဲရှိ၏။ မကြည့်လျှင်ဆို လုံး၀မကောင်း။ မြင်မှမမြင်ဘဲကိုး။

ဘာပဲဖြစ်ဖြစ် ခင်သူဇာလည်း သူ့ရည်းစားလေ။ ကိုယ့်ရည်းစားကိုယ်မလှဘူးဟုပြောလျှင် ပါးရိုက်ခံရမည်မှာ သေချာလှ၏။ မိန်းကလေးတိုင်းက လှသည်ပြောမှ ကြိုက်ကြသည်မဟုတ်လား။ ချောသည်ဆိုမှ နှစ်ခြိုက်သည်မဟုတ်လား။

အသားညိုပြီး မျက်လုံးပြူးသည့် ကောင်မလေးကိုတောင် 'ဟ. . ညိုပြူးကြီး' ဟုပြောလျှင် ပြဿနာတက်သွားနိုင်၏။

'အသားလေးက ခိုပြာလေးလို ညက်ပြီး မျက်လုံးလေးက ရွှေသမင်လေးလို ပြူးလို့။ ချစ်စရာလေးနော်' ဟု ပြောမှ အဆင်ပြေမည်။





ပြူးတာချင်းအတူတူ ရွှေက ရွှေသမင်လေးခံပေးလိုက်မှ အဆင်ပြေမည်။ ပလိန်းပြူး၍ မဖြစ်။

အသားညိုတာ၊ ပြာတာကိုလည်း ရွှေက ခိုပြာလေးဖမ်းထည့်ပေးလိုက်၊ ပေါင်ဒါမှုန့်လို ညက်ပေးလိုက်လျှင် အဆင်ပြေပါလိမ့်မည်။

စိုးသူရက သူတို့သူငယ်ချင်းသုံးယောက် ချမှတ်ထားသည့် မူအတိုင်း. .

၁။ မိန်းကလေးတွေကို မြှောက်နိုင်သလောက်မြှောက်၊

၂။ ပင့်နိုင်သလောက်ပင့်၊

၃။ ချော့နိုင်သလောက်ချော့ပေး၊

၄။ ကျွေးသမျှစား၊

၅။ တို့ရဲ့စကားမြစ်ထဲ မျှောပစ်လိုက်. .

ဟူသော မူငါးချက်အရ ဆောင်ရွက်နေခြင်းဖြစ်သည်။

"သူဇာ. ."

"ပြော"

"သူဇာ့အလှတွေကို နည်းနည်းလျှော့ပါလားဟင်"

"ဘာဖြစ်လို့"

"ကိုယ့်မျက်၀န်းထဲမှာ သူဇာ့အလှတွေ ကြီးစိုးနေတယ်။ ဘာကိုကြည့်ကြည့် သူဇာ့အလှကိုပဲ မြင်နေတယ်။ ကြာရင် ကိုယ့်မျက်လုံးဟာ တိမ်သူဇာနဲ့ ပိတ်သွားလိမ့်မယ်"

"သိပ်ပိုတာပဲ"

"မပိုဘူး. .။ လိုတောင်လိုသေးတာ။ သူဇာဟာ ရွှေက ဆုတောင်းကောင်းလို့ သိပ်လှနေတာလားဟင်"

"သိဘူးလေ"

"ဘုရားမှာ ပန်းလှလှလေးတွေ လှူခဲ့ဖူးတယ်ထင်တယ်"

"ဟိုဘ၀ကတော့ မသိဘူးပေါ့နော်။ ဒီဘ၀မှာတော့ ဘုရားကို ပန်းအမြဲကပ်လှူတယ်"

www.burmeseclassic.com



"ဘာပန်းတွေ ကပ်လှူလဲဟင်"

"ဇော်စိမ်းပန်း"

"အယ် . . "

"မအယ်နဲ့။ တကယ်ပြောတာ။ တခြားပန်းတွေက ခဏခဏ လဲနေရတာ။ ဇော်စိမ်းဆို နေရော"

"ဟုတ်မှာ . . ။ ဒါကြောင့်မို့ အသားက စိမ်းဖန့်ဖန့်၊ နှုတ်ခမ်းက လန်ချင်ချင်၊ ဆံပင်က ကျဲတဲတဲဖြစ်နေရတာ" ဟူသော စကားကိုတော့ အသံထွက်အောင် မပြောဖြစ်လိုက်ပါ။ တကယ်ပြောဖြစ်သွားသည်က . .

"အင်းနော် . . ။ ဇော်စိမ်းပန်းလှူတာတောင် ဒီလောက်လှနေရင် စံပယ်၊ နှင်းဆီတွေသာ လှူလို့ကတော့ သူဇာ့အလှဟာ မြင်မြင်သူ ရူးသွားနိုင်ပါရဲ့"

"ဟုတ်တယ်။ ဒါကြောင့် လျှော့လှူတာ"

ကဲ . . ဘာပြောပါမည်နည်း။

ဘာမှလည်း ပြောမဖြစ်သေးပါ။ စိုးသူရက သူဇာ့ကိုသာ လှ တယ်ပြောပြီး မျက်နှာလေးတောင် သေချာမကြည့်။ သူကြည့်နေတာ က ရှေ့မှာလာချသည့် စားသောက်ဖွယ်ရာများသာတည်း။

"မွှေးနေတာပဲကွာ"

ဟု စိုးသူရက ပြောတော့ သူဇာက သူ့ပြောသည်မှတ်ကာ . .

"ရေမွှေးဆွတ်ဖို့တောင် မေ့လာသေးတာ"

ဟု ပြောနေသေး၏။ စိုးသူရကတော့ စားပွဲပေါ်က စားဖွယ်ရာ များကိုသာ အနံ့ခံလျက်တည်း။

"ကိုစိုး . . စားလေ"

"စားမှာ"

"ကိုစိုး . . ဖြည်းဖြည်းလေ။ နင်နေဦးမယ်"

ဘဲတင်တို့ အငမ်းမရ စားနေ၊ ဝါးနေသည့် စိုးသူရကိုကြည့်ကာ သူဇာက စိုးရိမ်စွာပြော၏။





တကယ်တော့ သူဇာသည် စိုးသူရကို ချစ်ရှာ၏။ စိုးသူရ၏ စကားမြစ်ထဲမှာ လက်ပစ်ကူးရင်း ချစ်နေမိသူပင်။

စိုးသူရကို အမြဲကျွေးမွေးသည်။ စိုးသူရကလည်း မွှေးချက်နှင့် အညီ ကျင့်သုံးလေ၏။

"သူဇာလည်း စားလေ"

"ဟင့်အင်း . . ။ ကိုစိုးစားနေတာမြင်ရင် သူဇာဝတ်သလိုပဲ။ ကိုစိုးပဲစား"

"ပဲတော့ မစားဘူး။ ဘဲတော့ ကြိုက်တယ်။ ဘဲကင်ဆို ပိုကြိုက်။ ရော့ကွာ . . စားဦး"

ပြောရင်းပင် ဘဲကင်တစ်ဖတ် သူဇာ့ပါးစပ်ထဲ ခွံ့ပေးလိုက်၏။ သူဇာက အလိုက်သင့် ပါးစပ်လေးဟပေးသည်။

ချစ်သူကိုလည်း ရွှန်းရွှန်းလဲ့လဲ့ကြည့်လေ၏။ ကလေးမ နာတော့ မည်။

စိုးသူရလုပ်ပုံ ကြည့်ဦး . . ။

"သူဇာ . . စားလေ . . ။ ကောင်းတယ်"

ဟု ပြောရင်း ခွံ့ကျွေးတာက တစ်ဖတ်။ သူဝါးတာက တစ် ပန်းကန်။

ဘာပဲဖြစ်ဖြစ် ခင်သူဇာပျော်နေသည်။ ချစ်သူအပါးမှာထိုင် ရင်း၊ ချစ်သူစားတာကြည့်ရင်း ကျေနပ်သည့်ကလေး . . ။ တော်ပေါ့ . . ။

***



www.burmeseclassic.com

www.burmeseclassic.com

## ၄

ပန်းခြံထဲတွင် ပန်းရောင်စုံတို့ ဝေဆာလှပစွာ ရှိနေကြသည်။ ပန်းပင်များထက်မှာ လိပ်ပြာလေးများ ဝဲပျံနေကြသည်။

ပန်းခြံအနီးတွင်တော့ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ ရပ်လျက် တီးတိုးစကားဆိုနေကြသည်။

ကောင်လေးက နေမင်းလှိုင်။

ကောင်မလေးက ပပဝင်းကြင်။

ပပဝင်းကြင်ဆို၍ မင်းသမီးမပပဝင်းခင်၏ညီမလား မထင်လိုက်ကြပါနှင့်။ ဘာမှမဆိုင်. . ။ သူမ၏မိခင်က ဒေါ်ဝင်းသူဇာ (စက်မှု ၁ အရောင်းဆိုင်မဟုတ်) နှင့် ဖခင်က ဦးကြင်ဖြစ်သည်။

သူ့ကိုမွေးတော့ လပြည့်ည။ လမင်းကြီးက ဝင်းပနေသည်။ သည်တော့ သူ့ဖခင် ဦးကြင်က လက်တန်းဗေဒင်တွက်၍ နာမည်ပေးလိုက်သည်။

'ပပဝင်းကြင်'. . တဲ့။

"လမင်းကြီးလို ဝင်းပ။ မိခင်နာမည် ဝင်းလည်းပါ။ ငါ့နာမည် ကြင်လည်းပါ။ အိုကေ. . "





ဤသို့တွေးကာ ပေးလိုက်သည့်နာမည်ပါ။

ပပဝင်းကြင်က လှသည်။ သို့သော် ပိန်သည်။ ပိန်တာကိုပင် နေမင်းလှိုင်က ကြံဖန်ချီးမွမ်းသည်။

"ပိန်တာဟာ မော်ဒယ်အလှလေ။ စင်မြင့်ပေါ်မှာ တွေ့တယ် မဟုတ်လား။ မော်ဒယ်ပိန်လေးတွေ နေရာယူထားကြတာ။ ဝတုံသူတွေ တက်လျှောက်ကြည့်ပါလား။ စင်ကျိုးကျမယ်။ ဟင်း. . "

"ကြင့်မျက်နှာလေးက ပိန်လေလှလေဗျ"

ပြောပုံက ပိန်အောင်ပဲ ထမင်းအငတ်ခံနေရတော့မလိုလို။

ဘာပဲဖြစ်ဖြစ် သည်အပြောလေးတွေမှာပဲ ပပဝင်းကြင်တို့ မျော နေကြရပါသည်။

"ကြင်. . "

"ရှင်. . "

"ပန်းခြံထဲ မဝင်ပါနဲ့လားကွာ"

"ဘာဖြစ်လို့. . "

"ပန်းပွင့်လေးတွေ ငိုမှာစိုးလို့"

"အို. . ဘာလို့ ငိုရမှာလဲ"

"ကြင့်အလှကိုမြင်ရင် သူတို့ ကြေကွဲကြရလိမ့်မယ်"

"ဘာလို့. . "

"ပန်းလေးတွေက ကြင့်အလှကိုကြည့်ပြီး ကြေကွဲမယ်။ ညည်းကြမယ်။ တို့ကိုယ်တို့ လှနေပြီထင်တာ။ အဲဒီကောင်မလေးနဲ့ကျမှ နှုပ်ပစ်ခံရပြီလို့ ဆိုကြလိမ့်မယ်"

"ကြင်လည်း နှုပ်မည္ဒစ်ရပါလား"

"ကြင့်အလှက သူတို့ထက်သာတာကို ပြောတာ။ ကြေကွဲဝမ်းနည်းစကား ဆိုကြမှာကို ပြောတာ"

"ပန်းက ကြေကွဲမယ်. . ။ စကားဆိုမယ်. . ။ ဟုတ်. . "

"ဟုတ်. . ။ ကြင့်အလှကိုမြင်တော့ သူတို့သက်ပြင်းချမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ့်ကိုယ် အဆုံးစီရင်ကြလိမ့်မယ်"

"အဆုံးကို အရင်စီရင်မှာလား။ အစကို အရင်မစီရင်ဘူးလား"

ပပဝင်းကြိုင်က ပြောင်ချော်ချော်မေးသည်။ ပြုံးနေလိုက်သည် မှာလည်း သွားတွေအအေးပတ်လုပြီ။ သူပျော်နေပါ၏။ သူ့ကို ချစ်သူက ပန်းပွင့်လေးများထက် လှပါသည်ဟု အပြတ်ရှိုးနေသည် မဟုတ်လား။

"ဟိုမှာ တွေ့လား. . ။ ပန်းပွင့်လေးတချို့တောင် ကြင့်အလှကို မကြည့်ဝံ့လို့ မြေခါ၊ ကြွေကျ အဆုံးစီရင်ကြပြီလေ"

နေမင်းလှိုင်က မြေမှာကြွေကျနေသည့် ပန်းလေးများကို လက်ညှိုးညွှန်ပြနေ၏။

"ဟင့်. . ဟင့်. . ဟုတ်ပါရဲ့။ ကြင်သနားတယ်"

ပပဝင်းကြိုင်က မျက်နှာလေးညိုတိုညိုတိုလုပ်၍ ပြော၏။ နေမင်းလှိုင်က မျက်လုံးပြူး၍ မေးသည်။

"ဘယ်သူ့သနားတာလဲ"

"ပန်းလေးတွေကို သနားတာ။ ဟုတ်တယ်။ သူတို့ ကြင့်ကို မြင်တာနဲ့ မြေခကြွေကျနေကြရပြီ"

"ဟုတ်ဘဲနဲ့"

"ဟုတ်တယ်. . ကို။ ဒါတောင် ကြင်ပန်းခြံထဲမဝင်ရသေးဘူး။ ကြင်သာ ပန်းခြံထဲဝင်လိုက်ရင်လေ. . "

"ဘာဖြစ်မလဲ"

"တစ်ခြံလုံး ကြွေကုန်မယ်ထင်တယ် အစ်ကို"

'ငါ့ထက်တောင် ပိုနေပြီဟ'

ဟု နေမင်းလှိုင်က ကျိတ်တွေးရင်း ပြောဖြစ်သည်ကား. .

"ဟုတ်တယ် ကြင်။ ပန်းပွင့်လေးတွေကို ကြင်သနားပါ။ ကြင့် အလှကို လျှော့လိုက်ပါ"

"ဘယ်လိုလျှော့ရမှာလဲလို့"

"ထမင်းပိုစား။ အားဆေးသောက်"





"ဝလာမှာပေါ့"

"ဝလာမှ အလှပျက်မှာပေါ့"

"ဒါဆို ကိုက မုန်းသွားမှာပေါ့"

"မုန်းဘူး"

"ကိုမမုန်းလည်း ကြင်ထမင်းပိုစားလို့တော့ ဖြစ်မှာမဟုတ်ဘူး"

"ဟင်. . ဘာဖြစ်လို့"

"အိမ်မှာ ကြင့်အစ်မက ခပ်ပျင်းပျင်းရယ်။ သူထမင်းထပ်ချက် ရမှာကြောက်တိုင်း ခွဲတမ်းနဲ့ကျွေးတာ။ ညနေစာဆို ထမင်းတစ်ပန်းကန် ပဲ စားရတာ"

"ထပ်ယူချင်ရင်. . "

"မရဘူး. . ကို။ ဆန်ဈေးကြီးတယ်၊ လျှော့စား၊ ထပ်တည်ရ အောင် မီးက လာတာမဟုတ်ဘူးလို့ အမြဲပြောတယ်"

"သူရော လျှော့စားသလား"

"ဟင့်အင်း. . သူကတော့ ပါးဖြိုးဖြိုးဖြိုးစားတာ"

"ချစ်ဖို့ကောင်းတဲ့ အစ်မပဲ။ ချစ်ချင်လိုက်တာ"

"ဘာပြောတယ်. . "

"ကြင့်အစ်မကို ခင်ချင်တယ် ပြောတာပါ"

"အစ်မက ကြင့်လောက်မလှပါဘူး ကိုရယ်။ ဒါနဲ့ ကိုကို မေးရ ဦးမယ်"

"မေး. . "

"ကြင် တကယ်ပဲ သိပ်လှနေလားဟင်"

"ဘာလို့မေးရတာလဲ"

"အိမ်က ပန်းပင်တွေလည်း ပန်းပွင့်တွေ ကြွေကြွေကျနေလို့ လေ"

"ဟုတ်တယ်. . ။ ကြင့်အလှဒဏ်ကို သူတို့မခံနိုင်ကြဘူး။ ဒီ တော့ ကြင် ဒီလိုလုပ်. . "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ရမှာလဲ"

"မဂိုမလေးတွေလို ခေါင်းမြီးခြုံထား"

"အင်းနော်. . ။ ပန်းပွင့်လေးတွေကို ငဲ့ညှာပြီး ခေါင်းမြီးခြုံသင့်ခြုံရမှာပဲ"

ပပဝင်းကြင်က ခေါင်းလေးတညိတ်ညိတ်နှင့်လုပ်ရင်း သနားနေဟန်ရှိသည်။ အနားက နေမင်းလှိုင်ကလည်း အမြောက်တွေ၊ မော်တာတွေ စုပြုံပစ်သည်။

"ကြင့်အလှက အကြည့်ခံတယ်။ ကြည့်လေ. . လှလေပဲ"

"ရှတ်. ."

ပြောလည်းပြော၊ ပါးလေးကိုလည်း ရှတ်ခနဲနမ်းလိုက်သည်။ နမ်းပြီး ဆက်ရှိုးသည်။

"အားပါး. . မွှေးလိုက်တာကွာ။ ကြင့်ပါးကိုနမ်းပြီး ဘယ်ပန်း၊ ဘယ်ရေမွှေးကိုနမ်းနမ်း မွှေးမှာမဟုတ်တော့ဘူး"

"ပိုပြီ"

"ပိုဘူး ကြင်။ ဖြစ်နိုင်ရင် ကြင့်ပါးလေးကို ဖွဲ့ယူထားချင်တယ်။ အမြဲပဲ မွှေးမွှေးပေးနေချင်တယ်"

"ရှတ်. ."

လုပ်ချလိုက်ပြန်ပြီ။ ညာတာပါတေးနှင့် နှစ်ဂိုးရှတ်လိုက်ချေပြီ။ ပပဝင်းကြင်ကတော့ အဟုတ်မှတ်လို့ ပါးကလေးကိုပွတ်ကာ ပြုံးလို့။

ထိုနေ့က နေမင်းလှိုင်တစ်ယောက်တည်း ဆယ်ဂိုးဂိုးမရှိဖြင့်နိုင်သွားချေ၏။

ပန်းခြံထဲလည်း မဝင်ဖြစ်တော့။ ပပဝင်းကြင်က ပန်းပွင့်လေးများကို သနား၍ မဝင်တော့ပါတဲ့။

သြော်. . ကလေးမလည်း နေမင်းလှိုင်၏ စကားမြစ်ထဲ မျောသွားခဲ့ချေပြီတကား။

***



## ‹၅›

ရော်ရွက်တွေ အခါခါကြွေခဲ့ပြီ။

မိုးစက်လေးတွေလည်း တဖွဲဖွဲသက်ခဲ့ပြီ။

ငွေနှင်းမှုန်လေးတွေလည်း အခါခါလွှမ်းခြုံသွားခဲ့ပြီ။

ရာသီဥတုဘယ်လိုပြောင်းပေမယ့် နေမင်းလှိုင်၏ နှလုံးသားကတော့ ပြောင်းမသွားပါ။

မောင်နေမင်းလှိုင်မှသည် ဦးနေမင်းလှိုင်ဖြစ်သည်အထိ မိန်းမများကို စကားမြစ်ထဲ မျှောပစ်ဖို့ တွေးတုန်း။

ဆိုးတော့ မဆိုးပါ။

သူ့စိတ်ကူးနှင့် သူ့အကြံကို သူ့ဘာသာသူ အကောင်အထည်ဖော်နိုင်စွမ်းခဲ့သည်။

စင်စစ် သူ့ဇနီး ကေသွယ်အေးကျော်သည် ချမ်းသာသူမိဘများမှ ပေါက်ဖွားလာရသူလေးပီပီ သွေးကြီးသည်။ မာနကြီးသည်။ ကြော့ကြော့မော့မော့လေး နေတတ်သည်။

ဘယ်ယောက်ျားလေးကိုမှ အထင်မကြီးခဲ့။

ဘွဲ့ရပညာတတ်မိန်းမတစ်ဦးလည်း ဖြစ်၏။ စီးပွားရေးဘွဲ့ ယူ



www.burmeseclassic.com

www.burmeseclassic.com



ထားသူပီပီ အိမ်က စီးပွားရေးလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်သည်။

ကေသွယ်အေးကြော့၏ဖခင်က ပုံနှိပ်စက်လုပ်ငန်း ထောင်ထားသည်။

ကေသွယ်အေးကြော့သည်လည်း ပုံနှိပ်စက်သံများကြားမှာ ကြီးပြင်းလာရသူပီပီ ပုံနှိပ်စက်အကြောင်း နားလည်သည်။

စာအုပ်ရိုက်နှိပ်ထုတ်ဝေခြင်းလုပ်ငန်းကို ရင်းနှီးသည်။ မိတ်ဆွေတော့ မဖြစ်သေး။

နေမင်းလှိုင်က စာရေးသည်။ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ထုတ်သည်။ ကိုယ်တိုင်တော့ မပြုတ်သေး။

သူ့အရေးက ညက်သည်။ သွက်သည်။ ဆယ့်ခြောက်နှစ်မလေးများ ကြိုက်သည်။

သူ့အတွေးနှင့် သူ့အရေးက နုသည်။ ရွသည်။ လှပသည်။ အမျိုးသမီးများ အသည်းစွဲကြသည်။

စွဲမှာပေါ့. . ။ သူ့ဝတ္ထုထဲမှာ အချစ်တွေလှိုင်လှိုင်ရေး၍ အလှတွေကို ပေါပေါသုံးခဲ့သည်။ သူ့ဝတ္ထုဇာတ်ကောင်မင်းသမီးသည် ကားထည်လဲစီး၍ ရှော့ပင်းနေ့တိုင်းဆင်းသည်။

ဒီဇိုင်းလှလှအမြဲဝတ်၍ လက်သည်း နီ၊ ပြာ၊ ဝါ၊ နက် အကုန်ဆိုးသည်။ နှုတ်ခမ်းနီလည်း ရောင်စုံဆိုး၏။

ကောင်လေးများကို မကြောက်ဘဲ သူတို့ကပင် နောက်တတ်၏။

သူ့ဝတ္ထုထဲမှာ ကောင်မလေးက ကောင်လေးကို ပြောနေပုံကြည့်ဦး. . ။

"မိုးမြင့်. . နင့်ကို အဲဒီနာမည် ဘယ်သူပေးထားတာလဲ"

"ဖေဖေပေးထားတာ"

"ဘာအဓိပ္ပာယ်လဲ"

"ငါ့ကို မိုးအထိမြင့်မားစေချင်တဲ့ အဓိပ္ပာယ်တဲ့"

"ဒါပဲလား။ မိုးထိမြင့်ရင် အအေးပတ်မှာ ထည့်မတွေးဘူးလား"





"ဟေအေး. ."

"နမိုးနီးယားဖြစ်မှာ မကြောက်ဘူးလား"

"ဟေအေး. ."

"လိမ့်ကျရင် ပိုနာတတ်တယ်ဆိုတာရော နင့်အဖေမသိဘူးလား"

"ဟေအေး. ."

မိုးမြင့်က ဟေအေးချည်းလုပ်နေတယ်။ ရည်ရည်မွန်က လျှာလေးတစ်လစ်ထုတ်ပြီး ဆက်မေးတယ်။

"ဟဲ့. . ဟေအေး။ နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်"

"နင်မငယ်တော့ဘူး"

"နင် ဘယ်လိုသိလဲ"

"ကြည့်သောသူ မြင်၏တဲ့။ နင့်ကို ငါက ကြည့်နေတော့ မြင်တာပေါ့"

ရည်ရည်မွန်စကားကြောင့် မိုးမြင့်ကိုယ်လေး ယို့ခနဲဖြစ်သွားလေရဲ့။ ဒူးနှစ်လုံးကိုလည်း ပူးကပ်ထိုင်လိုက်တယ်။

ရှက်ပြီ. . မိုးမြင့်ရှက်နေပြီ။ ရည်ရည်မွန်ကတော့ အေးဆေးပဲ။

ကြက်ကြော်ကို ကောက်ဝါးရင်း မိုးမြင့်ကို စေ့စေ့ကြည့်တယ်။ မေးခွန်းထုတ်တယ်။

"နင့်မှာ ရည်းစားရှိလား"

"ဟေအေး. ."

"လုံးဝမရှိခဲ့တာလား"

"ဟေအေး. ."

"ကျွတ်. . ညံ့လိုက်တာ။ အင်တာနက်ခေတ်မှာ နင်နောက်ကျန်နေခဲ့ပြီ။ မီရာအချစ်ကားနဲ့လိုက်ပြီး ရည်းစားထားပေတော့"

"ငါ့မှာ ဂျစ်ကားမှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကားပါဟာ"

"ရုပ်ရှင်လား"

"ကျွတ်. . ညှံ့လိုက်တာ။ အချစ်ကွန်တိန်နာကားနဲ့ လိုက်ခိုင်းတာ"

"မလွယ်ပါဘူးဟာ"

"လွယ်လွယ်လေးပါဟာ။ နင်ကြိုက်တဲ့ ကောင်မလေးတစ်ယောက်ကို စကားရောဖောရော စကားတွေပြော၊ လှတာတွေ အမွှမ်းတင်၊ ကြေးအိုးတိုက်၊ ကြက်ကြော်ကျွေး၊ ကားဂိတ်လိုက်ပို့ ကိုယ်ရံတော်တပ်မှူးလေး လုပ်ပေါ့"

ရည်ရည်မွန်စကားကြောင့် မိုးမြင့်နှာခေါင်းလေးရှုံ့တယ်။

"နင့်ဟာ မကိုက်ပါဘူးဟာ။ အချိန်လည်းကုန်၊ ငွေလည်းကုန်။ ငွေကုန်သက်သာမယ့်နည်း မရှိဘူးလား"

မိုးမြင့်စကားကြောင့် ရည်ရည်မွန်စဉ်းစားတယ်။ နောက်. . သွက်သွက်ပြန်ပြောတယ်။

"မရှိဘူးဟ။ ဒါ. . ပုံသေနည်းပဲ။ အချစ်တစ်ခုရဖို့ လေကြောင်းချည်းအားကိုးလို့ မရဘူး။ ရေကြောင်းနဲ့လည်း လိုက်ရတယ်။ ကုန်းကြောင်းလိုက်လည်း ခရီးမပေါက်ဘူး"

"တော်ပါပြီဟာ။ ရည်းစားတစ်ယောက်ရဖို့ ရင်းရမှာ မနည်းဘူး"

"ဟဲ့. . ဒီလောက်တော့ ရင်းရမှာပေါ့။ နင့်အရင်း နည်းချင်ရင် ဒစ်စကောင့်ချထားတဲ့ အချစ်ကိုရှာ"

"ဒစ်စကောင့်ချတဲ့အချစ်. ."

"အေးလေ. . ။ တစ်ပတ်ရစ်အချစ်၊ အိုပယ်အချစ်ကို ရှာ။ ဒါဆို နင်မကုန်ရဘူး"

ရည်ရည်မွန်စကားကြောင့် မိုးမြင့်မျက်လုံးတွေ လင်းလက်လာတယ်။ ငွေမကုန်မယ့် အချစ်ကို သူစိတ်ဝင်စားသွားတယ်။ အားတက်





သရောမေးတယ်။

"ဟဲ့. . တစ်ပတ်ရစ်အချစ်က ဘယ်မှာရမလဲ"

"ငါ့မှာရှိတယ်"

"မနောက်နဲ့. . ။ နင့်မှ ငါမကြိုက်တာ"

"နင်မကြိုက်တာ အဆိုးမဆိုပါဘူး။ ငါ့ရည်းစားက ငါ့ကိုပစ်သွားပြီဟ"

"ဘာဖြစ်လို့လဲ"

"အစားပုတ်လို့၊ ဆရာမကြီး လုပ်လွန်းလို့တဲ့"

"နင်ကလည်း ဟုတ်တာပဲ"

"မဟုတ်နဲ့ မိုးမြင့်။ အစားပုတ်တာ ငါ့မွေးရာပါပြဿနာပဲ။ ဆရာမကြီးလုပ်ချင်တာလည်း ဗီဇပဲဟ။ နင့်ကို ငါကူညီရမလား"

"ဘာလဲ. ."

"ငါ့အချစ်တွေကို ဒစ်စကောင့်ချထားတယ်။ နင် အောက်ဈေးနဲ့ ဝယ်လိုက်ပါလား"

"ဝယ်ချင်ပါဘူး။ အစားပုတ်ကြီး. ."

"မိုးမြင့်. . နင်မှားနေပြီ။ လောကမှာ အချစ်ထက်စွမ်းဆောင်နိုင်သောအရာသည် မရှိတဲ့။ နင်သာ ငါ့ကိုချစ်မယ်ဆို ငါအစားလျှော့စားမယ်။ ဆရာမကြီး မလုပ်တော့ဘူး။ နင်ပြောသမျှ ဟုတ်. . ဟုတ်. . ဟုတ်နဲ့ ခေါင်းညိတ်မယ်"

ရည်ရည်မွန်စကားကြောင့် မိုးမြင့်တွေသွားတယ်။ ရည်ရည်မွန်ကိုကြည့်ရင်း စကားတစ်ခွန်းပြောတယ်။

"ငါစဉ်းစားဦးမယ်ဟာ"

ကဲ. . နေမင်းလှိုင်ဝတ္ထုများက အဲဒီလိုမျိုးချည်းဖြစ်သည်။ ကောင်လေးတွေ၊ ကောင်မလေးတွေအကြိုက် ရေးထားသည်။ ထို့ကြောင့်လည်း ရောင်းစွံနေ၏။

သူများတွေ ဝတ္ထုစာအုပ် အုပ်ရေတစ်ထောင်ပင် မကုန်ချင်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ သူက စာအုပ်နှစ်ထောင်ကုန်၏။

သူ့စာအုပ်များကို ကေသွယ်အေးကြော့တို့ပုံနှိပ်တိုက်မှာ ပုံနှိပ်သည်။ စာအုပ်ထွက်တိုင်း လက်မှတ်ထိုး၍ လက်ဆောင်ပေးလေ့ရှိသည်။

"လူငယ်တွေအတွက် အဆိပ်အတောက်တွေပါလား။ ဒီစာရေးဆရာတော့ ဝေဖန်ဦးမှ"

ဤသို့ကြံ၍ နေမင်းလှိုင်ကို ထမင်းစားဖိတ်သည်။

"ဆရာ. ."

"ဗျာ. ."

"ဆရာ့ကြည့်ရတာ သိပ်အားပုံမရဘူး။ အလုပ်ကို ရှုပ်လို့နော်"

"အေးဗျာ. .။ ရေးရတာတစ်ဖက်၊ ပုံနှိပ်ထုတ်ဝေတာ တစ်ဖက်နဲ့ဆိုတော့ မအားရပါဘူး"

"ဆရာအားတဲ့နေ့ အိမ်ကို ထမင်းစားကြွပါလား"

"နေပါစေဗျာ။ အားနာစရာ. ."

"တကယ်ပါ. .။ ကိုယ့်ပုံနှိပ်တိုက်မှာ လုပ်ငန်းအပ်နေတဲ့ ဆရာဆိုတော့ ဧည့်ဝတ်ပြုချင်လို့ပါ"

"ဒါဆိုလည်း ဖြစ်ပါတယ်။ ဘယ်နေ့လာခဲ့ရမှာလဲ"

"ဆရာအားတဲ့နေ့"

"ဒီနေ့အားတယ်။ ဟဲ. . ဟဲ. ."

"ချက်ချင်းတော့ မဖြစ်ဘူး။ စီစဉ်ရဦးမှာ။ မနက်ဖြန်ညနေစာ စီစဉ်ထားမယ်လေ"

"အိုကေဗျာ. . အိုကေ"

***



< ၆ >

ထမင်းဝိုင်းလေးတစ်ဝိုင်း. .။

စားချင့်စဖွယ် စိုပြည်လှသည်။ ဟင်းအမယ်တွေကလည်း စုံလှသည်။

ထမင်းဝိုင်းမှာတော့ နေမင်းလှိုင်တစ်ယောက်တည်း။

ကေသွယ်အေးကြော့ဖေဖေနှင့်မေမေက မစားကြသေး။ တီဗီကြည့်ကောင်းတုန်း။

"ဦးနဲ့ ဒေါ်ဒေါ်တို့ပါ တစ်ခါတည်းစားကြပါလား"

"မောင်နေမင်းလှိုင်. . စား။ ဦးတို့က ညဉ့်နက်မှ စားတာ"

"စားကွယ့်. . အားမနာနဲ့။ သမီးရဲ့လက်ရာက ကောင်းတယ်။ မင်းကို ကျွေးချင်လို့ ဖွယ်ဖွယ်ရာရာလေး ချက်ထားတာ။ အဒေါ်တို့က နောက်မှစားတော့မယ်"

ကေသွယ်အေးကြော့၏ ဖခင်နှင့်မိခင်က သဘောကောင်းသည်။ အားနာမှာစိုး၍လား မသိ။ နောက်မှစားမည်ချည်း ပြောနေကြသည်။ တကယ်လည်း တီဗီကြည့်နေကြသည်။

ထမင်းစားခန်းထဲမှာတော့ အိမ်ဖော်အဒေါ်ကြီးရယ်၊ ကေသွယ်



www.burmeseclassic.com

www.burmeseclassic.com



အေးကြော့ရယ်၊ သူရယ်. . ။

"ထည့်စား ဆရာ. . ။ အားမနာနဲ့။ စားလည်းစား၊ နားလည်း ထောင်ပေါ့"

"မကေသွယ်က သီချင်းဆိုမှာမို့လား"

"ဝေဖန်မလို့ပါရှင်. . ။ ဆရာ့စာတွေကို ဝေဖန်ချင်လို့ ထမင်းဖိတ်ကျွေးတာ"

"အန်. . "

"မအန်ပါနဲ့ ဆရာ။ ထမင်း၊ ဟင်းတွေ နှမြောပါတယ်။ ဖြည်းဖြည်းစားရင်း နားထောင်ပါနော်"

"စားပြီးမှ ပြောပါလားဗျာ။ ထမင်းနင်နေရင် ဘယ့်နှယ်လုပ်မလဲ"

"အဲဒီလောက်တော့ ဆိုးမယ်မထင်ပါဘူး။ အပြုသဘော ဝေဖန်မှာပါ"

"ရပါတယ်ဗျာ. . ဝေဖန်ပါ. . ဝေဖန်ပါ. . ။ ဝေဖန်တယ်ဆိုကတည်းက စေတနာရှိလို့၊ ကောင်းစေလိုလို့၊ မေတ္တာသက်ဝင် ချစ်ခင်သူမို့လို့ဆိုတာ ကျွန်ုပ်သဘောပေါက်ပါတယ်။ ကဲ. . ဝေဖန်ဗျာ။ စားပြီနော်"

နေမင်းလှိုင်ကား စိတ်ချရ၏။ အစားဆို လက်မနှေး။ ဒီလို ကျွေးမွေး၍ ဝေဖန်တာမျိုးကတော့ ဝေဖန်ပါစေ။

စာပေအသိုင်းအဝန်းက ဝေဖန်ရေးဆရာများဆို ကိုယ်တိုက်သည့်လက်ဖက်ရည်ကို သောက်ပြီး ကိုယ့်ကိုဝေဖန်သွားကြသေးသည်ပဲ။

ထိုအထဲမှာ ဆရာဖြိုးထိန်အဆိုးဆုံး။ လက်ဖက်ရည်ကို နှစ်ခွက်ဆင့်သောက်ရတာကိုမှ အားမနာ။ မျက်မှန်ကြီးပင့်၍ ဝေဖန်လိုက်တာမှ ရစရာမရှိ။

"ဆရာတိုက်တဲ့ လက်ဖက်ရည်သောက်ပြီး ဆရာ့ကို ဝေဖန်ရမှာတော့ အားနာပါတယ်။ နည်းနည်းနဲ့ လျှော့လျှော့ပေါ့ပေါ့ပဲ ဝေဖန်ပါရစေ"





"ဝေဖန်ဗျာ. . ဝေဖန်"

"ဆရာ့ဝတ္ထုတွေက ပညာပေးမပါဘူး"

"ဘာတွေပါနေလို့လဲ"

"တဏှာအားပေးတွေ များနေသလားလို့"

"ဒါကတော့ ဆရာက အဲဒီစိတ်နဲ့ဖတ်လို့ ဖြစ်ပါလိမ့်မယ်။ အချစ်ဆိုတာ တဏှာမဟုတ်ဘူး ဆရာရဲ့"

"ဒါဖြင့် ဘာလဲ"

"အချစ်ဆိုတာ မေတ္တာစိတ်ပဲ"

"ဟုတ်ပဲနဲ့"

"ဟုတ်ပါ့ဆရာရယ်. . သိပ်ဟုတ်။ ချစ်တယ်ဆိုတာ မေတ္တာရှိမှ ချစ်လို့ရတာ"

"မေတ္တာမရှိဘဲ ချစ်ရင်. . "

"ယာယီကြေးစားအချစ်မျိုးပဲ ဖြစ်မယ်။ ကွန်ဒုံးတော့ ဆောင်ပေါ့ ဆရာ။ အဲဒါမှ တဏှာချစ်"

"ဘာလဲကွ"

တဏှာချစ်ကို ဆရာချစ်(သူ့ရဲ့သမိန်)က သူ့ခေါ်တယ်မှတ်၍ လှမ်းထူးသည်။ လက်ထဲက ဟန်းဖုန်းဆက်တာတော့ မပျက်။

"ဆရာမပါဘူး။ ဖုန်းဆက်မှာ ဆက်ပြီးဆက်နေပါ ဆရာ။ ဒါဟာ ဆရာ့စတိုင်လ်ပဲ"

ဆရာချစ်က ဘာမှမပြော။ ဟန်းဖုန်းဆက်မြဲ။ ဖြိုးထိန်လည်း ဆက်မဝေဖန်။ ဆက်ဝေဖန်လျှင် လက်ဖက်ရည်တော်ကိန်းကျမည်ဆိုတာ သိနေ၏။

နေမင်းလှိုင်ကလည်း သူ့ကို လက်ဖက်ရည်ဖြတ်တော့မည့်ဟန်နှင့် ကြည့်နေပြီ။

နေမင်းလှိုင်ကား ဝေဖန်ရေးဆရာ ဖြိုးထိန်ကိုသာ ဤသို့ကြည့်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကျွေးဝေဖန်မည့် ကေသွယ်အေးကြော့ကိုတော့ ဤသို့မကြည့်။ ထမင်းစားရင်း၊ ကြက်ကြော်လေးဝါးရင်း သူကပင် ဖိတ်ခေါ်နေသေးသည်။

"ဝေဖန်လေ ကေသွယ်. . ။ ဝေဖန်တယ်ဆိုတာ စေတနာရှိလို့ရင်ထဲက မေတ္တာနဲ့ ဝေဖန်တာပဲလေ။ ကျွန်တော်နားထောင်ပါ့မယ်"

တော်ပါပေသည်။ ဆရာဖြိုးထိန်တုန်းကတော့ လက်ဖက်ရည်ပဲ ဖြတ်တော့မလိုလို၊ ထပဲထိုးတော့မလိုလိုနှင့်။ ဒီမှာကျတော့ တစ်မျိုး။

ကေသွယ်အေးကြော့က ထမင်းဝိုင်းရှေ့ ကုလားထိုင်မှာ ဝင်ထိုင်ရင်း စကားစသည်။

"ကေသွယ့်အမြင်ပြောရရင် ဆရာ့စာတွေဟာ ဆားမပါတဲ့ဟင်းလို ဖြစ်နေသလားလို့"

"ပေါ့တယ်လို့ ပြောချင်တာလား"

"ဟင့်အင်း. . လေးနက်မှု အားနည်းတာ"

"နောက်ကော. ."

"အဆိပ်အတောက်တွေ များတယ်"

"ထင်လို့ပါ. . ။ တကယ်တော့ အားဆေးတွေပါ။ ချစ်အားတိုးဆေးတွေပါ"

"မဖြစ်နိုင်ဘူး. . ။ တဏှာအားတိုးဆေးပဲ ဖြစ်မယ်ထင်တယ်။ ဆရာ့စာကိုဖတ်ပြီး လူငယ်တွေ လက်တည့်စမ်းချင်ကြမယ်။ အချစ်ကို ခပ်ပေါ့ပေါ့ထားလာကြမယ်။ အချစ်ကို အထင်သေးမယ်။ အချစ်ကို ကစားစရာလို့ မြင်သွားကြမယ်"

ကေသွယ်အေးကြော့က ပြောနေသော်လည်း နေမင်းလှိုင်က ဘာမှပြန်မပြောတော့။ ပြောမလား. . ။ ကြက်ကြော်ဝါးနေသည့် ပါးစပ်ကြီးက အားမှမအားသေးသည်ပဲ။

'သူဘာပြောပြော၊ ဘာတွေဝေဖန်ဖန် တန်တယ်။ ဒီလိုမျိုး ခေါ်ကျွေးဝေဖန်လို့ကတော့ ဆယ်ခါပြန် ဝေဖန်ခံလိုက်ချင်သေး'





ဟုပင် စိတ်ထဲက တွေးနေသေး၏။ ပြုံးလည်းပြုံးဖြစ်သွား၏။ ဒါကိုမြင်သည့် ကေသွယ်အေးကြော့က မေးသည်။

"ဆရာ ဘာပြုံးတာလဲ"

"ကေသွယ့်ကို သဘောကျလို့"

"ရှင်. ."

"ဟို. . တကယ်ပြောတာပါ။ ကေသွယ်ပြောတာဆိုတာတွေဟာ တကယ့်ကို နားဝင်ချိုတယ်။ ဝေဖန်ရေးကို လေသံချိုချိုနဲ့ ဝေဖန်နိုင်တာ ကေသွယ်ပဲရှိတယ်။ ဆရာဖြိုးထိန်တို့နဲ့ ကွာပါ့"

"ဆရာ လှောင်တာလား"

"မလှောင်ပါဘူး ကေသွယ်။ ကျွန်တော့်ကိုဝေဖန်တဲ့ အသံတွေ မကြာမကြာ နာခံဖူးပါတယ်။ ကေသွယ့်လောက် နားဝင်ပီယံရှိတဲ့ ဝေဖန်သံမျိုး မကြားဖူးသေးဘူး။ ဆက်ဝေဖန်ပါ ကေသွယ်။ ကျွန်တော်လည်း ဆက်ဝါးရင်း နားထောင်ပါ့မယ်"

ပြောရင်း ကြက်ကြော်တစ်တုံး ကောက်ဝါးနေပြန်၏။ သူ့ကိုကြည့်၍ ကေသွယ်အေးကြော့ခမျာ ဆက်ဝေဖန်ရနိုး၊ မဝေဖန်ရနိုး ဖြစ်နေ၏။ ဆက်ဝေဖန်နေလျှင် ကြက်ကြော်တွေပြုတ်ပြုတ်ပြုန်းသွားနိုင်၏။

'ဘယ်လိုလူကြီးပါလိမ့်။ အရည်ထူကြီးပါလား'

ဟု တွေးရင်း ဆိတ်ဆိတ်နေကာ နေမင်းလှိုင်ဝါးတာကိုသာ ကြည့်ရင်း ရင်မောနေ၏။

'ဒုက္ခပါပဲ. . ။ ဒီနှုန်းနဲ့ ဆက်စားနေရင် ငါတို့ဖို့ ကြက်ကြော်ကျန်ဖွယ်ရာ ရှိပါ့မလား'

ကျိတ်တွေးနေသော ကေသွယ့်ကိုကြည့်၍ နေမင်းလှိုင်က အာလုတ်သံကြီးဖြင့် မေးသည်။

"ကေသွယ် စိတ်ပူနေပြီလား"

"ရှင်. . အဲ. . မဟုတ်. ."

"မပူပါနဲ့ ကေသွယ်ရယ်။ ကိုယ်စိတ်မဆိုးပါဘူး။ ဒီလိုစားနေရ



www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ ပြောချင်တာပြော။ စိတ်ဆိုးတတ်ဘူး။ စိတ်ဆိုးမှာ မပူနဲ့။ ဆက်ပြော”

“ဟုတ်ကဲ့ . . ဟို . . တော်တော့လေ။ ထမင်းစားပြီးမှ ဆက်ပြောမယ်”

“အင်း . . စားကောင်းလိုက်တာဗျာ။ ဒါ . . ကေသွယ့်လက်ရာတွေလား။ တော်တယ်ဗျာ . . ။ မိန်းမယူရင် ဒီလိုဟင်းချက်ကောင်းတဲ့ မိန်းမ ရှာယူရမယ်။ ဒါနဲ့ ကေသွယ့်မှာ ချစ်သူရှိလား”

နေမင်းလှိုင်စကားကြောင့် အိမ်ဖော်အဒေါ်ကြီးက မဲ့ပြီး တိုးတိုးပြော၏။

“ဘာမှလည်းမဆိုင်ဘူး။ ငါချက်ထားတာကိုများ နှာပိုးထပြီး လျှောက်ပြောနေတယ်”

ကေသွယ်အေးကြော့ကတော့ မျက်နှာပူစွာ ခေါင်းငုံ့သွားသည်။ ခေါင်းမဖော်ရဲတော့။ ရှက်နေသည်။

‘ချစ်ခြင်းအစ ရှက်ခြင်းက’ . . တဲ့လေ။

ကေသွယ်ရှက်တာ အဲဒီလိုမျိုးလား။

‘ဟင့်အင်း . . မဖြစ်နိုင်ပါဘူး။ ငါ့မှာ မာနရှိတယ်။ ငါ့မာနကို သူနဲ့ကျမှ ခဝါချရမှာလား။ သင်းကို နှင်ထုတ်မှ။ ဟင်းတွေလည်း ကုန်တော့မယ်’

ကေသွယ်က သူ့အကြံနှင့်သူ ရေသန့်ဘူးထဲမှ ရေတစ်ခွက်ငှဲ၍ နေမင်းလှိုင်ရှေ့ ချပေးလိုက်သည်။

စားတာ ရပ်။ ရေသောက်တော့ပေါ့။

နေမင်းလှိုင်က ရေခွက်ကိုမကြည့်။ ကြက်ကြော်များကိုသာ ကြည့်နေသည်။

“ဆရာ . . ကြက်ကြော်စားရင် သတိထားနော်။ ကြက်ငှက်တုပ်ကွေးတွေ ကမ္ဘာနဲ့အဝှမ်း ဖြစ်နေတယ်ကြားတယ်”

“မြန်မာကြက်တွေက မာပါတယ်။ မပူပါနဲ့ . . ။ ရဲရဲစား . . ။





ဘာမှမဖြစ်ဘူး”

ကြက်ငှက်တုပ်ကွေးနှင့်လည်း ခြောက်မရ။ ဝေဖန်တာလည်း နားပုံမပေါ်၍ ကေသွယ်အေးကြော့စိတ်ညစ်သွားသည်။ ဘာမှမပြောဘဲ စားပါစေတော့ဟု သဘောပိုက်ကာ မေးထောက်ကြည့်နေမိတော့သည်။

အကြည့် . . ။

အကြည့်သည် မြင်မှုနေခြင်းသက်သက်ဖြစ်၏။

ရိုးရိုးကြည့်၊ သာမန်ကြည့်လျှင် ဘာမှမဖြစ်။

သို့သော် . .

တစ်ခါတစ်ရံမှာ အကြည့်လေးတစ်ချက်က တစ်သက်အရေးပါသွားတတ်သည်။

ယခု ကေသွယ်အေးကြော့က နေမင်းလှိုင်ကို ကြည့်နေပါပြီ။

နေမင်းလှိုင်က ကြက်ကြော်ကိုက်နေရာမှ မော့ကြည့်ပြီး အကြည့်ချင်းဆုံတော့ ရင်ခုန်ဟန်မပြဘဲ ကြက်ကြော်ကိုသာ မြှောက်ပြသည်။ စားပါဦးလားပေါ့။

ပြီး . . အကြည့်ကို သေးချိတ်ပြီး ကြက်ကြော်ကို ပါးစပ်ထဲသွင်းနေ၏။

ကေသွယ်အေးကြော့ကတော့ ဒါကိုပဲကြည့်၍ ပြုံးနေသည်။

ထိုစဉ် . .

ကေသွယ်အေးကြော့၏ မျက်ဝန်းစောင့်အကြည့်နတ်ပုလေး ခုန်ထွက်လာ၏။

“အစ်မ . . ”

“ဘာတုံး”

“အဲဒီလူကြီးကို မကြည့်နဲ့”

“ကြည့်တော့ ဘာဖြစ်လဲ”

“အစ်မ မောသွားမယ်။ သူ့အကြောင်း ကျွန်တော်သိတယ်”

“သိရင် ပြောစမ်း”



www.burmeseclassic.com

www.burmeseclassic.com



"သူ့အကြည့်မာတ်က တစ်အားလျော့နေတယ်။ သူ့ထံက ကိုယ်စောင့်အကြည့်နတ်လည်း ထွက်စာတင်သွားပြီ။ အစ်မမောမယ်။ မကြည့်နဲ့။ သူက အကြည့်ကို ကြက်ကြော်လောက် မကြိုက်ဘူး"

"ဟင့်အင်းဟာ. . ။ ဘာပဲဖြစ်ဖြစ် ကြည့်မှာပဲ။ သူပြန်မကြည့်မချင်း သူ့ကိုစောင့်ကြည့်နေမယ်"

"ဒါဆို ဒီလိုလုပ်။ အခြားပန်းကန်တစ်ချပ်ချပ်ကို ချခွဲလိုက်"

အကြည့်နတ်ပုလေးက ဗဟုသုတရှိသလောက်နှင့် အကြံပေးနေ၏။

"ဟဲ့. . နှမြောစရာ။ တခြားနည်း ရှိပါတယ်။ ကြည့်နေ. . ။ သူကြည့်အောင် အစ်မလုပ်ပြမယ်"

ကေသွယ်အေးကြော့က ဆတ်ဆို ထ၍ ကြောင်အိမ်ဆီသွားကာ ကြောင်အိမ်ထဲမှ ကြက်ကြော်ပန်းကန်ကို ထုတ်လာ၏။

ပြီး. . လက်ထဲကိုင်ထားကာ နေမင်းလှိုင်ကို မချိုမချဉ်ကြည့်၏။

ဟုတ်ပါ့. . ။

နေမင်းလှိုင်က ကြက်ကြော်နှင့်မမကို စိုက်ကြည့်နေ၏။ ပန်းကန်လေးမြှောက်ပြီး ကိုယ်ဟန်ပြတော့ လိုက်ကြည့်၏။

ဒါကိုမြင်တဲ့ နတ်ပုလေးခမျာ စိတ်ညစ်ပြီး လက်ညှိုးထောင်ကိုယ်ယောင်ဖျောက်သွား၏။ တိုးတိုးကလေးလည်း ညည်းသွားသေး၏။

"နတ်စိတ်ညစ်တာ အဲဒါတွေပါတယ်"

***



## ⟨၇⟩

"နေမင်းလှိုင်. . မင်း သူ့ကို ချစ်နေပြီတဲ့လား"

"မင်းစဉ်းစားနော်။ သူက မင်းထက် စကားများတယ်။ ဆရာမကြီးစတိုင်လ်ပဲ။ မင်းကို သူက စကားမြစ်ထဲ ပြန်မျှောပစ်နေဦးမယ်"

နေမင်းလှိုင်တစ်ယောက် စာရေးစားပွဲမှာထိုင်ပြီး စာမရေးဘဲ ဘာတွေတွေးနေသည် မသိ။

ကိုယ့်ဖါ ကိုယ်ချီးပြီး မေးခွန်းတွေ ကိုယ့်ဘာသာထုတ်နေ၏။

တကယ်တော့ နေမင်းလှိုင်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် ညာနေခြင်းပါ။

တကယ်ဆို သူ့အသက်က မငယ်တော့။ သုံးဆယ်ကျော်ရောက်၍ သာယာဝတီဘက် နီးနေပြီ။ အိမ်ထောင်ပြုဖို့လည်း အချိန်သင့်နေပြီ။

သူ့မေမေဆို သားကို အိမ်ထောင်ပြုဖို့ မကြာမကြာနားချ၏။

"သားအိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား"

"မအားဘူး မေမေ။ လုံးချင်းတွေရေးရ၊ ထုတ်ရနဲ့ မအားပါဘူး မေမေရာ"

"ဟဲ့. . အိမ်ထောင်ပြုတာ အားမှပြုရတာ မဟုတ်ဘူး။ မအား



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြချင်ရင် ပြလို့ရတယ်"

"သားကတော့ အားမပဲ ပြတော့မယ်"

"သားက ဘယ်တော့အားမှာလဲ။ အမေ့မှာ စိတ်ကြိုက်ရွေးမ လောင်းလေးရှိတယ်။ သားကို ပြချင်တယ်"

"မကြည့်အားပါဘူး အမေရာ။ အဖေ့ကိုပဲ ခေါ်ပြလိုက်။ အဖေ အားနေတယ်"

နေမင်းလှိုင်စကားကြောင့် စာဖတ်နေသည့် ဖခင်ဦးလှိုင်ထွေး မှာ ဆတ်ဆိုဖြစ်သွားသည်။ အားရပါးရ ဝင်ပြောသည်။

"ဟေး . . ဟေး . . ကောင်းတာပဲ။ အဖေ အရင်လိုက်ကြည့် လိုက်မယ်။ အဆင်ပြေနိုင်ရင် မီးစိမ်းပြလိုက်မယ်"

"ကိုလှိုင်ထွေး . . "

"ဘာလဲကွ"

"ရှင်ဝင်မပါနဲ့။ ဒါ . . တော့်ပွဲမဟုတ်ဘူး"

"ငါက ကိုယ်စားလှယ်လေကွာ။ သားကိုယ်စား ကြည့်ပေးမှာ။ မင်းပြမှာ ဘယ်သူလဲ"

"တော့်အရာလား . . ။ ရှင်ကြည့်ချင်ရင် ကျုပ်ကိုကြည့်"

"အန် . . "

"ဘာအန်လဲ။ အခုတော့ အန်ချင်ပြီပေါ့။ အစကတော့ ဆီးဖြူ ဖန်ခါးဆို ငုံထားချင်ရဲ့ဆို"

"အဲဒါ သီချင်းဆိုတာပါကွာ"

"မရဘူး။ မငုံချင် နေ။ ထိုင်ကြည့်နေရင် ကျေနပ်ပြီ။ ကိုယ်ဟာန် ပြပေးရဦးမလား"

ဒေါ်မင်းမင်းက ကိုယ်ဟာန်ပြမယ်ချည်း လုပ်နေသဖြင့် မနည်း တောင်းပန်ထားရသည်။

မိဘများက ဤသို့နားချ၍ ကောင်မလေးထံ ခေါ်ပြသော် လည်း နေမင်းလှိုင်စိတ်မဝင်စားပါ။





ကောင်မလေးကိုပင် တိုးတိုးလေး ကျိတ်၍ တရားချပေးလိုက် သေး၏။

"ဟဲ့ . . နင့်ကို အိမ်က ယောက်ျားပေးစားမှာ ဘယ်သူနဲ့လဲ။ သိလား . . "

"သိဘူးလေ"

"ငါနဲ့ဟဲ့။ သိပလား"

"အိုး . . ပျော်စရာ"

"ဟဲ့ . . ရမ်းမပျော်နဲ့။ နင့်ကို သနားလို့ ငါတိုးတိုးပြောပြမယ်။ ဒီနားတိုး"

ကောင်မလေး တိုးလာ၏။ ပန်းခြံထဲက သူတို့နှစ်ဦးကို ကြည့်၍ လူကြီးများက အဆင်ပြေနေကြပြီထင်၏။ တပြုံးပြုံးဖြစ်နေကြသည်။

ဒေါ်မင်းမင်းကလည်း ပျော်လို့။ သူ့သားကို ကျိတ်ဆဲသေး၏။

"[illegible] . . ။ အစကတော့ မိုးလားကဲလား။ အားမှလေး ဘာလေးနဲ့။ အခုတော့ ခြံထဲမှာ တွတ်ထိုးနေလိုက်တာများ။ ဟွန်း . . "

ဒါက ဒေါ်မင်းမင်းအထင်ပါ။ ပန်းခြံထဲမှာ နေမင်းလှိုင်ပြော နေတာကို ကြားက ဖျားသွားမည်။ ပြောပုံက ကြည့် . . ။

"နင့်ကို ညီမလေးလိုခင်လို့ ပြောပြမှာ။ ရှက်လည်းရှက်တယ်။ ဘယ်သူ့မှ ပြန်မပြောနဲ့။ ကြားလား"

"ကြားတယ် . . ။ အမေ့ပဲပြောမယ်။ ပြော . . "

"ဟဲ့ . . အမေ့လည်း မပြောနဲ့။ ဘယ်သူ့မှမပြောဘူးလို့ ကတိ ပေးမှ ပြောမယ်"

"ကဲ . . မပြောဘူး။ ပြော . . "

ကလေးမက မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်နှင့် နားထောင်၏။ နေမင်းလှိုင်က တိုးတိုးလေးကပ်ပြောတယ်။

"နင် ငါ့ကိုမယူနဲ့။ ငါ့မှာ ရောဂါရှိတယ်"

"ဘာရောဂါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိတ်ချ်အိုင်ဗီပိုးရှိတယ်"

"အို. . ရှင်လူဆိုးပဲ"

"ကိုယ်မဆိုးဘူး။ ကြက်ဆိုးတာ"

"ရှင်. ."

"ဟုတ်တယ်. . ။ ကြက်သားစားမိလို့ ကြက်ဆီက ကူးတာ။ အတွေးမချောင်နဲ့ဦး။ ကြက်သားဟင်းစားပြီး ဖြစ်တာ"

ကောင်မလေး ငိုင်သွား၏။ ကြက်ဆီက အိတ်ချ်အိုင်ဗီကူးတာ ကြားဖူးသလိုလို၊ မကြားဖူးသလိုလို ဖြစ်နေ၍ တွေနေ၏။

ကောင်မလေးလည်း ခေတ်ပညာတတ်လေး။ တီဗီထဲမှာ HIV ပိုး မကူးစက်ဖို့ အဖော်ဆောင်ထားဖို့ ကွန်ဒုံးသုံးဖို့တွေ ပညာပေးဇာတ်လမ်းလေးတွေ ကြည့်နေရတော့ နားရည်ဝသည်။ အဖော်ဆိုတဲ့ ပုတ်သင်ညိုကြီးတောင် ပြေးမြင်မိသေး။

သို့သော် ကြက်သားစား၍ ကူးတာမျိုး မကြားဖူးဘူး။ ကြက်သားစားလျှင် ကြက်ငှက်တုပ်ကွေးပဲဖြစ်မည်ဟု တွေး၍ ရှင်းအောင်မေးသည်။

"ကြက်သားဟင်းစားလို့ ဖြစ်တာဆို ရောဂါရှိတဲ့ကြက် စားမိလို့ ကြက်တုပ်ကွေးပဲ ဖြစ်မှာပေါ့"

"ဟုတ်ဘူးဟ. . ။ ကွန်ဒုံးမသုံးတဲ့ ကြက်ဖသား စားမိလို့"

ကောင်မလေး ပိုငေါင်သွားသည်။ ကြက်တွေ ကွန်ဒုံးသုံး၊ မသုံး သူကောင်းကောင်းမသိ။ တီဗီထဲမှာလည်း မပါ။ ထပ်မေးရမှာလည်း ရှက်နေ၏။

သို့ဖြင့် ခေါင်းလေးငုံ့ကာ လျှောချ၏။

"အစ်ကိုကြီးစေတနာကို နားလည်ပါတယ်။ အစ်ကိုကြီးကို အစက လက်ခံလက်ထပ်ဖို့ မရည်ရွယ်ပါဘူး။ ခုတော့ သနားတယ်။ ဆက်ဆက်လက်ထပ်မယ်"

"ဟိုက်. ."





"ဟုတ်တယ်အစ်ကို. . ။ တီဗီထဲမှာလေ အိတ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ်ရောဂါရှင်တွေကို လျစ်လျူရှုမထားကြဘဲ နှစ်သိမ့်အားပေးရမယ်တဲ့။ ညီမလေး အစ်ကို့အနားက တစ်ဖဝါးမခွာ နှစ်သိမ့်အားပေးနေချင်တယ်"

"အားမပေးနဲ့။ ကူးလိမ့်မယ်"

"ကူးပါဘူး။ တူတူအိပ်ဘူးလေ"

"ဘာ. ."

နေမင်းလှိုင် ယောင်အော်ပါသည်။ ထိုပေါက်ပြီး ဆုငွေမထုတ်ရမယ့် အဖြစ်မျိုး ဖြစ်နေမည်မဟုတ်လား။

သို့နှင့် ကောင်မလေးက မိဘများကို ပြောပြကာ အတင်းလက်ထပ်မယ်ချည်း လုပ်နေသဖြင့် နေမင်းလှိုင် မနည်းတောင်းပန်ထားရသည်။

မိဘနှစ်ပါးကိုလည်း အဖြစ်မှန် ဖွင့်အန်ရှင်းပြထားရသည်။ ဒါတောင် ဖခင်ဦးလှိုင်ထွေးက သိပ်မသက်ာချင်။ ဆေးစစ်မယ်ချည်း လုပ်နေ၏။

"ဟေ့ကောင်. . သွေးသွားစစ်။ မင်းကို သိပ်မယုံချင်တော့ဘူး"

"အဖေကလည်းဗျာ. . ။ ကိုယ့်သား ကိုယ်အထင်စမောလှချည်လား။ မလစ်ရင် ဘာမှမလုပ်ပါဘူးအဖေ"

"အေး. . ဒါကြောင့် စိတ်မချတာ။ မင်းက ငါ့ထက်ကဲမယ့်အကောင်"

"တော်နော်. . သားလေးကို မှိုချိုးမျှစ်ချိုး။ သားကဲတယ်ထားဦး။ ဖအေမကောင်းလို့ ဖြစ်တာ။ သားသမီးမကောင်း ဖခင်ခေါင်းတဲ့"

"မိဘခေါင်းပါကွာ. . ။ မင်းလည်း ပါပါတယ်"

"ဒီကိစ္စမျိုးကျတော့ ကျွန်မ မပါဘူး။ အဲဒါ ဖခင်သီးသန့်ကိစ္စ။ ဟုတ်တယ်ဟုတ်"

မိဘနှစ်ပါးအငြင်းပွားရအောင်လည်း ပြဿနာက ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တီဗီထဲကဇာတ်လမ်းကို အားနာပြီးသာ အနားမှ တစ်ဖဝါးမခွာ နှစ်သိမ့်အားပေးမယ် လုပ်ခြင်းဖြစ်၏။

လက်တွေ့မှာတော့ မကြာခင် လင်နောက်လိုက်ပြေးတော့၏။

HIV ကိုကြီးနှင့် ဝေး၊ အေးရော သဘောထားသွားပုံရသည်။

နေမင်းလှိုင်ကတော့ နဂိုကတည်းက စိတ်မဝင်စားသဖြင့် ပျော်နေသည်။

'ဟင်း. . ဟင်း. . ကောင်မလေးတော့ ငါ့ရဲ့စကားမြစ်ထဲ မျှောပြီး လင်နောက်လိုက်ပြေးပြီ။ ငါတယ်တော်ပါလား။

အင်း. . ကေသွယ်အေးကြော့ကိုရော ဘယ်လို စကားမြစ်ထဲ မျှောရမှာလဲ။ သူက စကားပိုတတ်တယ်။ ဆရာမကြီးဂိုက် အပြည့်ပဲ။ ဟိ. . ချစ်ဖို့တော့ ကောင်းသား။ ငါ သူ့ကိုချစ်နေပြီလား'

နေမင်းလှိုင်တစ်ယောက် ဘောလ်ပင်ကိုင် စာမရေးဘဲ အတွေးများနှင့် မျောနေ၏။

နောက်ဆုံးမှာတော့ ရေးလက်စဝတ္ထုကို ဆက်မရေးဘဲ ရင်တွင်းဖြစ်စကားလုံးတချို့ကိုသာ စာရွက်ပေါ်မှာ ရေးချလိုက်တော့လေ၏။

*ကေသွယ့်ကို ငါချစ်တယ်*

*တကယ်ချစ်တယ်*

*အဟုတ်ချစ်. . အမှန်အကန်ကို ချစ်တာဗျ။*

*အကြံအဖန် မပါဘူးရယ်။*

*သူ့ကို ငါ့ရဲ့စကားမြစ်ထဲ မျောစေမယ်။ ပြီးမှ ဆယ်ယူမယ်။*

*ဒါမှမတုတ်. .*

*သူ့ရဲ့စကားမြစ်ထဲ ငါကိုယ်တိုင်ခုန်ချလိုက်တော့မယ်။*

*ဘာပဲဖြစ်ဖြစ်. .*

*သူ့အချစ်ကို ရဖို့ပဲ။*

*ချစ်တယ်. . ချစ်တယ်. . သိပ်ချစ်တယ်။*

*သိပ်ချစ်တာပဲ ကေသွယ်ရယ်။*

***



< ၈ >

**ထို့**နောက် တစ်နှစ်ခန့်ကြာသော် နေမင်းလှိုင်တစ်ယောက် အိမ်ထောင်ကျသွားသည်။

ကေသွယ်အေးကြော့နှင့်ပါပဲ။

သူတို့နှစ်ဦးလုံးက တစ်ယောက်နှင့်တစ်ယောက် တကယ်ချစ်ကြပါသည်။

ကတိသစ္စာတွေလည်း ပြုထားကြ၏။

"ကေသွယ်. . "

"ပြောလေ ကို"

"ကိုယ့်ကို ချစ်တယ်နော်"

"ကလေးပဲ ရတော့မယ်"

"ချစ်ရင် ကတိတစ်ခုပေးကွာ"

"ဘာလဲ. . ။ ဘာကတိလဲ"

"ကေသွယ် ကိုယ့်ကို အိမ်မှာ နိုင်းချင်ရာနိုင်း၊ နိုင်ချင်သလိုနိုင်"

"အင်းလေ. . ။ မယူခင်ကတည်းက နိုင်နေတာပဲ"

"အင်းပါ. . သိပါတယ်။ ကိုယ်ပြောချင်တာက ကိုယ့်ကို အပြင်

www.burmeseclassic.com



မှာတော့ ကြောက်ပေးဖို့ပါ"

"ဘာပြောတယ်. ."

"ဖြည်းဖြည်းအော်ပါကွာ။ တကယ်ကြောက်ခိုင်းတာမဟုတ်ဘူး။ ဟိုလေ. . ကိုယ့်တပည့်စာရေးဆရာတွေ၊ ရေးဖော်စာရေးဆရာတွေ၊ စာဖတ်ပရိသတ်တွေရှေ့မှာ ကိုယ့်ကို ကြောက်ချင်ယောင်၊ ဒုတ္ထာယောင်ဆောင်ပေးပါကွာ"

"ဆောင်ရင်. ."

"ကိုယ်သိက္ခာရှိတာပေါ့"

"သိက္ခာရှိတော့. ."

"ကေသွယ့်ကို ပိုချစ်တာပေါ့"

"ပြီးရော. .။ လုပ်ပေးမယ်။ ဒါပေမဲ့ အပေးအယူတော့ လုပ်ရမယ်"

"လုပ်မယ်လေ. .။ ဘာလဲ"

"အပြင်မှာ၊ လူရှေ့မှာ ကျွန်မက ကြောက်ချင်ယောင်ဆောင်ပေးပြီးတိုင်း အိမ်ကျ ဇက်ကြောအခါတစ်ရာ ဆွဲပေးရမယ်"

"ဖြစ်ပါတယ်ကွာ။ မပြောလည်း ဆွဲပေးနေတာပဲ"

"ဟင်း. . ဟင်း. . ပြောရင်းတောင် ဇက်ကြောက တက်ချင်လာပြီ။ အသံတောင် မပေးရဲဘူး။ လုပ်ပါဦး လေးငါးဆယ်ချက်လောက်"

"ရပါတယ်. . ရပါတယ်"

နေမင်းလှိုင်က ဖြိုးဖြိုးဖြိုးနှင့် ကေသွယ်အေးကြော့ကို နှိပ်ပေးနေပါ၏။ ထပ်ဆင့် ကတိလည်း တောင်းနေသေးသည်။

"ကေသွယ်. ."

"ရှင်. ."

"မောင့်ကို ချစ်လား"

"အပိုမပြောနဲ့။ ဘာပြောမလို့လဲ"

"ဟိုလေ. . ပြောဖို့ ကျန်သွားလို့"





"ဘာလဲ. . ပြော"

"မောင့်မှာလေ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ မင်္ဂလာဆောင်တုန်းက လာသွားတာ မှတ်မိလား"

"အများကြီးပဲဟာ။ ဘယ်မှတ်မိမလဲ"

"ဟိုကွာ. . ရွှေနေကြီးမောင်မောင်ဦးနဲ့ ကျောက်ကုန်သည်ကြီးစိုးသူရကွာ။ မောင်မိတ်ဆက်ပေးတာလေ"

"အင်း. . အင်း. . မှတ်မိပြီ။ ဘာဖြစ်လဲ. . ပြော"

"သူတို့ရှေ့ကျရင် ကြော့က ကြောက်ချင်ယောင်၊ ဒုတ္ထာယောင်ပိုဆောင်ပေးပါနော်"

"ရပါတယ်။ ဒါဆိုရင် ဇက်ကြောတစ်ရာ၊ ကျောကုန်းကုတ်ပေးတာက တစ်ရာ။ ဖြစ်မလား"

"ဖြစ်တယ်. . ဖြစ်တယ်"

နေမင်းလှိုင်၏ စကားမြစ်ထဲမှာ ကေသွယ်အေးကြော့ မျော၊ မမျောတော့ မသိ။

နေမင်းလှိုင်ကတော့ ကေသွယ်အေးကြော့၏ မာယာမြစ်တွင်းမှာ တဇာလှေလေးကိုမှီတွယ်ရင်း ယက်ကန်ယက်ကန်ဖြစ်နေပါပြီလေ။

ဘာပဲဖြစ်ဖြစ် သူ့သူငယ်ချင်းနှစ်ယောက်ကလည်း မိန်းမကိုယ်စီရပြီး မိန်းမနိုင်ကြောင်းတွေ ပြောလည်းပြော၊ မင်္ဂလာဆောင်လာတုန်းကလည်း လက်တွေ့ပြသသွားကြသည်မို့ သူမခံချင်ခဲ့ပါချေ။

တကယ်တော့. .

ဤသို့ဖြစ်ဖို့. .

ရွှေနေကြီးမောင်မောင်ဦးသည်လည်းကောင်း. .

ကျောက်ကုန်သည်ကြီးစိုးသူရသည်လည်းကောင်း. .

သူတို့မိန်းမများနှင့် အပေးအယူများ လုပ်ထားကြသည်ကို နေမင်းလှိုင်သာ သိခဲ့ပါလျှင်. .

***



www.burmeseclassic.com

www.burmeseclassic.com

## ‹၉›

တကယ်တော့ သူတို့သူငယ်ချင်းသုံးယောက်သည် ကျောင်းပြီးသွားတော့ လုပ်ငန်းခွင်ကိုယ်စီဝင်ရင်း လူချင်းကွဲသွားကြရသည်။

မခွဲချင်ကြသော်လည်း ခွဲခွာကြခါနီး ကတိသစ္စာတွေ ပြုခဲ့ကြသေး၏။

မှတ်မိပါသေးသည်။ နောက်ဆုံးနှစ်ဖြေပြီးကြတော့ သူတို့သုံးယောက်လုံး ခေါင်းချင်းဆိုင် သစ္စာပြုကြ၏။

"ကဲ. . တို့သုံးယောက် အချိန်တန်လို့ အိမ်ပြန်ကြရတော့မှာမို့ မှာစရာရှိတာတွေ မှာကြမယ်"

နေမင်းလှိုင်က ဆရာကြီးလုပ်၍ ပြောခြင်းပါ။ အားလုံးကတော့ နေမင်းလှိုင်ကို မော့ကြည့်နေကြသည်။ ဘာပြောမလဲ နားစွင့်နေကြ၏။

"တို့တစ်တွေ ကျောင်းပြီးပြီမို့ မလွှဲသာ ခွဲခွာကြရတော့မယ်။ မခွဲခင် ငါမှာခဲ့ချင်တယ်"

နေမင်းလှိုင်က စစ်ထွက်မည့်တပ်မှူးကြီးလို ပြောနေ၏။ ကျန်နှစ်ယောက်ကတော့ နားလေးစွင့်လို့။

"မင်းတို့နားထောင်"





"ထောင်နေတယ်။ ပြောကွာ"

"နားကြီးထောင်နေတာ မင်းမမြင်ဘူးလား"

စိတ်မရှည်သဖြင့် ဘုတောကြ၏။ ထိုမှပင် နေမင်းလှိုင်က လိုရင်းကို ပြောသည်။

"ဟေး. . ပြောချင်တာကတော့ တို့တစ်တွေ ဘယ်ရောက်ရောက် တို့ရဲ့မူငါးချက်ကို လက်ကိုင်ထားကြဖို့ပဲ"

"ဒါတော့ စိတ်ချပါ။ ဟဲ. . ဟဲ. . ရောက်ရာအရပ်မှာ ရှိတဲ့မိန်းမတွေကို လျှောက်လဲချက်အမျိုးမျိုးပေးပြီး စကားမြစ်ထဲ ဆွဲချမယ်ကွ"

မောင်မောင်ဦးက ရှေ့နေလုပ်မည့်သူပီပီ ဆွဲချဖို့ ကြံနေ၏။

သူသည်လည်း တကယ်ပင် ဥပဒေအကြံပေးလုပ်၍ နယ်ပြောင်းသွားရသည်။ နယ်မှာပင် မိန်းမရသွားသည်။

သူ့မိန်းမက ကျောင်းဆရာမဖြစ်သည်။ အမည်နာမကား မြမြလှိုင်တည်း။

ဆရာမတော့ ဆရာမပါပဲ။ စာရေးဆရာမ မြမြလှိုင်မဟုတ်၊ ကျောင်းဆရာမ မြမြလှိုင်ဖြစ်၏။

ဘာမြမြလှိုင်ပဲဖြစ်ဖြစ် စကားများတာကတော့ သေချာသည်။

စာရေးဆရာမ မြမြလှိုင်က ပုသည်။ မျက်လုံးလေးက ရွှေသမင်ပြူး ပြူးသည်။ ဆံပင်ကို နှစ်ထုံးထုံး၍ ခေါင်းပေါ်တင်ထားသည်မှာ ဆတ်ချိုပေါက်ခါစကလေးနှင့် တူသေးတော့၏။ ဒါက စာရေးဆရာမ မြမြလှိုင်ပါ။

မောင်မောင်ဦးမိန်းမ မြမြလှိုင်က ကျောင်းဆရာမပါ။

အရပ်မြင့်မြင့်၊ ခပ်ချောချောဖြစ်ပါ၏။

စကားများများ၊ အစားလည်း စားလှသူပါ။ မောင်မောင်ဦး အစားနည်းသလောက် သူက အစားပုပ်သည်။ အအိပ်ကြီးသည်။

အလျှော်အဖွတ်မတော်၊ အချက်အပြုတ်မကောင်း၊ အိမ်ထောင်ထိန်းသိမ်းမှုညံ့သည်မှလွဲ၍ ကျန်တာ အကုန်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောထားသည်လေ. . ။ အရပ်မြင့်မြင့်၊ ခပ်ချောချောပါဟု။

သည်မိန်းမကိုရဖို့ ရှေ့နေကလေးမောင်မောင်ဦးတို့ အတော့်ကို ကြိုးစားခဲ့ရသည်။

မြမြလှိုင်က ပုသိမ်သူဖြစ်၏။ မောင်မောင်ဦးကလည်း အလုပ်တာဝန်အရ ပုသိမ်မှာသွားနေရသည်။ ပုသိမ်မှာတွေ့၍ ပုသိမ်မှာကြိုက်ကာ ပုသိမ်မှာပဲ ညားသွားကြ၏။

သူတို့ဖူးစာဆုံကြပုံကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြပါမည်။ ယခု သူငယ်ချင်းသုံးယောက် ကျောင်းပြီး၍ ခွဲခွာခါနီး နှုတ်ဆက်သစ္စာပြုကြပုံကိုသာ ဆက်လက်ဖော်ပြပါအံ့။

"ဟေ့ကောင် နေမင်းလှိုင်. . ။ မင်းက တို့ကိုချည်း ပြောနေတယ်။ မင်းကရော ဘယ်လိုလဲ"

စိုးသူရ ပြောခြင်းပါ။ နေမင်းလှိုင်က မခိုးမခန့်ပြုံးသည်။ ပြီး. . ဟန်ပါပါနှင့် ပြောသည်။

"ဟင်း. . ဟင်း. . မင်းတို့ မြဲမြဲမှတ်ထား။ နေမင်းလှိုင်ဆိုတဲ့ကောင်က မိန်းမတွေကို ကဗျာတစ်ပုဒ်လောက် တန်ဖိုးထားတဲ့ကောင် မဟုတ်ဘူး။ ငါ့ကိုရတဲ့မိန်းမဟာ ငါ့စကားမြစ်အောက်မှာ ပြားပြားမှောက်နေစေရမယ်။ အချိန်တန်ရင် မင်းတို့တွေ့မှာပါ"

"သိပ်အပြောမကြီးပါနဲ့ ဟကောင်။ ဟိုက မပြားဘဲ မင်းပြားနေမှ ခက်မယ်"

စိုးသူရက စိုးရိမ်သံဖြင့် ပြော၏။ နေမင်းလှိုင်က ဟက်ခနဲရယ်လိုက်ပြီးမှ ဆက်ပြောသည်။

"ဟဲ. . ဟဲ. . နဂိုပြားလည်း ပိုပြားသွားအောင် ဖိနှိပ်ပေးလိုက်မှာပေါ့ကွာ"

"ဇက်ကြောလား"

မောင်မောင်ဦး ဝင်လှောင်၏။ နေမင်းလှိုင်က သူ့မျက်နှာကို ရှေ့တိုးကာ. .





"ဒီရုပ်လား ဇက်ကြောနှိပ်မယ့်ရုပ်။ နှိပ်ချင်းနှိပ် မိန်းမကပဲ ငါ့ကိုနှိပ်ပေးရစေ့မယ်"

ဟု ပြောရင်း ကောက်ကာငင်ကာ ကဗျာတစ်ပုဒ်ရွတ်ပြမည် ဟု ဆိုလေ၏။

"မင်းတို့ နားထောင်. . ။ မိန်းမတွေအကြောင်း ငါကဗျာစပ်ထားတယ်။ ရွတ်ပြမယ်"

"ရွတ်ကွာ"

"ရွတ်မယ်. . ။ မိန်းမတို့သဘော၊ မြစ်ရေကြောတဲ့၊ မိန်းမမာယာ၊ မြစ်ပမာတဲ့၊ ပြဿနာစကား၊ ဘယ်သူထားခဲ့. . "

"သိမလားကွ"

မောင်မောင်ဦးအသံ။

"ဟေ့ကောင်. . ဝင်မဖောက်နဲ့။ ဆက်နားထောင်. . ။ ဘယ်သူထားထား၊ ထိုစကားကြောင့်၊ သနားမညှာ၊ မကညာကို၊ အရာမသွင်း၊ လည်ကိုနင်း၍၊ မြစ်တွင်းမှောပစ်ကြစေသတည်း. . "

"ကောင်းတယ်. . စိတ်ညစ်ဖို့"

မောင်မောင်ဦးက အားရပါးရဝင်ပြော၏။ စိုးသူရကတော့ စပ်ဖြဲဖြဲဖြင့်. .

"မိန်းမတစ်ယောက်အပေါ် အဲဒီလောက်ကြီးတော့ ငါလုပ်ရဲမယ် မထင်ပါဘူးကွာ"

ဟု ပြောရာ မောင်မောင်ဦးက. .

"အေး. . မလုပ်နဲ့။ ဒါ. . လူသတ်မှုပဲကွ။ လူသတ်ပြီး အလောင်းကို မြစ်ထဲချ ဖျောက်ဖျက်တာပဲ။ ရာဇဝတ်မှုကြီးကွ"

ရှေ့နေလုပ်မည့်သူပီပီ ဥပဒေနှင့် ဆွဲတွေးနေ၏။ ကဗျာရှင်မှာတော့ ဟပ်ကော့ကြီးဖြစ်လို့။ နေမင်းလှိုင်က သူ့ကဗျာကို ထောက်ခံမှု မရလို့ ခေါင်းကုတ်နေတုန်းမှာပဲ မောင်မောင်ဦးက ထရပ်လေ၏။

လက်ဖက်ရည်ဆိုင်ထဲမှာဆိုတော့ ကြောင်သလိုလိုရှိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ပုံမပေါ်ဘဲ စားပွဲကို လက်ထောက်ပြီး ပြောလေ၏။

စိုးသူရကိုကြည့်၍ ပြောခြင်းပင်။

"ရုံးမင်းခင်ဗျာ. ."

"ဗျာ. ."

"မထူးရဘူးလေ။ ရုံးမင်းဆိုတာ စတိုင်လ်နဲ့ နားထောင်နေ"

"ပြီးရော. .။ ပြန်ပြော"

"ရုံးမင်းခင်ဗျား. ."

"ပြော"

"မပြောရဘူးလေ။ ပါးစပ်ပိတ် နားထောင်နေ"

စိုးသူရက ရုံးမင်းစတိုင်လ်ဖြင့် ခေါင်းညိတ်ပြ၏။

"ရုံးမင်းခင်ဗျား. ."

စိုးသူရက ငြိမ်၍နားထောင်နေသည်။

"အခု ရုံးတော်ရှေ့မှောက်မှာရှိတဲ့ တရားခံနေမင်းလှိုင်ဟာ မိန်းကလေးတစ်ဦးကို သနားညှာတာခြင်းကင်းစွာ လည်ကိုနင်းသတ်ပြီး အလောင်းကို မြစ်ထဲပစ်ချ ဖျောက်ဖျက်ဖို့ ကြိုးစားခဲ့ပါတယ်"

"ရုံးမင်း ယုံသလား"

ဝင်ပြောတာက နေမင်းလှိုင်။ ရုံးမင်း စိုးသူရက 'ရွှတ်' ဆို ပါးစပ်ကို လက်ညှိုးဖြင့်ပိတ်ပြ၏။ ခေါင်းအသာယမ်းပြ၏။

ဝင်မပြောနဲ့။ တိတ်တိတ်နေပေါ့။ ပြီး. . မောင်မောင်ဦးကို မျက်ရိပ်ပြ၏။ ဆက်ပြောပေါ့။

"အဟင်း. . ဟင်း. . တရားခံနေမင်းလှိုင်ဟာ လူသတ်မှုကို ကျူးလွန်၊ အလောင်းကို မြစ်ထဲမျှောချ၊ ဖျောက်ဖျက်ခဲ့ရုံမက ရုံးတော်ကို ပါ မထီလေးစားလုပ်တာ ရုံးမင်းအမြင်ဖြစ်ပါတယ်"

ယာယီရုံးမင်း စိုးသူရက ခေါင်းတဆတ်ဆတ်ညိတ်၏။ နေမင်း လှိုင်ကိုကြည့်ပြီး ဩဇာသံကြီးနှင့် မေးလိုက်၏။

"မောင်မင်း ဘာပြောချင်သလဲ"





"ဒါပြောချင်တယ်"

ဟု ဆိုကာ နေမင်းလှိုင်က လက်သီးထောင်ပြ၏။ မောင်မောင် ဦးက. .

"ဟော. . ဟော. . ရုံးမင်းကိုပါ ခြိမ်းခြောက်နေပါတယ်။ ဒီ တရားခံဟာ ပြစ်မှုထင်ရှားတဲ့အတွက် ထောင်ဒဏ်အနှစ်တစ်သိန်း ချ မှတ်ပေးဖို့ ရုံးတော်ကို ရိုသေစွာလျှောက်ထားအပ်ပါတယ်။ ဝမ်စွေ့. . ဝမ်စွေ့. . ဝမ်ဝမ်စွေ့. ."

တော်လိုက်တဲ့ ဆွဲချ။ ရုံးမင်းကိုတောင် လက်နှစ်ဖက်ယှက်ပြီး ဝမ်စွေ့လုပ်လိုက်သေး၏။

မောင်မောင်ဦး၏ အပြုအမူကိုကြည့်၍ ဘေးဝိုင်းမှ လူတစ်ဦး က သဘောကျနေသည်။ မနေနိုင်ဘဲ ထလာပြီး မေးသည်။

"ညီလေးက ရှေ့နေလား"

"အင်း. . နောက်နေ"

"ဘယ်လို. ."

"နောက်နေလေ. .။ ဥပဒေဘွဲ့ယူထားပြီး လောလောဆယ် ချိန်ဘာဆင်းရင်း ရှေ့နေနောက်က လိုက်ရမှာ။ အလုပ်သင်ရှေ့နေပေါ့"

"အမှုကြိုအပ်ချင်တယ်ကွယ်"

"ဟောဗျ. . ရှေ့နေမှ မဖြစ်သေးတာ"

"ရတယ်. .။ အမှုကလည်း မဖြစ်သေးပါဘူး။ မောင်ရင့်ကို သဘောကျလို့ ကြိုအပ်ထားချင်တာ"

"ဘာမှုလဲ"

"အမွေရလိုမှု"

"ဘယ်သူ့ဆီကလဲ"

"ယောက္ခမဆီက"

"ဟင်. . အဲဒါ သူ့သမီးနဲ့ပဲ ဆိုင်တယ်လေ"

"သိပါတယ်။ ဒါပေမဲ့ မောင်ရင်လျှောက်လဲဆွဲချတာ တော်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ယောက္ခမကို အမှုဆင်တရားစွဲမယ်။ မောင်ရင်က ထောင်ဒဏ်အနှစ်ဆယ်သိန်း ကျအောင်ပဲ အခုလိုပဲ လျှောက်လဲပေးရုံပဲ”

“သွားစမ်းပါဗျာ။ မကြံကောင်း မစည်ကောင်း။ ခုန လျှောက်လဲတာက ဒီကောင် မိန်းကလေးတစ်ယောက်ကို မညှာမတာသတ်ပြီး အလောင်းကို မြစ်ထဲမျှောချဖျောက်ဖျက်လို့ ကြီးလေးတဲ့ပြစ်ဒဏ် ကျခံစေဖို့ လျှောက်လဲရတာ။ ခင်ဗျားဟာက တရားဆင်မယ့် အမှုကြီး။ သွားစမ်းပါဗျာ”

မောင်မောင်ဦးက တကယ့်ရှေ့နေရုပ်နှင့် နှင်ထုတ်သဖြင့် ဟိုလူကြွတကြွတနှင့် ပြန်သွားထိုင်နေ၏။

ပြဿနာက ဒီလောက်နှင့် မပြီး။

သူတို့ပြောဆိုနေစဉ် ဝင်လာပြီး လက်ဖက်ရည်သောက်နေသည့် ခပ်ပိန်ပိန်လူတစ်ယောက်က သူတို့ဝိုင်း လာရပ်၏။

“ကိုယ်က ဆားပုလင်းကင်းကောင်ပါ”

ဟု မိတ်ဆက်၏။ မောင်မောင်ဦးက လျက်ဆားရောင်းမည်ထင်၍. .

“ကျွန်တော်တို့ လျက်ဆားပုလင်း မလိုပါဘူးခင်ဗျာ”

ဟု ပြန်ပြော၏။ ထိုလူက နေမင်းလှိုင်ကို လက်ညှိုးထိုးကာ မေး၏။

“ခုန လူသတ်၊ အလောင်းကိုမြစ်ထဲချခဲ့တယ်ဆိုတာ သူလား”

“ဟုတ်. . အယ်. . မဟုတ်. . ”

“ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဂါတ်ကျမှ ရှင်းကြဗျာ။ ဂါတ်ကို ခဏလိုက်ခဲ့ကြပါ”

ဘယ်လိုမှ ရှင်းပြတောင်းပန်၍ မရ။ ဆားပုလင်းကင်းကောင်ကား ဇွတ်။

သို့နှင့်. . ။

***



## ၁၀

ပုသိမ်ကမ်းခြေမှာ လေပြည်နှော့နှော့ ပြေးဆော့လို့နေပါသည်။

မောင်မောင်ဦးတစ်ယောက် ပုသိမ်ကမ်းခြေသို့ ခြေချမိသည်နှင့် နှလုံးသားမှာ သိမ့်ခနဲဖြစ်သွားရသည်။

ဖြစ်ဆို သင်္ဘောပေါ်မှအဆင်းတွင် လှပသော၊ ပြေပြစ်သောမျက်နှာပိုင်ရှင် မိန်းကလေးတစ်ဦးက ဘောတံတားထက်မှ သူ့ကို ပြုံးပြနေသည်။

သူမ၏အပြုံးလေးက နှလုံးအေးစရာပါ။ သွားတက်လေးများက ရမ္မက်မွေးဖွား ပြေးလွှားချင်စရာပါ။

ထိုအမျိုးသမီးသည် ရန်ကုန်မှဆိုက်ကပ်လာသော ရန်ကုန်-ပုသိမ် နှစ်ထပ်အမြန်ရေယာဉ် ဗန္ဓုလပေါ်မှ ဆင်းလာသည့် ခရီးသည်ကို လာရောက်ကြိုဆိုခြင်းဖြစ်ပါ၏။

မောင်မောင်ဦးကလည်း ရန်ကုန်မှနေ၍ တာဝန်ကျရာ ပုသိမ်သို့ ထိုသင်္ဘောဖြင့် ပါလာသည်။

သူ့ကိုကြိုမည့်သူမှာ သာအေးဖြစ်ပါလျက် ဘာကြောင့် မိန်းမလှကလေး ဖြစ်နေရပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



သာအေးသည် သူ့အရင် ရန်ကုန်တိုင်းရုံးမှ ပြောင်းသွားသော ရွှေဖတ်စာရေးလေးဖြစ်သည်။

ယနေ့ သူ့ကိုလာကြိုမည့်သူမှာ သာအေးဖြစ်ပါ၏။

‘ဒီအမျိုးသမီး ငါ့ကိုပြုံးပြတယ်။ ငါ့ကိုလာကြိုတာ နေမှာ။ သာအေးအစ်မများလား’

သို့ကလိုတွေးရင်း မောင်မောင်ဦးက အမျိုးသမီးကို ပြန်ပြုံးပြလိုက်သည်။

အမျိုးသမီးက အပြုံးချိုချို၊ အသံလွင်လွင်လေးဖြင့် ခေါ်၏။

“လာ. . လာ. . အစ်ကို။ ဒီသင်္ဘောနဲ့ ပါလာပါ့မလားလို့ စိတ်ပူနေတာ”

“ပါမယ်လို့ ဖုန်းဆက်ထားတာပဲ။ ပါမှာပေါ့။ သာအေးရော”

မောင်မောင်ဦးက ခပ်တည်တည်ပြောသည်။ အမျိုးသမီးက မျက်စောင်းထိုး၏။

မျက်စောင်းထိုးတာကလေးကို လှသည်ဟု ခံစားမိသော်လည်း ဘဝင်ကျစရာမဖြစ်၍ မျက်မှောင်ကြုတ်မိသည်။

ထိုအမျိုးသမီးက သူ့ကို ဒုတိယမ္ပိမျက်စောင်းထိုးရင်း သူ့ကိုကျော်ကာ လှမ်းခေါ်သည်။

“လာလေ အစ်ကို။ ပေး. . ပေး. . အိတ်ကြီးပေး”

ဟိုက်ကရော. . သူ့ကို ကြိုခြင်းမဟုတ်။ သူ့နောက်က အမျိုးသားကို ခေါ်ခြင်း၊ ပြုံးပြခြင်းတည်း။

“သေစမ်းဟ”

မောင်မောင်ဦး ကိုယ့်နဖူး ကိုယ်လက်ဝါးနှင့်ရိုက်လိုက်ချင်တော့သည်။ ရှက်လည်းရှက်သွား၏။ ရှက်ရှက်နှင့်ပဲ သူမကိုကြည့်မိပြန်သည်။

မျက်စောင်းတစ်ခု သူ့ဆီကျလာပြန်၏။ တတိယမျက်စောင်း။

“မျက်စောင်းသုံးချက်၊ ငါ့အိပ်မက်မှာ၊ နုညက်ပျော့ပျောင်း၊ နတ်ဖယောင်းလား၊ အသားမွတ်ဖြူ၊ ပုသိမ်သူက၊ ပြုံးပြဆိတ်ဆိတ်၊ ချစ်နိမိတ်





နှင့်၊ တိတ်တိတ်နွမ်းလျ၊ ချစ်လှိုင်းထအောင်၊ ချစ်ယောင်ပြပေး၊ ထွက်လို့ပြေးသည်၊ မောင်လေးဘာဆက်လုပ်ရမည်နည်း”

အရေးထဲ ကဗျာစပ်နေ၏။ အချပိုဒ်မှာ ကာရန်ကိုင့်၍ မောင်လေးဟု သုံးလိုက်၏။ ဟိ. . သူ့ကိုယ်သူ မောင်လေးတဲ့၊ ဟိုက မမကဖြင့် သူ့ထက်ပင်ငယ်ဦးမည်လားမသိ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်မမပုသိမ်သူ သီချင်းထဲမှာလည်း ‘မောင်လေးအရင်းလိုခင်မင်သူ’ လို့ ပါသည်ပဲမဟုတ်လား။ မောင်လေးအရင်းတော့ မဖြစ်ချင်။ ဘင်္ဂလားမောင်လေးသာ ဖြစ်လိုက်ချင်စမ်းပါဘိ။

ကဗျာရောဂါကား နေမင်းလှိုင်ထံမှ ကူးစက်ထားခြင်းဖြစ်၏။ နေမင်းလှိုင်တောင် အခု ကဗျာသိပ်မစပ်ဖြစ်တော့။ သူ့ဝတ္ထုတွေထဲမှာ ကဗျာသံတွေလှိုင်နေသည်ဟု ဝေဖန်ရေးဆရာဖြိုးထိန်က ဝေဖန်ထား၍ ဖြစ်သည်။

ကဗျာဆရာက ကဗျာမစပ်ဘဲ ရှေ့နေက ကဗျာကောက်စပ်နေသည်။ ကိုယ့်အလုပ် ကိုယ်မလုပ်။ လောလောဆယ် သူလုပ်ရမှာက သာအေးကိုရှာဖို့ဖြစ်သည်။

နောက်ကျနေသော သာအေးက သင်္ဘောကပ်ပြီးမှ ရောက်လာသည်။ ဘောတံတားထိပ်မှ ယောင်နနနှင့် ပါးစပ်က ပွစိပွစိလုပ်နေသော သူ့ဆရာကိုမြင်၍ မေးသည်။

“ဆရာ ဂါထာရွတ်နေတာလား။ မပူနဲ့။ ကျွန်တော်ရောက်လာပြီ။ ပေး. . ပေး. . ဆရာ့အိတ်တွေပေး”

သာအေး ဖားသလို၊ ယားသလို မျက်နှာချိုသွေးရင်း အိတ်များကိုဆွဲသည်။

မောင်မောင်ဦးက လက်က အိတ်ကိုလှမ်းပေးသော်လည်း မျက်စိက မမပုသိမ်သူဆီ ရောက်နေ၏။

ပုသိမ်သူ မမက ရင့်သည်။ သူ့ကို နောက်တစ်ကြော့ပြန်ကြည့်သည်။ မောင်မောင်ဦးပါးစပ်က ပွစိပွစိလုပ်နေတာမြင်တော့ သူ့ကိုကျိန်



www.burmeseclassic.com

www.burmeseclassic.com



ဆဲနေသည် ထင်၍လားမသိ။ လက်ဝါးထောင်ပြသွားသည်။

"ဟား. . လွတ်လပ်သူဖြစ်ကြောင်း သင်္ကေတပြသွားတယ်။ ဒါဆို သူလာကြိုတာ သူ့အစ်ကိုပဲ ဖြစ်ရမယ်။ ရုပ်ချင်းလည်းဆင်တယ်။ ဟုတ်ပြီ. . ။ မောင်လေးဘာဆက်လုပ်ရမယ်ဆိုတာ သိသွားပြီ"

"ဆရာဘာဆက်လုပ်ချင်လို့လဲ ဆရာ။ ဆရာလုပ်ရမှာက ကျွန်တော်နဲ့ အတူလိုက်ခဲ့ပြီး တိုက်ခန်းကို သွားဖို့ပဲလေ"

"မဟုတ်သေးဘူးကွ"

"ဟုတ်ပါတယ်ဆရာ။ ဒီအတိုင်း လုပ်ရမှာပါ"

"နေဦးကွ. . ။ မင်းကို ပြစရာရှိတယ်"

"အခန်းကျမှ ပြပါလား ဆရာရယ်။ လူကြားထဲ"

"ဟ. . အခုပြမှ ဖြစ်မှာ။ ဟိုမှာကြည့်စမ်း ပန်းရောင်ဝမ်းဆက်နဲ့ အမျိုးသမီး"

"မြင်တယ်။ အဲဒါ ကျောင်းဆရာမ ဒေါ်မြမြလှိုင်ပဲ"

"မင်း တယ်တော်ပါလား။ ဒါကြောင့် ငါတပည့်ဖြစ်နေတာ။ အပျိုလား"

"ဗျာ. . တပည့်က အပျိုဖြစ်မလား။ လူပျိုပဲ ဖြစ်မှာပေါ့။ ဆရာက နောက်နေပြီ"

"ငါနောက်နေတာ မဟုတ်ဘူး။ ရှေ့နေပါဟ။ မင်း လူပျိုမှန်း ငါသိပါတယ်။ ငါလည်း လူပျိုပါပဲ"

လူပျိုကြော်ငြာတွေ လှိုင်လှိုင်ထိုးနေကြ၏။ ထိုစဉ်မှာပင် မမပုသိမ်သူက လေးဘီးကားလေးနှင့် ထွက်ခွာစပြုနေပြီ။

"ဟ. . ဟ. . ကားပေါ်ပါသွားပြီ။ သူ. . သူက အပျိုလားဟင်"

"ဟုတ်တယ်. . ။ ရန်ကုန်က ပြန်လာတဲ့ သူ့အစ်ကိုကို လာကြိုတာ။ ဆရာဘာဖြစ်နေတာလဲ"

"ဘာဖြစ်မှန်း မသိပါဘူးကွာ။ နှလုံးသားထဲမှာ တုန်ခါနေသလိုပဲ"





"ဆေးခန်းတန်းသွားမလား"

"ငါ့ရောဂါကို ဆေးခန်းမှာကုလို့ မရဘူး။ မမပုသိမ်သူကိုယ်တိုင်ကုမှ ရမှာ"

"ဆရာ. . ရောက်ရောက်ချင်း အမူရှာနေပြီထင်တယ်"

"အေး. . ဟုတ်တယ်။ ငါ အမှုဖြစ်ချင်နေတယ်။ ပုဒ်မ ၁၅၀၀ နဲ့ အချစ်မှုကြီးကို ဖြစ်ချင်တာ"

"ရတယ်ဆရာ။ အဲဒီအမှုတွဲထဲ ကျွန်တော့်ပါ ထည့်လိုက်"

ဆရာ၊ တပည့်နှစ်ယောက် လိုရင်းမရောက်ဘဲ ပြဿနာရှာဖို့ ကြံနေစဉ်မှာပဲ မမပုသိမ်သူစီးသော အငှားကားလေး ထွက်သွားချေပြီ။

"သွားပြီကွာ. . ။ ဝေးပေါ့"

"မဝေးပါဘူးဆရာ။ ဆရာနေမယ့်တိုက်ခန်းနဲ့ အထက်အောက်ပဲ"

"ဘာပြောတယ်. ."

"အဲဒီဆရာမ နေတာ ဆရာအခုနေမယ့်တိုက်ခန်းရဲ့ အောက်ထပ်ပဲလေ။ ဟဲ. . ဟဲ. . ဆရာတို့တော့ စိုင်ကော်လို့ တိုက်ပေါ်ရောက်ပြီပေါ့"

"အဲဒါ စစ်မှန်တဲ့ဖူးစာကွ. . ဖူးစာ"

ဟိုက ဘာမှန်းမသိ။ သူက ဖူးစာလုပ်နေ၏။ ဒူးစာဖြစ်မှာတော့ ထည့်မတွေး။ ထိုဆရာမ၏ အစ်ကိုက ကရာတေးသမား ခါးပတ်နက်မှန်းသာ သိလျှင်တော့ ဆရာမောင်မောင်ဦးတို့ အပြောအဆိုဆင်ခြင်ဖွယ်ရှိ၏။

ယခုတော့. .

***

"ဆရာ ဘယ်လိုဖြစ်နေတာလဲ။ တစ်နေ့ လေးငါးခေါက်လောက် ဆင်းလိုက်၊ တက်လိုက်နဲ့ မညောင်းဘူးလား"

သာအေးပြောမည်ဆိုလည်း ပြောစရာပါ။ ရှေ့နေလေးမောင်မောင်ဦးသည် သူနေသည့် တတိယထပ်တိုက်ခန်းပေါ်မှာ တစ်နေ့လေး



www.burmeseclassic.com

www.burmeseclassic.com



ငါးခါ အဆင်းအတက်လုပ်၏။

ရိုးရိုးလုပ်ခြင်းမဟုတ်။ အကြံနှင့်ဖြစ်၏။

သူ့အောက်ထပ်မှာက ဆရာမမြမြလှိုင်ရှိသည်။ မနက်ဆို ၈ နာရီခွဲခန့် ကျောင်းသွားလေ့ရှိသည်။ ထိုအချိန်ကိုမှန်း၍ မောင်မောင်ဦး လှေကားပေါ် လမ်းသလားနေခြင်းပါ။

မောင်မောင်ဦးရောက်၍ တစ်ပတ်အတွင်းမှာတင် လှေကား၌ ငါးကြိမ်၊ လမ်းမှာ ခြောက်ကြိမ်ဆုံသည်။ ကျောင်းပြန်မှာ ခြောက်ကြိမ် ဆုံခြင်းပါ။

ဆရာမက ကျောင်းသွား၊ ကျောင်းပြန် ခြေကျင်သွား၏။ ဆယ့် ငါးမိနစ်ခန့် လျှောက်ရသောခရီးဖြစ်သည်။

မောင်မောင်ဦးက ၉ နာရီခွဲခန့်မှ ရုံးသွားရ၏။ မောင်မောင်ဦး ရုံးက ဆရာမမြမြလှိုင်ကျောင်းနှင့် ဆန့်ကျင်ဖက်အရပ်မှာဖြစ်သည်။ နည်းနည်းလှမ်းတော့ ဆိုက်ကားနှင့်သွားသည့်အခါ သွားရ၏။

ဆရာမပြန်ချိန်သည် မောင်မောင်ဦးရုံးမဆင်းရသေး။ သို့သော် ဆရာမပြန်ချိန်မှန်း၍ ရုံးကစောဆင်းခဲ့တာ များပြီ။

လမ်းမှာ ဆုံလည်းဆုံပါ၏။ ဆုံတိုင်းလည်း အကြည့်တွေရ၏။ မျက်စောင်းတော့ မထိုးတော့ပါ။

မောင်မောင်ဦး ရှေ့နေကြီးမှန်းသိသွားတော့ ဖြုံသွားတာလည်း ပါမည်။ မောင်မောင်ဦးကလည်း လည်ကတုံးရှပ်အင်္ကျီဖြူ တိုက်ပုံအနက်၊ ယောလုံချည်ထည်လဲဝတ်တော့ ခန့်ညားလှပါဘိ။

သည်လိုရှေ့နေစတိုင်လ်မျိုးကို ဘယ်သူက မျက်စောင်းထိုးဝံ့ ပါမည်နည်း။ မတော် တွေ့ရာပုဒ်မ ဆွဲတပ်၍ အမှုလုပ်လေသော် မခက် လော။

ဆရာမမြမြလှိုင်ကို အပျိုကြီးမှန်း သိလိုက်ပြီးကတည်းက မောင် မောင်ဦးမှာ ရောဂါတွေတိုးနေခဲ့သည်။

သဘော်ဆိပ်၌ လက်တန်းစပ်ခဲ့သည့် ရင်တွင်းဖြစ်ကဗျာလေး





ကို ဒိုင်ယာရီထဲမှာ ရေးထားသည်။ အပြန်ပြန်အလှန်လှန်လည်း ဖတ်ဖြစ် ခဲ့၏။ ကဗျာကို ခေါင်းစဉ်လေးပင် ပေးထားသည်။

**ချစ်မမပုသိမ်သူ**

မျက်စောင်းသုံးချက်၊ ငါ့အိပ်မက်မှာ
နှုတ်ပျော့ပျောင်း၊ နတ်ဖယောင်းလား
အသားမွတ်ဖြူ ပုသိမ်သူက
ပြုံးပြဆိတ်ဆိတ်၊ ချစ်နိမိတ်နှင့်
တိတ်တိတ်နွမ်းလျ၊ ချစ်လှိုင်းထအောင်
ချစ်ယောင်ပြပေး၊ ထွက်လို့ပြေးသည်
မောင်လေး ဘာဆက်လုပ်ရမည်နည်း. . ။

မောင်မောင်ဦး

သည်ကဗျာကို စာရွက်မှာရေး၍ မြမြလှိုင်၏အခန်းဝမှာ သွား ကပ်ထားဖို့ တွေးမိသေး၏။

‘မဖြစ်သေးပါဘူး။ ဒါ. . နို့တစ်စာမှ မဟုတ်တာ’

ဟု တွေးကာ အစီအစဉ်ကို ပယ်ချလိုက်ရသည်မှာ အမော။ ထိုကဗျာကို စာရွက်တစ်ရွက်တွင် သီးသန့်ရေး၍ စာအိတ်ထဲထည့်ကာ ဆောင်ထားသေး၏။ အခြေအနေကြုံကြိုက်ခဲ့သော် မြမြလှိုင်လက်ထဲ ရောက်အောင်ထည့်ပေးဖို့ဖြစ်၏။

အခြေအနေက မပေးပါ။ သည်ကဗျာစာရွက်လေး မြမြလှိုင် လက်ထဲ ရောက်ဖို့အရေး တွေးရသည်အမော။ နောက်ဆုံး အကြံကုန် ဂျွန်ဆားချက်ရန် ကြံရတော့မည်။ ထိုအကြံကို သူ့တပည့်သာအေးက ပေး၏။

“ဟုတ်တယ်. . ။ ဆရာ့ကဗျာ ဆရာမလက်ထဲ ရောက်သွားရင် ကြွေသွားနိုင်တယ်။ ဘာဆက်လုပ်ရမယ်ဆိုတဲ့ အဖြေတစ်ရပ်လည်း ရ



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်တယ်။ ဒီတော့ ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမှာလဲ"

"ဆရာ. . သူကျောင်းသွားချိန်မှာ နောက်ကလိုက်သွား"

"ဟ. . လမ်းမှာ စာလိုက်ပေးရမယ့် အဆင့်လားကွ။ ငါ့ဂုဏ်သိက္ခာနဲ့"

"ဆရာကလည်း ထူပါ့. . ပိန်းပါ့။ စာပေးခိုင်းမလား။ စာချခိုင်းတာ။ စာချရမယ်"

"ဘုန်းကြီးဝတ်ရဦးမှာလား"

"ဟာ. . ဆရာကလည်း ပိတ်နေပြန်ပြီ။ ဆရာ့စာကို သူ့ရှေ့ကနေ သူမြင်အောင် ချထားခဲ့။ ဆရာ့ကိုသိနေသူဆိုတော့ ဆရာ့စာကိုပြန်ပေးဖို့ ကောက်ယူလိမ့်မယ်"

"အေးဟ. . ဟုတ်သား"

"သူကောက်ချိန်မှာ ဆရာက အပြတ်ဒိုးပေတော့။ နောက်လှည့်မကြည့်နဲ့"

"ကြည့်ရင်. ."

"ကြည့်ရင် သူက ဆရာ့ကိုခေါ်ပြီး စာပြန်ပေးမှာပေါ့။ သူဖတ်ချိန် ဘယ်ရမလဲ"

"ဟုတ်ဟ"

"ဟုတ်ဆို သာအေးအတွေးလေ။ ရိုက်ချက်ကတော့ လျှပ်တစ်ပြက်ပဲ။ မိုက်တီးရဲ့ရိုက်ချက်ထက် သာရမယ်"

"ကြော်ငြာမဝင်နဲ့ကွာ။ ဆက်ပြော"

"ဆက်ပြောရရင် တစ်သက်မမောရမယ့် ကိစ္စပဲ။ ဆရာ့စာကိုကျောင်းယူသွား။ ကျောင်းရောက်တော့ သိလိုစိတ်နဲ့ ဖွင့်ဖတ်။ ပြတ်ပြီပေါ့"

"စာရွက်လား"

"မဟုတ်ဘူးလေ။ နှလုံးခုန်ရပ်မှာ"





"ဒါဆို သေပြီပေါ့"

"မသေဘူး. . ။ ခဏရပ်တာ။ ထောင့်ငါးရာဗို့အားနဲ့ ဓာတ်လိုက်ခံရလို့ ခဏရပ်တာ"

"ခဏရပ်ပြီးတော့. ."

"စဉ်းစားပြီလေ။ ဒီကဗျာလေးက ငါ့ကိုစောင်းရေးထားတာပါလားလို့ တွေးပြီလေ"

"တွေးတော့. ."

"တွေးတော့ ရေးရေးပေါ်ပြီပေါ့။ သင်္ဘောဆိပ်မှာ စတွေ့ပုံတွေ၊ မျက်စောင်းသုံးချက် ထိုးခဲ့မိတာတွေ၊ လူကောင်ထွားပေမယ့် အူကြောင်ကြားလေးပါလားလို့ တွေးပြီလေ"

"အဲဒီလိုတွေးတာ ဟုတ်ပါ့မလား။ ဒီလူကလည်း အရပ်မြင့်မြင့်ခပ်ချောချော၊ ငါကလည်း အရပ်မြင့်မြင့် ခပ်ချောချော။ ငြိရင်တော့. . ဟိ. . လို့ တွေးတာ မဖြစ်နိုင်ဘူးလား"

"ဆရာ. . ကျွန်တော့်ကို ပြန်လှန်မေးခွန်းတွေ ထုတ်မနေနဲ့။ ဒါ. . ရုံးဘော်မဟုတ်ဘူး။ မေတ္တာခုံရုံး၊ အချစ်စင်တာ၊ နှလုံးသားတို့ နားခိုရာ ကျွန်းမြတ်မဟာ"

"တော်ပါတော့ကွာ. . ။ ငါသိပြီ။ နက်ဖြန်ပဲ ဆက်ဆက်ဆောင်ရွက်မယ်"

"ဆရာ. . ဆရာက ဆိုက်ကားစီးသွားနော်။ ဆိုက်ကားပေါ်ကသူမြင်အောင် စာချခဲ့။ တစ်ချိုးတည်း နင်းပြေးခိုင်းပေတော့"

"အေးပါကွာ"

***



www.burmeseclassic.com

www.burmeseclassic.com

## ＜၁၁＞

ချစ်စဖွယ်ယဉ်ကျေး အရပ်မြင့်မြင့်၊ ခပ်ချောချော ဆရာမလေးတစ်ယောက် လမ်းလျှောက်လာနေ၏။

ပုသိမ်မြို့ရဲ့ ကမ်းနားလမ်းပေါ်မှာ ဆရာမမြမြလှိုင်တစ်ဦးတည်း လျှောက်လှမ်းနေခြင်းပါ။ သူကျောင်းသွားနေခြင်းဖြစ်ပါ၏။

မြမြလှိုင်၏နောက်မှာတော့ ဆိုက္ကားတစ်စီး။ ဆိုက္ကားပေါ်မှာတော့ မောင်မောင်ဦးက ကုပ်ချောင်းချောင်းထိုင်လို့။ ဆိုက္ကားဆရာကို ဆီမန်းမန်းသလို တဖွဖွပြောနေ၏။

ဆိုက်ကားဆရာက ခေါင်းညိတ်ပြီး မြမြလှိုင်ဘေးမှ ကျော်တက်လိုက်သည်။

မောင်မောင်ဦးသည် မြမြလှိုင်ကို တစ်ချက်တိမ်းငဲ့ကြည့်လိုက်သေးသည်။ အကြည့်ချင်း ဆုံဖြစ်ကြသည်။ ရင်ကတော့ ဆိုက်ကားပေါ်ရောက်ကတည်းက ခုန်ပြီးသား။

မြမြလှိုင်က ရင်မခုန်သော်လည်း ရင်လေးတုန်သွားပုံရသည်။ ထိုစဉ်မှာပင်. .

ဆိုက်ကားပေါ်မှ စာအိတ်လေးတစ်လုံး ဖြုတ်ဆိုကျလာသည်။





မောင်မောင်ဦး ကြိုတင်စီစဉ်ထားသည့်အတိုင်း တမင်ချထားခဲ့ခြင်းပင်။

အစီအစဉ်အရ လှည့်မကြည့်ဘဲ ဆိုက်ကားကို နင်းပြေးခိုင်းရ၏။

နောက်မှာဘာတွေဖြစ်နေသည် သူမသိ။ နောက်မှာဖြစ်ပုံက. .

"ဆရာမ. . နေကောင်းလား"

"ဟင်. . ဂွက်ဂွက်။ ဘယ်လဲ. ."

"သင်္ဘောဆိပ်ဆင်းမလို့။ ဧည့်သည်ပါမလား သွားကြည့်မလို့"

"ဘယ်သူလဲ"

"သူလေ"

"အဟင်း. . ဟင်း. . ဘယ်တော့ စားရမှာလဲ"

"ကျက်တော့ စားရမှာပေါ့"

မြမြလှိုင်က သူငယ်ချင်းမနှင့်တွေ့၍ ရပ်စကားပြော၊ အတင်းတွေ ချနေ၏။ စာကျတာ သူမမြင်။

မြင်သူတစ်ယောက်တော့ ရှိသည်။ မောင်မောင်ဦးထံမှ စာကျသွားတာကို လမ်းတစ်ဖက်မှ မမစန်းက လှမ်းမြင်လိုက်သည်။

မောင်မောင်ဦးကို တရားရုံးမှာ မြင်ဖူးသဖြင့် သူသိနေသည်။ မျက်မှန်းလည်း တန်းမိနေသည်။ သူ့ညီမလေးအမှုကိစ္စတစ်ခုဖြင့် ရုံးရောက်ဖူးရာ ဆရာမောင်မောင်ဦးကို သိနေလေ၏။

မောင်မောင်ဦးထံမှ စာကျနေမှန်း သိသဖြင့် ပြေး၍ကောက်သည်။ အိတ်ထဲ ထိုးထည့်ထားလိုက်သည်။ ထို့နောက် သူ့ခရီး သူဆက်သွား၏။ ရင်ထဲမှာ ဖိုးသိုးဖပ်သပ်။

'ငါ့အတွက်များ တမင်ချပေးသွားလေသလား. . ။ အိမ်ရောက်မှ ဖတ်ကြည့်ရဦးမယ်။ ရင်တွေခုန်လိုက်တာနော်'

မမစန်း အိမ်သို့တန်းပြန်သွားသည်။ မမစန်း၏အိမ်က ရွှေမုဋ္ဌောဘုရားအနီးမှာ ရှိ၏။ အိမ်နားက ဆိုင်မှာ ဟာလဝါရောင်းသည်။ ကိစ္စတစ်ခုရှိ၍ သွားရာမှ ပြန်လာစဉ် စာကျတာ မြင်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သည်နှင့် အိပ်ခန်းထဲဝင်၍ စာကိုဖွင့်ဖတ်၏။ မမစန်းကလည်း အပျိုဟိုင်းကြီးပါတည်း။ ဝသော်လည်း မလှသူပါတည်း။ အချစ်စစ်ပွဲကို နွှဲချင်နေသူပါတည်း။

သူ့လိုအပျိုကြီးလက်ထဲကိုမှ စာက ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားသည်။

စာကိုဖတ်ပြီး အပျိုကြီးတို့ အပျော်ကြီးပျော်နေ၏။

'ငါ စန်းထလာပြီ။ ယောကျ်ားရတော့မယ်'

နဂိုကတည်းက ထပြီးသားကြီးကို ယခုမှ စန်းထသည် လုပ်နေ၏။

ထိုနေ့ညနေမှာပင် မောင်မောင်ဦး၏တိုက်ခန်းသို့ အရောက်လှမ်းတော့၏။

"ဒေါက်. . ဒေါက်. . "

"ဘယ်သူလဲ"

"မမစန်းပါ"

"ဘယ်က မမစန်းလဲ"

"ဟာလဝါလုပ်တဲ့ မမစန်းလေ။ ဟာလဝါလာပို့တာ။ တံခါးဖွင့်"

ဟာလဝါသံကြား၍ တံခါးပွင့်သွား၏။

"လာ. . လာ. . အားနာစရာဗျာ။ ကိုယ်တိုင်လာပို့ရသလား။ ကလေးတွေလွှတ်လိုက်ရောပေါ့"

မောင်မောင်ဦးက ဟာလဝါချိုင့်ကြီးကိုကြည့်၍ ပြောနေ၏။ စိတ်ထဲကတော့. .

'ချိုင့်ကလည်း သေးလိုက်တာ။ တစ်ပိဿာလောက်ယူခဲ့ ပြီးရော'

ဟု တွေးနေသေး၏။ မမစန်းက ဝင်ထိုင်ရင်း မေး၏။

"တစ်ယောက်တည်းနေတာလား"

"ဟုတ်ဘူး. . နှစ်ယောက်. . ။ တပည့်သာအေး အပြင်သွားနေလို့"

"အဆင်ပြေတာပေါ့"

"ခင်ဗျာ. . "

"မမတို့ အေးအေးဆေးဆေး ဆွေးနွေးလို့ ရတာပေါ့"

"ဟုတ်ကဲ့. . . ပြောပါ။ ဘာမှုလဲ"

"ချစ်မှု. . "

"ဗျာ. . "

"ဟုတ်တယ်. . ။ မောင်လေးကိုယ်တိုင်လိုက်ရမယ့် ချစ်မှု"

"ကျွန်တော် နားမရှင်းဘူး"

"မောင်လေး မနက်က မမစန်းအတွက် စာချခဲ့တယ်မဟုတ်လား။ ရှက်မနေပါနဲ့"

"ဗျာ. . "

"ဟုတ်တယ်. . ကဗျာပဲလေ။ မမစန်းတောင် အလွတ်ရနေပြီ။ နောက်ဆုံးပိုဒ်က မောင်လေးဘာဆက်လုပ်ရမည်နည်းတဲ့လေ။ မောင်လေး ဘာမှဆက်မလုပ်နဲ့။ မမစန်း အကုန်စီစဉ်လိုက်မယ်"

"ဘာတွေလာပြောနေတာလဲ"

"ဟင့်. . လူကို ဟောက်တယ်။ သူပဲ စာချသွားပြီးတော့။ ဒီမှာလေ သက်သေခံ"

မမစန်းက ကဗျာစာရွက်ကို ထုတ်ယူပြီး သက်သေခံတင်သွင်းနေပါ၏။ စာကတော့ သူ့စာအစစ်ပင်။

'ဘယ်လိုများ သူ့လက်ထဲ ရောက်သွားပါလိမ့်'

ဟု တွေးရင်း မောင်မောင်ဦးခမျာ မနည်းရှင်းပြလိုက်ရသည်။ မမစန်းကတော့ သိပ်ကျေနပ်ပုံမရ။ သက်ရှိလူထံမှ အချစ်မရလျှင် နေပါစေ။ ကဗျာစာရွက်လေးတော့ သိမ်းထားချင်ပါသည်ဆိုပြီး အိတ်ထဲဖြန့်ထည့်နေသဖြင့် အတင်းလုရသေးသည်။ မမစန်းက ဥပဒေစကားပုံးဖြင့် ခြိမ်းခြောက်၏။







www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး. . ဒါ. . လက်ရောက်မှုနော်"

"အန်. . "

"မအန်နဲ့။ မမစန်းအော်လိုက်ရင် မောင်လေးဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားမယ်နော်"

မမစန်းခြိမ်းခြောက်ကာမှ မောင်မောင်ဦး ချွေးများပင် ပြန်လာ၏။

ဟုတ်ပါ့. . ။ အခုနေသာ အော်လိုက်လို့ကတော့ သောက်ကျိုးနည်း မှောက်ထိုးလဲဖို့သာ ရှိတော့သည်။

ကျော်မကောင်းကြားမကောင်းနှင့် ဆရာမမြမြလှိုင်ကလည်း ကျောင်း. . ကျောင်းဟု မောင်းထုတ်လိမ့်ဦးမည်။ ခက်ပါ့။

နောက်ဆုံးတော့ မမစန်းကို အတင်းဖျောင်းဖျတောင်းပန်ပြန်လွှတ်ရ၏။ ကဗျာစာရွက်တော့ ပြန်ပေးမသွားပါ။

ယူလာသည့် ဟာလဝါချိုင့်ပါ ပြန်ဆွဲသွားမည်လုပ်နေသဖြင့် မနည်းတောင်းပန်ထားရသည်။

"ဟဲ. . ပေးပြီးသား ပြန်ယူမသွားကောင်းဘူး။ မျက်စိစွံလိမ့်မယ်။ ထားခဲ့နော်"

"ရော့. . မျိုးဆို့"

ထားတော့ ထားခဲ့ပါ၏။ ဆောင့်အောင့်ပြီး ပြောသွားလိုက်တာများ စားမိလျှင် နင်ချင်စရာ။

ဩော်. . ရှိပါစေတော့။

လောလောလတ်လတ်မှာ မမစန်းရဲ့နှလုံးသားလေးဟာ ပေါက်ကွဲလွင့်စဉ်သွားရပြီ မဟုတ်ပါလား။

'မောင်လေးဘာဆက်လုပ်ရမယ်ဆိုတာ သိပါပြီ မမစန်းရယ်'

***



BURMESE CLASSIC .com

# <၁၂>

"ပုသိမ်မြို့တစ်မြို့လုံးမှာရှိတဲ့ ချောပေ့လှပေ့ဆိုတဲ့ အလှပဂေးလေးတွေကို အားလုံးစုရုံးပြီး ဘောလုံးကွင်းကြီးထဲမှာ ထည့်ထားလိုက်ပါ မြမြလှိုင်"

"ဘာလုပ်မလို့လဲ။ ဘောလုံးကန်နိုင်းမလို့လား"

"မဟုတ်ဘူး။ ဘောလုံးကွင်းကြီးဟာ အလှတို့စုစည်းရာ ဖြစ်သွားမယ်။ မွှေးပျံ့ကြိုင်သင်းသွားမယ်"

"ဟုတ်ပါ့မလား. . ။ တချို့ကောင်မလေးတွေက ညစ်ပတ်တယ်နော်"

"မနောက်ပါနဲ့ မြမြလှိုင်ရယ်။ ကျွန်တော့်စကားလုံးတွေက ရင်ဘတ်ထဲက လာတာပါ"

မြမြလှိုင် ပြန်မပြော။ မောင်မောင်ဦးကို ငေးကြည့်နေသည်။

သူနှင့် မောင်မောင်ဦးတို့ အဆင်ပြေသွားပြီ မဆိုသာသော်လည်း ရင်းနှီးမှုတော့ ရသွားပြီ။ မြမြလှိုင်၏သူငယ်ချင်းများ အမှုကိစ္စနှင့် ပတ်သက်၍ ရင်းနှီးရခြင်းဖြစ်၏။

ထို့ကြောင့် ယခု ပုသိမ်ကမ်းခြေက အအေးဆိုင်တွင် အအေးသောက်ရင်း စကားပြောနေကြခြင်းပင်။

အခြေအနေကား မောင်မောင်ဦးတို့ ယခုမှ ပျိုးတုန်း။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဦးက စီးဆင်းနေသည့် ဝေန်မြစ်ရေပြင်ကိုကြည့်၍ ပြောသေး၏။

"ဟိုမှာကြည့်လိုက်စမ်းပါ မြမြလှိုင်"

"ဟယ်. . သမွန်လေးတွေတော့"

"မြစ်ပြင်ကို ကြည့်ခိုင်းတာပါဗျာ။ မြစ်တို့သည် ကွေ့ကောက်၏. . တဲ့။ ဒါပေမဲ့ မြမြလှိုင်ဟာဖြင့် မြစ်နဲ့မတူဘူးလို့ ကျွန်တော်ဆိုချင်တယ်"

"အေးလေ. . ။ ဟိုကမြစ်၊ ဒီကလူ. . တူပါ့မလားကွယ်။ ဘာပြောချင်တာလဲဟင်။ ခုန ဘောလုံးကွင်းထဲမှာ ကောင်မလေးတွေ ထည့်ထားတယ်လေ။ ဘာဆက်လုပ်မှာလဲ"

မြမြလှိုင်က လျှောင်သလိုမေးတော့ မောင်မောင်ဦးသက်ပြင်းချသည်။

"သက်ပြင်းချမနေနဲ့။ ကောင်မလေးတွေ ဘောလုံးကွင်းထဲ စုရုံးခိုင်းပြီး ဘာဆက်လုပ်မှာလဲ။ ပြော. ."

"ပြောပါ့မယ်။ အဲဒီဘောလုံးကွင်းထဲမှာ ပုသိမ်မြို့တစ်မြို့လုံးက အလှလေးတွေ စုဝေးနေကြပြီ"

"ဟုတ်ပြီ"

"သူတို့ အလှချင်းပြိုင်နေကြလိမ့်မယ်။ သူ့ပိုလှတယ်၊ ငါပိုလှတယ်ပေါ့"

"ဟုတ်ပါ"

"အဲဒီအချိန်မှာ မမြမြလှိုင် ဘောလုံးကွင်းထဲကို ဝင်သွား"

"ဒိုင်လုပ်ရမှာလား။ ခရာလိုသေးလား"

"မနောက်ပါနဲ့ဗျာ. . ။ ရင်ဘတ်ကြီးနဲ့ ပြောနေတာပါဆို"

"ကဲ. . ပြောကွာ"

"မမြမြလှိုင်ဝင်လာတာနဲ့ သူတို့ငြိမ်သွားလိမ့်မယ်။ မြမြလှိုင်ရဲ့ အလှကို ငေးမောမှင်တက်ပြီး မျက်ရည်စက်လက်ဖြစ်ကုန်ကြလိမ့်မယ်





မမြမြလှိုင်ရဲ့အလှက အဲဒီလိုမျိုး"

"ဘာများလဲလို့ကွာ. . ။ ဘောလုံးကွင်းတော့ ရေလျှံပါပြီ"

သွားပြီ. . ။ မောင်မောင်ဦး စိတ်ဓာတ်ကျသွားပြီ။ သူက မြမြလှိုင်ကို သူ၏စကားမြစ်ထဲမှာ မျှောပစ်ဖို့ ကြိုးစားနေခြင်းပါ။

လက်ရှိအခြေအနေမှာတော့ သူကိုယ်တိုင် ဝေန်မြစ်ထဲ ခုန်ချချင်စိတ် ပေါက်သွား၏။ မြမြလှိုင်ကား အဲဒီလိုမျိုး။

ဘာပဲဖြစ်ဖြစ် မြမြလှိုင်သည်လည်း နှလုံးသားရှိသူပေမို့ မောင်မောင်ဦးကို ငြိချင်ပါသည်။

ကိုယ်၌က ကျောင်းဆရာမဆိုတော့ သူများကိုသာ ဆရာလုပ်ပေမယ့် ကိုယ့်ကိုဆရာလုပ်တာတော့ မကြိုက်။

တကယ်တော့ မြမြလှိုင်က မြင်သူတိုင်းကို သူ့တပည့်ချည်းဟု မှတ်လေသူ။ မောင်မောင်ဦးကလည်း မြင်သူတိုင်းကို သူ့အမှုသည်ချည်း မှတ်လေသူ။

သူတို့နှစ်ဦးသား ဖူးစာဖက်မိလျှင် လောကတစ်လွှား လူအများမှာ သနားဖွယ်ပင်ဖြစ်တော့မည်။

နှစ်ဦးလုံးက ဆရာကြီးနှင့် ဆရာမကြီးများ မဟုတ်လား။

ထိုဆရာမကြီးကို မောင်မောင်ဦး ရအောင်ယူခဲ့ပါသည်။ ရအောင်ယူဖို့လည်း သူအတော်ကြိုးစားခဲ့ရသည်။ အညာကို ကိုင်လှုပ်ခဲ့ရသည်။

မြမြလှိုင်၏ မိဘများက ရှေးဆန်သည်။ ပွင့်လင်းတာ ကြိုက်သည်။ ဒါကို တီးမိခေါက်မိသော မောင်မောင်ဦးက မြမြလှိုင်ကို သူ့မိဘများထံ ခုပ်တည်တည်သွားရောက်တောင်းရမ်းယူလိုက်သည်။ အေးရော။

မြမြလှိုင် ငြင်းချိန်မရလိုက်။ မောင်မောင်ဦးလုပ်ပုံက သင်းသည်။ ကနဦးတွင် အပေါ်ထပ်၊ အောက်ထပ် အကြောင်းပြ၍ မြမြလှိုင် မိဘများကို ခင်အောင် ပေါင်းသည်။ စားစရာတွေ လာလာပို့သည်။ အချိန်တိုမှာ အတော်လေးခင်မင်သွားအောင် ကြိုးစားပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရန်ကုန်ကမိဘနှစ်ပါးကိုခေါ်၍ မိန်းမသွားတောင်း၏။

မိဘများက ဘာမှမပြောလိုက်ရ။ သူ့ဟာသူ လျှောက်လဲချက်ပေး၍ တောင်းရမ်းယူခြင်းပင်။ ကြည့်ဦး. . ။

"ဦးနဲ့ဒေါ်ဒေါ်ခင်ဗျား. . ။ ဒါ. . ကျွန်တော့်ရဲ့မိဘနှစ်ပါး ဖြစ်ပါတယ်"

သို့ကလို ပထမအင်ထရိုလုပ်သည်။ ဟိုက ခေါင်းညိတ်၍ ပြုံး၍ အသိအမှတ်ပြုသည်။

သူက မတ်တတ်ရပ်၍ ဆက်ပြောသည်။

"အခု ကျွန်တော်တို့ရောက်လာရတဲ့အကြောင်းကတော့ ဦးနဲ့ဒေါ်ဒေါ်တို့ရဲ့သမီး ချောမွတ်ပျော့ပျောင်း နတ်ဖယောင်းပမာတမျှ လှပတဲ့ ပုသိမ်မြို့ရဲ့ထီးတောင်ကိုင် ဆရာမမြမြလှိုင်အပေါ် ကျွန်တော် ဗဟိုတရားရုံးချုပ်ရှေ့နေ မောင်မောင်ဦးက မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေတာက တစ်ကြောင်း. . "

မောင်မောင်ဦးက စကားမဆက်ဘဲ ရပ်ထားပြီး အားလုံးကို အကဲခတ်လိုက်တယ်။

မြမြလှိုင်ကတော့ မျက်လုံးပြူးလို့။

သူ့မိဘနှစ်ပါးကတော့ ပြုံးတုံ့တုံ့နဲ့ရယ်။ သူတို့သမီး ဆိုင်းမပါဗုံမဆင့်ဘဲနဲ့ စွံတော့မယ်ဆိုတော့ ပျော်တာပေါ့။ နားအေးတော့မှာကိုး။

အခြေအနေကောင်းလို့ မောင်မောင်ဦးဆက်ပြောလေ၏။

"နောက်. . ပုသိမ်မြို့ရဲ့ မျက်နှာဖုံးများဖြစ်ကြတဲ့ ဦးနဲ့ဒေါ်ဒေါ်တို့မှာ သမီးမြမြလှိုင်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပြုစုစောင့်ရှောက် ထိန်းကျောင်းလာခဲ့ရတာဖြစ့် နှစ်ပေါင်းသုံးဆယ်နီးပါး ရှိခဲ့ပြီမို့ ပင်ပန်းနွမ်းလျမှု သက်သာစေလို၍ မြမြလှိုင်အား စောင့်ရှောက်သောတာဝန်အား ကျွန်တော်က ဥပဒေနဲ့အညီ လွှဲပြောင်းရယူလိုတာက တစ်ကြောင်း. . ။

အဲဒီအကြောင်းနှစ်ကြောင်းကြောင့် ဒီက မြမြလှိုင်ကို ကျွန်





တော်က လက်ထပ်လိုပါကြောင်း မိသားဖသားပီပီ မိဘစုံရာရှေ့မှောက်မှာ ကန်တော့ပန်းဆင်ရင်း တောင်းရမ်းအပ်ပါသည်ခင်ဗျား"

ပြောပြီး လက်အုပ်လေးချီ၊ ခါးလေးညွတ်ကာ ကန်တော့ပြီးမှ ပြန်ထိုင်သည်။

ကောင်းလိုက်တဲ့ လျှောက်လဲချက်။ အားလုံး ငြိမ်ပဲ။ အကောင်းငြိမ်တာ မဟုတ်။ သူ့စကားများကို နားရှုပ်နေ၍ ငြိမ်စဉ်းစားနေကြခြင်းဖြစ်သည်။

မကြာပါ. . ။ မြမြလှိုင်၏ဖခင် မေးခွန်းထုတ်သည်။

"နေပါဦး. . ။ ဥပဒေနဲ့အညီ လွှဲပြောင်းပေးရမှာက တိုက်ခန်းကိုလား။ သမီးကိုလား"

"ဟီး. . သူ့ကိုပါ"

"ဘယ်လိုလွှဲရမှာလဲ"

"မင်္ဂလာဆောင်ပေးရင် ဖြစ်ပါတယ်"

"ဒါများကွာ. . ။ လက်ထပ်မင်္ဂလာ အတူပြုချင်တယ်ပြောရင်ရရဲ့သားနဲ့။ ဥပဒေတွေရော၊ ဘာတွေရော ရှုပ်ယှက်ခတ်နေတာပဲ"

"နေဦးကွယ့်. . ။ ဒေါ်လေးမရှင်းလို့ မေးရဦးမယ်။ မင်းရဲ့နောက်ဆုံးစကားထဲမှာ တောင်းရမ်းအပ်ပါတယ်ဆိုတော့ သမီးကိုတောင်းပြီး ပြန်အပ်ထားဦးမှာလား"

"အဲ. . အဲ. . အပ်ဘူး။ အပိုင်ယူမှာ"

"တော်ပါသေးရဲ့"

မြမြလှိုင်မိခင်က ရင်ဘတ်လေးကိုဖိရင်း ပြောလိုက်လေသည်။ သမီးကို ပြန်အပ်သွားမှာ စိုးရိမ်ပုံပင်။

မြမြလှိုင်ကလည်း မြမြလှိုင်ပါပေ။ အိမ်မှာ ဗိုလ်ကျ၏။ ဂိုကျ၏။ စကားများ၍ ပွစိပွစိလုပ်တတ်၏။ ဒီဒဏ်တွေက ကျွတ်တော့မည်မို့ မိဘနှစ်ပါး ပျော်နေသည့်ပုံ။ မြမြလှိုင်၏ ဖခင်ကလည်း တစ်ချက်လှမ်းအမိန့်ချ၏။ မြမြလှိုင်ဖခင်ကြီးက ထိုင်ရာမထ ချောင်းဟန့်ကာ စီရင်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို ဖတ်ကြား၏။

"အဟမ်း. . ဟမ်း. . ဒီက ရွှေနေမင်း တင်ပြလျှောက်လဲချက်များဟာ အပိုအလိုမပါ။ သင့်မြတ်လှပါပေတယ်။ မိဘတွေရဲ့ ကြီးလေးတဲ့ တာဝန်ကြီးကို ပခုံးပြောင်းယူချင်တယ်ဆိုတာဟာလည်း နည်းနည်းနောနောတဈာ. . အဲ. . အဲ. . မေတ္တာ မဟုတ်ပါဘူး။ ဒီ့အတွက် ရုံးတော်က မှတ်တမ်းတင်ပါတယ်"

"ဘယ်က ရုံးတော်လဲ။ အိမ်ရှင့်. . ။ တိုက်ခန်းလေ"

ဘေးက မြမြလှိုင်အမေက လက်ကုတ်ပြီး တိုးတိုးသတိပေးရာ အဘိုးကြီးက ပြင်ပြော၏။

"အဟင်း. . ဒီကိစ္စကို ကျုပ်တို့ရဲ့အိမ်တော်. . အဲ. . တိုက်ခန်းတော်က မှတ်တမ်းတင်ပါတယ်။ ရွှေနေမင်းရဲ့စေတနာကို လေးစားတဲ့အနေနဲ့ သမီးပင်ဖြစ်လင့်ကစား ထိုက်တန်တဲ့ထောင်ဒဏ်ကို ချမှတ်ဖို့ပဲ ရှိပါတော့တယ်။ အမိန့်. . အဘ ငါ၏သမီး မြမြလှိုင်အား ချစ်မှုထင်ရှားသဖြင့် အိမ်ထောင်တစ်သက်ချလိုက်သည်"

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . "

အားလုံး လက်ခုပ်သံတွေ ဆူညံသွားလေ၏။ နှစ်ဖက်မိဘများ ပျော်နေလင့်ကစား ရွှေနေကြီးမောင်မောင်ဦးကတော့ ဖြူနေပြီ။

မြမြလှိုင်မှ ရွှတ်တာ မဟုတ်။ အဖေကြီးကပါ ခပ်ရွှတ်ရွှတ်ကြီးပါလားလို့ အခုမှသိလိုက်ရတော့ ငိုချင်သလိုပင် ဖြစ်သွားရလေ၏။

ဟုတ်ကဲ့ပါ. . ။

ရွှေနေကြီးမောင်မောင်ဦးခမျာ သူကနဦးပြောခဲ့သလို မြမြလှိုင်ကို သူကပဲ စကားမြစ်ထဲ မျှောပစ်ပြီးမှ ဆယ်ယူခြင်းလား။

သူကိုယ်တိုင် မြမြလှိုင်တို့ ပုသိမ်မှ ဝေန်မြစ်ထဲ ခုန်ချသဖြင့် ဟိုကဆယ်ယူခြင်းလား။

စာရှုသူတို့သာ ဆုံးဖြတ်ကြပါခင်ဗျား။

***



# ⟨ ၁၃ ⟩

"ကျောက်တစ်ပွင့်ကို အကဲခတ်ရတာ လွယ်တယ်ဗျာ။ မိန်းမတစ်ယောက်ကို အကဲခတ်ရတာ ခက်တယ်"

ဤကား ကျောက်ကုန်သည်လေး စိုးသူရ၏ လက်သုံးစကားဖြစ်ချေ၏။

စိုးသူရသည် ကျောင်းပြီးကတည်းက အစ်မ၏လုပ်ငန်းဖြစ်သော ကျောက်လုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်နေလေ၏။ သူကိုယ်တိုင်ကလည်း ကျောက်ဝါသနာပါသည်။ ကျောက်ရှူးလည်း ရှူးခဲ့သေးသည်။ မိုးကုတ်၊ သပိတ်ကျင်းဘက်မှာ ကျောက်သွားလုပ်ခဲ့သေးသည်။

ကျောက်တူးသမားလုပ်ခြင်းမဟုတ်။ ကျောက်တွင်းကိုင် ပေါ်ဆန်လုပ်ခြင်းဖြစ်သည်။ သူ့တွင်းက ကျောက်မအောင်ဘဲ သူသာလျှင် ငှက်အောင်ခဲ့သည်။ ငှက်ဖျားမိသဖြင့် အတော်ကုယူလိုက်ရလေ၏။

သူက ရန်ကုန်သားဖြစ်သော်လည်း မန္တလေးကို မျက်စိကျ၏။ မန္တလေးကား စီးပွားရေးဆုံချက် ဗဟိုချက်မမို့ သဘောကျခြင်းပင်။

မန္တလေးမှာ ကျောက်ပိုင်းတွေပေါလှ၏။ ကျောက်စိမ်းဈေးကွက်သည် မန္တလေးကို ဗဟိုပြုသည်။ မန္တလေးကျောက်စိမ်းပိုင်းများသို့ အနှယ်



www.burmeseclassic.com

www.burmeseclassic.com



နယ်အရပ်ရပ်မှ ကျောက်ကုန်သည်များ လာရောက်ဝယ်ကြသည်။

ထိုအထဲမှာ စိုးသူရလည်း ပါသည်။ သူ့အစ်မ ဒေါ်အေးအေး ခန့်က ရန်ကုန်မှာ ကျောက်မျက်ရတနာဆိုင် ဖွင့်ထားသည်။

ဆိုင်အတွက် ကျောက်လုံးချောများကို မန္တလေးဈေးကွက်မှာ တက်ဝယ်ရသည့် အဝယ်တော်အဖြစ် ကျောက်ကြမ်းပိုးဝင်းမောင်ကို ခန့်ထား၏။ ကျောက်ပြင်ဆရာမှာ ကိုမှတ်ဖြစ်၏။

စိုးသူရက ငွေကိုင်၊ ကျောက်ကိုင်၊ အကုန်ကိုင်သည်။ (ကောင်မလေးများ မပါပါ။)

"အာစရိ . . ဈေးချိုဘက် လှည့်လှချည်လား"

ကိုဝင်းမောင်က စိုးသူရကို မေးခြင်းဖြစ်သည်။ စိုးသူရက ခပ်အေးအေးပဲ ဖြေသည်။

"ကျောက်တစ်ပွင့် တွေ့ထားလို့ဗျ"

"ကျွန်တော် မန္တလေးမှာ ကျောက်ဝယ်လာတာ ကြာပြီ။ ဈေးချိုမှာ ကျောက်ရတယ် မကြားမိပါဘူး"

"လိုက်ကြည့်လေ . . ။ ကျောက်ကောင်းတစ်ပွင့်ပဲ။ အပြစ်အနာအဆာ ကင်းတယ်။ လုံးချော . . စင်းလုံးချောဗျ။ အဲဒီကျောက်ကို ကျွန်တော့်ကိုယ်ပိုင်ငွေနဲ့ ဝယ်ပြီး ကိုယ်တိုင်ဆောင်ထားမလားလို့"

"လုပ်လေ . . ။ လိုက်ကြည့်ရမလား"

"လိုက်ကြည့်လေ . . ။ တန်ဖိုးတော့ ဖြတ်မပေးနဲ့။ ကျွန်တော်က ညှိနှိုင်းဈေးနဲ့ ဝယ်မှာ။ ငွေမလောက်ရင် လူအပေါင်ထား ဝယ်မှာ"

"ဗျာ . . "

ကိုဝင်းမောင် 'ဗျာ' ဆိုကာ ပြုံးလေ၏။ စိုးသူရဝယ်မည့်ကျောက်ကိုလည်း မြင်လိုလှပြီ။

သို့ဖြင့် မနက်ဖြန်မနက် ကျောက်ဝိုင်းအပြန် ဈေးချိုသို့သွားကြရန် အစီအစဉ်ဆွဲလိုက်ကြ၏။

နောက်နေ့နံနက်တွင် အစီအစဉ်အတိုင်း ကျောက်ဝိုင်းမှအပြန်





ဈေးချိုတော်သို့ ချီတက်ကြလေ၏။

"အာစရိ . . ကျောက် ဈေးတည့်လို့ ဝယ်ဖြစ်ရင် ကိုယ်ကျောက်ပြင်ပေးမယ်။ အရောင်လည်း တင်ပေးမယ်"

ကျောက်ပြင်ဆရာ ကိုမှတ်က စိုးသူရဝယ်မည့်ကျောက်ကို အရောင်တင်ပေးမည်၊ ပြင်ပေးမည်ချည်း ပြောနေ၏။ စိုးသူရက ဟန့်တား၏။

"မလိုပါဘူး . . ။ ခင်ဗျားပြင်ဖို့ မလိုဘူး။ ကိုယ့်ပစ္စည်း ကိုယ့်ဘာသာကိုယ် ပြင်မယ်။ အရောင်လည်း တင်ဖို့မလိုဘူး။ အရောင်တောက်ပြီးသား"

"ကိုယ်က စေတနာနဲ့ ပြောတာ"

"အိုင် ဝဲရီဆောရီး ကိုစေတနာ။ နေပါစေဗျာ"

"မင်းက ကျောက်တောင် လက်ထဲမရောက်သေးဘူး။ အတော်တိုနေပါလား"

ကိုဝင်းမောင်ကပါ ဝင်ပြောသည်။ စိုးသူရက ပြုံးစစဖြင့် . .

"ကျောက်က လှတပတလေးဗျ။ ပယ်ကောင်းတယ်။ အရည်လဲ့တယ်။ ခါးသေးပြီး ရင်ချီတယ်"

"ဟေ့ကောင် . . ကျောက်မှာ ခါးသေးရင်ချီတယ်လို့ မရှိဘူး။ မောက်မောက်စောက်စောက်ပဲရှိတယ်"

"ခင်ဗျား မရိုင်းနဲ့။ ကျောက်ကို မစော်ကားနဲ့"

"အန် . . "

ဝင်းမောင် ဘာမှဆက်မပြောတော့။ ကိုမှတ်လည်း ငြိမ်သွားပြီ။ သူတို့ထဲမှာ စိုးသူရက သူဌေးမောင်ဆိုတော့ ကလန်ကဆန်မလုပ်ရဲတာလည်း ပါ၏။

ဈေးချိုရောက်တော့ အောက်ထပ် ဒီရုံထဲ တန်းဝင်သွား၍ ဒီမောင်လိုက်ရ၏။ စိုးသူရခြေလှမ်းများက သွက်လှပါဘိ။

အထည်တန်းထဲက အထည်ဆိုင်တစ်ဆိုင်ရှေ့တွင် စိုးသူရရပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဟယ် . . ကိုစိုးပါလား။ ဧည့်သည်တွေလည်း ပါတယ်။ အထည် ဝယ်မလို့လား"

ဆိုင်ရှင်နှင့်တူဟန်ရှိသော မိန်းမပျိုလေးက စိုးသူရကို နှုတ်ဆက်၏။ ဘယ်အချိန်ကတည်းက ရင်းနှီးနေကြသည် မသိ၊

"အထည်မဝယ်ပါဘူး။ ကျောက်လာကြည့်တာ"

"ရှင်မှားနေပြီ။ ဒါ . . အထည်ရုံ"

"သိပါတယ်။ ဒီအထည်ရုံထဲမှာပဲ ကျောက်ကောင်းတစ်ပွင့် ရှိတယ်ဆိုလို့ လာကြည့်ကြတာပါ"

"မကြားမိပါလား"

"သတိမမူ ဂူမမြင် . . တဲ့။ မသက် သတိမမူမိလို့ပါ။ ကျွန်တော်ကတော့ သတိမူလို့ ဂူတင်မကဘူး။ အတွင်းပါ မြင်တယ်။ ကျွန်တော် ဝယ်ချင်တဲ့ကျောက်က မသက်ဆီမှာရှိတယ်"

"အို . . မရှိပါဘူး။ ကျွန်မ ကျောက်မကိုင်ဘူး"

"မကိုင်ပေမယ့် ဝတ်ထားတာပဲ။ မသက်လက်ထဲက လက်စွပ်က ကျောက်စိမ်းလေးကို ဝယ်ချင်တာ။ ကျွန်တော့်ကို ရောင်းပါလား"

တော်ပါသေးသည်။ မူမူသက်၏လက်ထဲတွင် ကျောက်စိမ်း လက်စွပ်လေး ရှိနေပေလို့။

"ဒါ . . ရောင်းလို့မဖြစ်ပါဘူးရှင်။ ဖေဖေဆင်ထားတာ။ ကျောက်စိမ်းဆောင်ရမယ်ဆိုလို့။ အဆောင်ကျောက်ပါ။ ဖြုတ်လို့မဖြစ်ပါဘူး"

"ဖြုတ်မရောင်းနိုင်ရင် အတွဲလိုက်ရောင်းဗျာ"

"ရှင် . ."

မူမူသက် မျက်လုံးပြူးသွား၏။ ကိုယ်လုံးလေး နောက်ယို့သွား၏။ ခေတ္တမျှ ကြောင်သွားပြီးမှ တွေးမိကာ ပြုံးသည်။ ဈေးချိုသူပီပီ စကားချိုချိုလေးဖြင့် လေပြည်ထိုးသည်။

"ကိုစိုးက သိပ်နောက်တတ်တာပဲ။ ဒီက အကောင်းမှတ်လို့





နားထောင်နေတာ။ လက်စသတ်တော့ ကိုင်းလိုချင်လို့ ပျားအုံချိုင်နေတာ မဟုတ်လား"

"ပျားအုံလိုချင်လို့ ကိုင်းချိုင်တာ လုပ်စမ်းပါဗျာ။ ဘာပဲဖြစ်ဖြစ် ပေါက်တယ်မဟုတ်လား"

"ပေါက်တယ် . . နှစ်ရာဖိုး"

"ဘာပြောတာလဲ"

"နှစ်လုံးလေ . . ။ ဥပဒေနဲ့မကင်းလို့ မလုပ်ပါဘူးဆိုတာ ဖွတ်လာရောင်းသွားလို့ နှစ်ရာဖိုးပေါက်ထားတယ်။ ဘာစားမလဲ . . ပြော။ ဧည့်သည်တွေကလည်း အေးတယ်နော်။ သူတို့ စကားပြောတတ်ကြရဲ့လား"

"အန် . ."

"အင် . ."

ဝင်းမောင်ရော၊ ကိုမှတ်ပါ အရှိုက်ထိုးခံလိုက်ကြရသလို ဖြစ်သွားရရှာသည်။

မူမူသက်က စိုးသူရနှင့်ခင်နေသူမို့ နောက်ရဲခြင်းပါ။ ခင်ဆို စိုးသူရကို အမှတ်မထင် နာရီစင်အနီးမှာ ဆိုင်ကယ်နှင့်ချိတ်မိရာမှ ဇာတ်လမ်းစခဲ့သည်။

ထိခိုက်မိတာက နည်းနည်း၊ ဈေးချိုသူလေးကို ငမ်းချင်တာက များများမို့ စိုးသူရ ဟန်လုပ်၍ နာပြလိုက်သည်။

မူမူသက်တို့ မမူနိုင်ဘဲ ပျာယာခတ်သွားရသည်။ အိမ်ခေါ်၍ ဆေးထည့်ပေးသည်။ သုံးလေးရက်ဆက်တိုက်ဆိုတော့ ခင်သွားသည်။

သည်ကိစ္စကို ဝင်းမောင်နှင့်ကိုမှတ်အား မပြောဘဲထားခဲ့၏။ ပြောမိလျှင် သူ့အစ်မထံ ပေါက်ကြားသွားမှာ သေချာ၏။ အစ်မကလည်း ပူညံပူညံသမားလေ။ မန္တလေးသွားအလေလိုက်နေတယ် ပြောလိုက်မယ့် ဖြစ်ခြင်း။

ဒါကြောင့် သည်ကိစ္စကို လျှို့ဝှက်အဆင့်မှာထား၍ ခြေပုန်းခုတ်နေခြင်းပင်။ ခြေပုန်းခုတ်တာတောင် ယခုလောက်ခရီးပေါက်နေလျှင်



www.burmeseclassic.com

www.burmeseclassic.com



ခြေမြင်သာအောင်ခုတ်က ကလေးငါးယောက် ရလောက်ပြီ။

ခုတော့ ကိစ္စမရှိ။

မှူမှူသက်ကို သူချစ်ခွင့်ပန်ထားပြီးပြီ။ ချစ်လျှောက်လွှာတင်ထားပြီးပြီ။ လျှောက်လွှာပြန်မကျ၍ စောင့်နေဆဲကာလတည်း။ ဘယ်သူသိသိ ကိစ္စမရှိတော့။

ဟိုက ခွင့်ပြုမိန့်ကျသည်နှင့် ယူပစ်လိုက်တော့မှာဖြစ်၏။

မှူမှူသက်သည် မန္တလေးဈေးချိုသူပီပီ စကားချို၊ နှုတ်သွက်သော်လည်း မရက်ရောချေ။ ကပ်စေးနှဲ၏။

ယခုလုပ်ပုံ ကြည့်ဦး။

အအေးနှစ်လုံးမှာ၍ ဖန်ခွက်ထဲမှထည့်ကာ တိုက်သည်။ နှစ်ရာဖိုး ရထားပေလို့။

အအေးသောက်ရင်း ဝင်းမောင်က စကားစသည်။

“အချိုရည်ချင်းအတူတူ ဈေးချိုက အချိုရည်က ပိုချိုသလားလို့။ ဈေးသည်တွေ နှုတ်ချိုတာချင်းအတူတူ ဈေးချိုသူက ပိုချိုမလား။ ဟုတ်ပါတယ်နော်။ ဘယ်သူ. . မမှူမှူသက်”

“မပိုပါနဲ့ရှင်။ အစ်ကိုတို့အားလုံးက ရန်ကုန်သားတွေပီပီ စကားကြွယ်လှပါတယ်။ ခုန ညီမပြောမိတာ ဗွေမယူနဲ့နော်”

“ရပါတယ်ဗျာ။ စိုးသူရရဲ့ အခင်မင်ဆုံးသူဟာ ကျွန်တော်တို့ရဲ့ အခင်မင်ဆုံးပါပဲ။ ဒီကောင် စိုးသူရက သူ့မှာ ခင်မင်ရတဲ့ မမှူမှူသက် ရှိတယ်ဆိုတာ ခုမှပြောတာဗျ”

“ဟုတ်ပါ့ဗျာ. . ။ ဒါတောင် ကျောက်ကြည့်ရအောင်ဆိုပြီး ညာခေါ်လာတာ။ ကျွန်တော်ကလည်း ကျောက်မြင်ရင် ပြင်ချင်တဲ့ကောင်။ ခုတော့ ပြင်ဖြစ်မယ်မထင်ပါဘူး”

ကိုမှတ်က ပြုံးစပ်စပ်ဖြင့် ပြော၏။ စိုးသူရက မှူမှူသက်မမြင်အောင် မျက်စပစ်ပြရင်း ပြော၏။

“ကျွန်တော်ပြောထားတယ်လေ။ ဒီကျောက်က ကိုယ်တိုင်ပြင်ရမယ့် ကျောက်ပါလို့”

“ပြင်ပါဗျာ. . ပြင်ပါ။ ဝယ်ဖို့ကော ဈေးညှိပြီးကြပြီလား”

“ညှိနှိုင်းဆဲပဲ”

အထည်ရုံထဲလာပြီး ကျောက်စကားတွေ လာပြောနေကြသည့် လူသုံးယောက်အား ဘေးဆိုင်မှ လူများက ရှုံ့နေကြသည်။

ဒါကိုရိပ်မိသော မှူမှူသက်က မသိမသာနှင်သည်။

“ကိုစိုး. . ကျွန်မ အိမ်ခဏပြန်ရဦးမယ်။ တော်ကြာ ဆိုင်ကို မေမေလာလိမ့်မယ်”

“ဟုတ်လား. . ။ စောင့်မယ်လေ”

“အို. . ပြန်ပါ။ မေမေမြင်ရင် အထင်လွဲနေဦးမယ်”

“ပြီးရော. . ။ ဘယ်တော့ အဖြေပေးမှာလဲ”

“ဖြည်းဖြည်းပေါ့”

***

“အေးဗျာ. . ။ ကျွန်တော့်ကို ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ အချိန်ဆွဲထားတာ ကြာပြီ။ စာပေးတော့လည်း ယူထားတယ်”

“ပြန်စာမလာဘူး. . ”

“မလာဘူး. . ။ ဖြည်းဖြည်းတဲ့။ အဲဒါကြောင့် ကျောက်တစ်ပွင့်ကို အကဲခတ်ရတာ လွယ်တယ်၊ မိန်းမတစ်ယောက်ကို အကဲခတ်ရတာ မလွယ်ဘူးလို့ ကျွန်တော်ပြောတာပေါ့”

“ဒါတော့ ဒါပေါ့ကွာ။ ဒါပေမဲ့ မင်းကောင်မလေးကို ကြည့်ရတာ မင်းကို ကြွေတော့ကြွေမယ့်ပုံပါ”

“သေချာရဲ့လား အာစရိရယ်”

“သေချာတာပေါ့ကွာ။ ငါက ကျောက်ကဲရော၊ မိန်းမကဲပါ ခတ်တတ်တာကွ။ သေချာတယ်။ မင်းကို သူသဘောကျနေပြီ။ သူမှူနေတာ နေမှာ”

www.burmeseclassic.com



ကိုဝင်းမောင်က ဤသို့မှတ်ချက်ပြု၏။ ကိုမှတ်ကတော့ ဘာမှ ဝင်မပြော။ ပြောမလား။ ဒီကျောက်က သူပြင်ရမယ့်ကျောက်မှ မဟုတ်ဘဲကိုး"

"ဒါဆို ကျွန်တော်ဘာဆက်လုပ်ရမလဲ"

"လွယ်ပါတယ်။ သူ့ဆီ နေ့တိုင်းကျူတီဝင်။ ငါက မင်းကို အွန်ကျူတီပြထားမယ်။ ဒီအတွင်းမှာ အချစ်ကို လူနာအမဲခြောက်တောင်းသလို တောင်းပေး။ နားပူလာရင် ရော့အင့်ဆို ပေးလိမ့်မယ်"

"အမဲခြောက်လား"

"ထပ်. . အချစ်ကွ. . အချစ်. . ။ မင်းက သူ့ဆီ အမဲခြောက်တောင်းမှာလား၊ အချစ်တောင်းမှာလား"

"အချစ်တောင်းမှာ"

"အချစ်တောင်းရင် အချစ်ရမယ်။ ငွေတောင်းရင် ငွေရမယ်။ ဒါ. . ပုံသေနည်း"

"နှစ်မျိုးလုံးတောင်းရင်. . "

"မတော်လောဘ. . ။ ဘာမှမရနိုင်ဘူး။ လက်ခါပြလိမ့်မယ်။ မသေမချင်းမှတ်။ အချစ်တောင်းချိန်မှာ ဘာနဲ့မှ မရောနဲ့။ အချစ်ပဲ အတွင်ရအောင်တောင်း။ အချစ်ရလို့ လူရရင် ရှိတာအကုန်ရပြီပေါ့ကွာ"

"ဟုတ်ပ့ါမလား. . ။ သူက ကပ်စေးနည်းတယ်နော်"

"အေး. . နှမြောတွန့်တိုသူကို ဘာနဲ့သိမ်းသွင်းရလဲ။ သိလား"

"သိဘူး"

"မသိရင် မှတ်"

"ဟ. . ဘာလဲ။ ခေါ်သလား။ ကျောက်ပြင်ဖို့လား"

ကိုမှတ်က သူ့ကိုခေါ်တယ်မှတ်၍ လှမ်းထူး၏။

"ခင်ဗျားကို ဘယ်သူမှမခေါ်ဘူး။ ကျောက်ပြင်ချင်ရင် ကိုယ့်ကျောက် ကိုယ်ပြင်။ ဒီမှာ စိုးသူရကိစ္စ ပြောနေတာ"

"ဟုတ်လား. . ။ သူ့ကောင်မလေးက ပယ်ကောင်းပါတယ်။





မောက်မောက်စောက်စောက်လေး။ ငါသာ ပြင်လိုက်ရရင် အရောင်တက်သွားမယ်"

"ကိုမှတ်နော်. . ။ ငရဲကြီးချင်လို့လား"

"ဟ. . ငါက မင်းကောင်မလေးလက်က ကျောက်ကို ပြောနေတာ။ ငရဲကြီးစရာလား"

"ကဲ. . တော်ဗျာ။ ဒီမှာ စိုးသူရကို လက်ချာရိုက်နေတာ။ ဘယ်ရောက်သွားပြီလဲ"

"အိမ်ရောက်လောက်ပြီ။ ဈေးသိမ်းပြီပေါ့"

"ဟာ. . ခုနပြောနေတဲ့စကားကို ပြောတာ"

"ဪ. . နှမြောတွန့်တိုသူကို ဘာနဲ့သိမ်းသွင်းရမလဲ။ မသိရင် မှတ်။ ကိုမှတ်မပါဘူး"

"အေး. . မှတ်ထား။ ပေးကမ်းစွန့်ကြဲခြင်းဖြင့် သိမ်းသွင်းရမယ်ကွ။ ဒီတော့ မင်း သူ့ဆီသွားတိုင်း လက်ဆောင်တစ်ခုခု ဝယ်သွားပေး"

"အိုကေ"

စိုးသူရက အိုကေဆိုသော်လည်း မအိုကေသူမှာ သူ့အစ်မဖြစ်ပါ၏။

"ငါ့မောင်. . ဒီတစ်ခေါက် ကုန်ကျစရိတ်တွေ များလှချည်လား"

"အစစအရာရာ ဈေးတွေတက်ကုန်လို့ပါ မမ"

"ဪ. . အေး. . အေး. . "

ဤကဲ့သို့ သူ့အစ်မခမျာ 'ဪ. . အေး. . အေး. . 'ဆယ်ကြိမ်မျှ အော်ပြီးလေသော် စိုးသူရအိမ်ထောင်ကျလေ၏။ မန္တလေးမှာပဲ အခြေချလေ၏။

သူ့အစ်မကတော့ စကားတစ်ခွန်း ပို၍ညည်းဖြစ်ရလေ၏။

"ဪ. . အေး. . အေး. . ။ ပြန်မလာလည်း အေးတာပဲ"

***



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

ေနာက်ဆယ့်ငါးနှစ်ခန့်ကြာသော်...

"ဟာ. . စိုးသူရ။ မင်း ရန်ကုန်ပြန်ရောက်နေတယ်ဆို"

"အေး. . သုံးလေးနှစ်တောင် ရှိပြီ။ ဗိုလ်ချုပ်ဈေးမှာ ကျောက်မျက်ဆိုင်ဖွင့်ထားတယ်"

"မင်းမိန်းမရော"

"အဟဲ. . သမျှာင်နောက် ဆံထုံးပါပေ့ါကွာ။ ငါက ငါ့မိန်းမကို မန္တလေးကနေ ရောဝတီမြစ်ထဲမျှောပြီး ရန်ကုန်အရောက် ခေါ်လာတာ"

"ဟား. . ဟား. . တွေ့ကြသေးတာပေ့ါ။ သူပဲ မျောပါလာတာလား။ မင်းတို့ပဲ ရောဝတီမြစ်ထဲ တွေ့ခဲ့တာလား တွေ့မှ မေးကြည့်ရမယ်။ အိမ်လာလည်ကြစွာ"

တူ ပြောရင်း ဦးနေမင်းလှိုင်က သူ့လိပ်စာကတ်ပြားလေးကို ထုတ်ပေးလေ၏။ စိုးသူရကလည်း သူ့လိပ်စာကတ်ပြားလေး နှိုက်ပေးရင်း မေး၏။

"ဒါနဲ့ မင်းရော စာအုပ်လုပ်ငန်းပဲလား။ မင်းစာအုပ်တွေ ဖတ်ရပါတယ်" ၂



"ဟုတ်တယ်. . ။ စာအုပ်တိုက်ပဲ။ ရေးလည်းရေး၊ ထုတ်လည်း ထုတ်ပေ့ါ"

"မင်းမိန်းမကရော ပုံနှိပ်တိုက်ပဲလား"

"ဟုတ်ပါ့. . ။ ပုံနှိပ်တိုက်တို သူကိုယ်တိုင်ဦးစီးနေတာကွ။ ငါ့စာအုပ်တွေ သူပဲရိုက်ပေးနေတာ။ ငါ့မိန်းမက ငါခိုင်းသမျှ လုပ်ပေးနေတာပဲကွာ။ မီးသေပါတယ်။ ဟဲ. . ဟဲ. ."

"မင်းဟဲဟဲကြီးကလည်း တစ်မျိုးပဲ"

"လည်ချောင်းနာနေလို့ပါကွာ။ မယုံရင် အိမ်လာကြည့်လေ။ မင်းမိန်းမပါ ခေါ်ခဲ့"

"အေး. . လာခဲ့မယ်၊ လာမယ်ဆို ကြိုဖုန်းဆက်လိုက်မယ်။ တစ်ခုခု သောက်ဦးကွာ"

"မသောက်တော့ဘူး။ ကားပါတယ်။ စာအုပ်ဖြန့်ရဦးမှာ။ သွားမယ်ကွာ။ နောက်မှတွေ့မယ်"

"အိုကေ. . ဒါနဲ့ မောင်မောင်ဦးကြီးလည်း ရန်ကုန်ပြန်ရောက်နေတယ် ကြားတယ်"

"ငါလည်း ကြားတယ်။ တို့သူငယ်ချင်းသုံးယောက် ပြန်ဆုံချင်တယ်ကွာ"

"စိတ်ချ. . ငါကြိုးစားမယ်။ မောင်မောင်ဦးက ရွှေနေရုံးမှာ စုံစမ်းရင် ရပါတယ်။ အဆက်အသွယ်ရရင် ပြောမယ်။ ကဲ. . သွား. . သွား. ."

သူငယ်ချင်းနှစ်ယောက် ပြန်ဆုံကြချိန်မှာတော့ အသက်က စကားပြောနေပါပြီ။

ဦးနေမင်းလှိုင်က အသက်(၄၅)နှစ် ရှိနေပါပြီ။ စိုးသူရအရော ဘာထူးပါမည်နည်း။ (၄၅)နှစ်ထဲမှာပဲဖြစ်၏။ သူတို့ထဲမှာ ဦးမောင်မောင်ဦးက တစ်နှစ်ပိုကြီးသည်။ (၄၆)နှစ် ရှိနေပါပြီ။

သုံးယောက်လုံးသည် လူကြီးလူကောင်းစာရင်းဝင်တွေ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြပါ၏။ စီးပွားရေးလည်း အောင်မြင်၍ သားသမီးများပင် ရနေပါပြီ။

ဦးမောင်မောင်ဦးက သမီးတစ်ဦးမွေးထား၏။ နာမည်ကား. .

မိုးထက်မြင့်. . ။

အသက်အားဖြင့် ဆယ့်ငါးနှစ်သာရှိသေးသော်လည်း အဖေထွား၊ အမေထွားမို့ သူလေးကလည်း နုထွား ထွားသည်။

ပုသိမ်-ရန်ကုန် ကပြားလေးဆိုတော့ ပုသိမ်ချောချော၍ ရန်ကုန်လှ လှသည်။ တစ်ဦးတည်းသောသမီးလေးမို့ ဖူးဖူးမှုတ်ထားကြသည်။ အအေးပတ်လျှင် ပြဿနာ။

ဦးနေမင်းလှိုင်ကတော့ သားတစ်ယောက်၊ သမီးတစ်ယောက် ရထားသည်။

သားက ဆယ့်လေးနှစ်ပဲရှိသေးသည်။ အမည်သညာ ခေါ်စရာကား မောင်နေအေး။

နာမည်ပေးဖို့ ရွေးတော့ စိတ်ညစ်ရသေးသည်။ အဖေနာမည်၊ အမေနာမည် တစ်လုံးစီပဲရသည်။ ပိုထည့်ကြည့်ရာ အဆင်မပြေ။

မောင်နေအေးမှာ ကြော့ထပ်ထည့်လို့ကလည်း မကောင်း၊ သွယ်ထည့်လို့ကလည်း မရ၊ ကေထည့်ဖို့လည်း မဖြစ်တော့ ဒေါ်ကေသွယ်အေးကြော့က အမိန့်ထုတ်သည်။

"ရှင့်နာမည်ထဲကလည်း တစ်လုံးထက် ပိုမထည့်နဲ့။ ဒါပဲ"

သို့ဖြင့် မောင်နေအေးခမျာ ယက်ကန်ယက်ကန်ဖြင့် လူလိမ်နေဇလားရယ်လို့ ထင်ယောင်မှားခံရင်း လူ့ဘဝကို ကျော်ဖြတ်လာရ၏။

ဟိုနေဇက တစ်လောကလုံးရှိလူတွေ လိုက်လိမ်သော်လည်း မောင်နေအေးကတော့ မိဘနှစ်ပါးမှလွဲ၍ မည်သူ့ကိုမျှ မလိမ်။

တစ်ခါတစ်ရံ သူ့ညီမ ခင်ကြော့ကြော့လှိုင်ကိုသာ လိမ်တတ်၏။ ခင်ကြော့ကြော့လှိုင်ကတော့ အဖေတစ်လုံး၊ အမေနှစ်လုံး ထည့်ထားရတာမို့ ပြဿနာမဖြစ်။ သူလေးက မောင်နေအေးထက် နှစ်နှစ်သာငယ်သည်။





သူတို့ထဲမှာ စိုးသူရက ထုတ်လုပ်မှုအားကောင်း၏။ ကလေးရတာ နောက်ကျပြီး ရမယ့်ရတော့ သုံးယောက်ဆက်တိုက်။

အကြီးဆုံးကောင်လေးကမှ ဆယ်နှစ်ပဲရှိသေးသည်။ အငယ်ကောင်က ခုနစ်နှစ်။ အငယ်ဆုံးမလေးက ငါးနှစ်။

ဘာပဲဖြစ်ဖြစ် သူတို့သုံးယောက်လုံးအတွက် အိမ်ထောင်မှုဘဝသည် ပျော်စရာကောင်းသည်ဟုသာ စံသတ်မှတ်ရမည်ဖြစ်ပါ၏။

သူငယ်ချင်းသုံးယောက်လုံး မိသားစုသိုက်သိုက်ဝန်းဝန်းဖြင့် ဘဝတွင် အဆင်ပြေစွာ ရပ်တည်နေနိုင်ကြပြီမဟုတ်လား။

သို့သော်. .

***



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

"တီ. . တီ. . တီ. . တီ. ."

"ကြော့ရေ. . ဖုန်းလာနေတယ်။ ကိုင်လိုက်ပါကွာ"

"အားဘူး. .။ ကိုယ့်ဘာသာကိုယ် လာကိုင်"

"မင်းက ဘာလုပ်နေလို့လဲ"

"စာဖတ်နေတယ်။ ရှင့်စာမူတွေ ဖတ်နေရတာ"

"တီ. . တီ. . တီ. ."

"လာပါပြီဗျ. . လာပြီဗျ"

ဦးနေမင်းလှိုင် စာရေးနေရာက ထပြီး ဖုန်းကိုကောက်ကိုင်လိုက်ရ၏။

"ဟဲလို. . နေမင်းလှိုင်ပါ"

". . . . . . . ."

"ဟာ. . စိုးသူရ၊ ပြော. ."

". . . . . . . ."

"မောင်မောင်ဦးနဲ့တွေ့တယ်. . ဟုတ်လား"

". . . . . . . ."





"အေး. . ကောင်းတယ်။ လာခဲ့မယ်။ ငါ့မိန်းမလား. . ရှိတယ်။ ငါ့ကို နှိပ်ပေးနေတာကွ။ ဖုန်းလာတော့ သူထကိုင်မယ်လုပ်လို့ နေပစေဆိုပြီး ငါထကိုင်တာ။ ဒါကြောင့် မင်းနဲ့တန်းတိုးတာ"

". . . . . . . ."

နေမင်းလှိုင်၏အသံကြောင့် ဒေါ်ကေသွယ်အေးကြော့ စာအုပ်ပေါ်မှကျော်၍ နေမင်းလှိုင်ကို ကြည့်သည်။ ဘာအချိုး ချိုးနေသလဲပေါ့။

နေမင်းလှိုင်က လက်ကာပြ၍ မျက်စိမှိတ်ပြပြီး ဖုန်းဆက်ပြောနေ၏။ ဖုန်းပြောပြီးသွားတော့ ဒေါ်ကေသွယ်အေးကြော့ကို မျက်နှာချိုသွေး၏။

"ငါ့သူငယ်ချင်း စိုးသူရလေ။ ရန်ကုန်ပြန်ရောက်နေတယ်။ မန္တလေးက သူ့မိန်းမလည်း ရန်ကုန်လိုက်နေသတဲ့။ ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားဆိုပဲ"

"ဟုတ်လား. .။ ခုနပြောတာ ဘာ. .။ ဘယ်သူက ရှင့်ကိုနှိပ်ပေးနေတယ်. ."

"အဟဲ. . မင်းကလည်းကွာ။ ဟိုအစကတည်းက ကတိစကားထားခဲ့တာလေ။ မမှတ်မိဘူးလား"

"မှတ်မိတယ်။ လာ. . ဇက်ကြောတစ်ရာ လာဆွဲပေး"

"အန်. ."

"လာဆိုနေ၁. .။ မလာရင် ရှင့်သူငယ်ချင်းတွေရှေ့ကျ ကြမ်းပြလိုက်မယ်။ ဒါပဲ"

"မလုပ်ပါနဲ့ကွာ။ လာပါပြီ။ တစ်ရာ များတယ်။ ငါးဆယ်ထား"

"မရဘူး။ တစ်ရာပဲ။ ထိထိမိမိ တစ်ချက်ချင်းနှိပ်။ ရေထားမယ်"

နေမင်းလှိုင်တစ်ယောက် ဒေါ်ကေသွယ်အေးကြော့အား နောက်မှနေ၍ ဇက်ကြောတစ်ရာ ဆွဲပေးနေရရှာ၏။

ဒေါ်ကေသွယ်အေးကြော့ကတော့ မျက်လုံးလေး မှေးလို့။

ထိုအချိန်ဝယ်. .



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးသူရအိမ်၌လည်း ကြည့်. .။

"ကိုစိုး. . ခုန ဘယ်သူ့ဆီ ဖုန်းဆက်တာလဲ"

"ကိုယ့်မိတ်ဆွေနေမင်းလှိုင်လေ။ စာရေးဆရာနေမင်းလှိုင်ပေါ့"

"သိတယ်။ မပြောနဲ့တော့။ ရှင်တို့ ဘာကိစ္စ ဘယ်ကိုချိန်းနေကြတာလဲ"

"ဩော်. . မနက်ဖြန်ဆို သူငယ်ချင်းသုံးယောက် ပြန်ဆုံကြဖို့ ချိန်းနေကြတာ။ ဟို. . ရှေ့နေကြီးမောင်မောင်ဦးလည်း ပါမယ်လေ"

"သိတယ်. . မပြောနဲ့"

"ဟောဗျ. . သူပဲ မေးပြီး. ."

"မနက်ဖြန် ရှင်မအားဘူးလေ။ ဆိုင်ထွက်ရမယ်"

"ဆိုင်က မင်းရှိတာပဲကွာ"

"သိတယ်. . မပြောနဲ့။ မနက်ဖြန် ကျွန်မ ယတြာသွားချေရမယ်။ ဒီတော့ ရှင် ဆိုင်မှာရှိနေရမယ်"

"မလုပ်ပါနဲ့ကွာ။ ချိန်းထားပြီးပြီ။ မင်းယတြာ နောက်နေ့မှချေ"

"မသိဘဲ မပြောနဲ့။ ယတြာက အချိန်နဲ့အခါနဲ့ ချေရမှာ"

"မင်းယတြာက ဘယ်အချိန်ချေရမှာလဲ"

"ရှင်သွားမယ့်အချိန်"

"အန်. ."

ဦးစိုးသူရ မဲ့သွားရှာသည်။ ကြံကြံဖန်ဖန် ယတြာချေမှာက သူသွားမယ့်အချိန်တဲ့။

ဦးစိုးသူရ မေးပွတ်စဉ်းစား၏။ ဒီမိန်းမနှင့်ကတော့ မလွယ်။ ဘာပြောပြော သူသိတယ်ချည်း ပြောနေ၏။ သူမသိတာလည်း ဘာမှမရှိ။

"ရှင် ဘာလိမ်ဖို့ အကြံထုတ်နေတာလဲ"

"ဟုတ်ဘူး. ."

"အဟုတ်ပြောတာနော်။ ယတြာချေရမှာက မိသားစုအားလုံး





အတွက်။ ရှင်က သာမန်လူမှုရေးကိစ္စ။ သောက်စားမယ့်ကိစ္စ"

"သိတယ်. . မပြောနဲ့။ အဆင်ပြေအောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေတာ"

ဒီတစ်ကြိမ်တော့ စိုးသူရက ဦးအောင်သိလိုက်သဖြင့် ဒေါ်မူမူသက် တွန့်သွား၏။

"ဘာမှအဆင်ပြေဖွယ်မရှိဘူး။ ရှင့်ကိစ္စသာ ဖုန်းပြန်ဆက်လိုက်။ ရက်ရွှေ့လိုက်"

"မဖြစ်ဘူးထင်တယ်။ လူကြီးလူကောင်းတွေနော်။ စကားတစ်ခွန်းပြောပြီး ပြင်လို့မကောင်းဘူး"

"သိတယ်. . မပြောနဲ့။ ရအောင်ပြင်။ ပေး. . ဖုန်းနံပါတ်။ ကျုပ်ဆက်ပြောမယ်"

"မ. . မလုပ်ပါနဲ့ကွာ။ ငါသိက္ခာကျပါ့မယ်။ မင်းကိုယူပြီး ကတည်းက ငါဘာကတိတောင်းထားလဲ"

"သိတယ်လေ. . မပြောနဲ့. .။ ဒါဆို ကတိအရ ရှင် ကျွန်မကို အိပ်ခါနီး တစ်နာရီနှိပ်ပေးမလား"

"သဘောတူထားတာ နာရီဝက်ပါကွာ"

"သိတယ်. . မပြောနဲ့။ အခုကိစ္စက နှစ်ယောက်နဲ့တွေ့ရမှာဆိုတော့ နှစ်ယောက်စာနှိပ်ရမယ်။ ဒါပဲ"

"သိပြီ. . မပြောနဲ့တော့။ နှိပ်မယ်. . လာထား"

စိုးသူရက နှိပ်မှာကို ဝက်သတ်မည့်ပုံစံဖြင့် အကျႌလက်မောင်း ဆွဲတင်နေ၏။

"ရှင်နော်. . ကြင်ကြင်နာနာနဲ့ ဖြည်းဖြည်းသက်သာမနှိပ်လို့ကတော့ အမျိုးသမီးရေးရာကိုပါ တိုင်ပစ်လိုက်မယ်။ ဟင်း. ."

ထိုညက ဒေါ်မူမူသက် ခုတင်ထက်မှာ အနှိပ်ခံရင်း နာရီဝက်အတွင်း အိပ်ပျော်သွားသဖြင့် ဦးစိုးသူရသက်သာခွင့်ရသွားရှာလေ၏။

မနက်ဖြန် အေးချမ်းစွာသွားခွင့်ရပြီမို့ သက်မပွဖွချဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မူမူသက်က သူ့ယကြောကိစ္စကို ဆိုင်းငံ့လိုက်သည်မဟုတ်လား။

တကယ်တော့. .

ဒေါ်မူမူသက် ဘာယကြောမှ သွားချေရန်မရှိပါ။ ဦးစိုးသူရအား သက်သက်နှိပ်ကွပ်ခြင်းသာဖြစ်ပါ၏။

ဘာပဲဖြစ်ဖြစ်. .

ဦးစိုးသူရကတော့ သူသွားရမယ့်ခရီးကို သွားနိုင်ဖို့ရာ ဒေါ်မူမူသက်အား စည်းရုံးနိုင်ခဲ့၊ အောင်နိုင်ခဲ့ပါ၏။

သို့သော် သူပြောသလို စကားမြစ်ထဲမျှောပစ်ခြင်းတော့ မဟုတ်။

မာဆတ်ချောင်းတွင်း အသာဆင်း၍ နှင်းရင်း. . နှိပ်ရင်း. . ပုံပြောရင်းလေ. . ။

***



# ◁ ၁၆ ▷

"ပျော်တယ်ကွာ. . ။ တို့သူငယ်ချင်းသုံးယောက် အခုလိုပြန်ဆုံရတာ ကောင်းမြတ်တဲ့လက္ခဏာပဲကွာ။ ရော့ကွာ. . ချ"

ရွှေနေကြီးမောင်မောင်ဦးက အားရဝမ်းသာပြောသည်။ ဘီယာခွက်ကိုလည်း စိုးသူရထံ ပေးလိုက်သည်။ စိုးသူရက ဘီယာကိုယူသောက်ရင်း ခေါင်းလေးညိတ်လိုက်လျက်. .

"အေးကွာ. . ။ တို့တစ်တွေ အခုလို လွတ်လပ်စွာဆုံခွင့်ရတာ ဝမ်းသာစရာပဲ။ အားလုံးက လုပ်ငန်းတာဝန်တွေ၊ အိမ်ထောင့်တာဝန်တွေ ပိနေတဲ့ လူတွေချည်းပဲ။ ဟား. . ဟား. . "

ဟု ပြောလေရာ ဦးနေမင်းလှိုင်ကလည်း နှုတ်သွက်လျှာသွက် ထောက်ခံလေ၏။

"ဟုတ်ပ. . ။ ငါ့မှာလည်း တစ်သက်လုံး စာရေးရ၊ စာအုပ်ထုတ်ရ။ မိန်းမရတော့လည်း ပုံနှိပ်စက်ပါ ဝင်ကြည့်ပေးရ။ သားသမီးတွေရတော့လည်း သားရေး၊ သမီးရေးတွေ ပိလို့ကွာ။ ခုလိုမျိုး စိတ်လွတ်ကိုယ်လွတ် နားရတယ်မရှိပါဘူး။ အခု ဒီကောင်စိုးသူရနဲ့တွေ့မှပဲ ဒီလိုမင်္ဂလာရှိတဲ့ပွဲလေးကို နွှဲရတော့တယ်ဟေ့။ ချပြီကွာ. . ဟေး. . ဟေး. . "



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦး တကယ်ပင်ပျော်ရွှင်နေကြပါသည်။ သုံးဦးလုံးကား အလုပ်တွေကိုယ်စီပိ၍ အိမ်ထောင့်တာဝန်တွေ ကိုယ်စီပိနေခဲ့ကြသူများ ပီပီ ယခုကဲ့သို့ အေးရာအေးကြောင်း စားပွဲမထိုင်ဖြစ်ခဲ့ကြချေ။

ဦးမောင်မောင်ဦးဆို ပိုဆိုးသေး။ ရွှေနေရွှေရပ်ဟူသော ဂုဏ်ပုဒ်ကြီးကြောင့် သူ့ခမျာ လူအများကြားတွင် ကျဉ်းကျပ်စွာနေခဲ့ရသည်။ အမှုသည်များ၊ တပည့်တပန်းများရှေ့တွင် ဣန္ဒြေကြီးတစ်ခွဲသား ဖြစ်နေခဲ့ရသည်။

သည်ကြားထဲ ဇနီးကလည်း ကျောင်းဆရာမပီပီ စည်းကမ်းတွေကများ၊ စကားတွေကလည်း များ၊ သမီးလေးကလည်း ငယ်စဉ်က ငယ်လို့ ကြီးတော့လည်း အရွယ်ရောက်ပြီမို့ ဂရုစိုက်ပြုစုစောင့်ရှောက်လာရသည်မှာ ကိုယ်ပိုင်အချိန်ပင် နည်းခဲ့ရှာပါ၏။

တကယ်ပြောကြေးဆို သုံးယောက်လုံး ဤနည်းနှင်နှင်ပင် ဖြစ်ဟော့၏။

ဦးမောင်မောင်ဦးက ဦးနေမင်းလှိုင်ကိုကြည့်ကာ မေးသည်။

"ဟေ့ကောင်. . နေမင်းလှိုင်က စာရေးဆရာလုပ်နေပြီး ဒီလိုမျိုး စားပွဲဝိုင်းမထိုင်ဖူးဘူးလားကွ. . ဟေ"

"မှန်ရာဝန်ခံရရင် တစ်ခါတစ်ရံတော့ ထိုင်ဖူးပါတယ်။ အလုပ်ကိစ္စရှိလို့ ပြောကြဆိုကြတဲ့ အခါမျိုးပေါ့။ အခုလို အေးအေးချမ်းချမ်း သက်သက်တော့ မထိုင်ခဲ့ဖူးပါဘူး။ အခုတော့ စိတ်ထဲမှာ လွတ်လပ်ပြီး ရှင်းနေတာပဲကွာ"

နေမင်းလှိုင်စကားဆုံးတော့ စိုးသူရက ဟက်ခနဲရယ်ကာ ဝင်ပြောသည်။

"ဟား. . ဟား. . ဖြစ်ရမယ်။ အခုမှပဲ အိမ်တွင်းပုန်း၊ အလုပ်ခိုအောင်းတွေ ရင်ဖွင့်နေကြတော့တယ်"

"အံမာ. . မင်းကရော"

"အတူတူပါပဲကွာ။ ဟား. . ဟား. . "





သုံးဦးသား ဟားတိုက်ရယ်မောရင်း ဘီယာလေးကိုယ်စီငုံကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဖြစ်ကြသည်။

"နေပါဦး။ တို့တစ်တွေကွဲကွာနေတဲ့ကာလမှာ ကျောင်းတုန်းက တို့ချမှတ်ထားတဲ့ မှင်ချက်နဲ့အညီ မိန်းမတွေကို ဆက်ဆံရဲ့လားကွ ဟေ. . ။ ပြောကြစမ်း။ အဲဒါ အရေးကြီးတယ်"

နေမင်းလှိုင်က မေးရင်း သူငယ်ချင်းနှစ်ယောက်မျက်နှာများကို သေချာကြည့်နေ၏။ နှစ်ယောက်လုံးက ပြုံးဖြဲဖြဲ။ သူလည်း ပြုံးဖြဲဖြဲပါပဲ။

စိုးသူရက စဖြေသည်။

"ဟင်း. . ဟင်း. . ငါ့မိန်းမက မန္တလေးသူလေ။ ဈေးချိုသူလေကွာ။ ဈေးချိုသူတွေ အပြောကောင်းသလောက် မာနကြီးတာ မင်းတို့ သိပါတယ်"

"ငါမသိဘူးကွ"

နေမင်းလှိုင်က ဝင်လှောင်သည်။

"မသိရင် နားထောင်။ ငါ့မိန်းမ မှုမှုသက်ဆို ဘယ်ယောက်ျားလေးမှ ကပ်လို့ရတာမဟုတ်ဘူး"

"ကော်မကောင်းလို့နေမှာ"

"ဟား. . ဟား. . "

"ဘာပဲဖြစ်ဖြစ် သူ့ကို ငါက ငါ့စကားမြစ်ထဲ မျှောပစ်ပြီးမှ ရေမွန်းတုန်း ဆယ်ယူခဲ့တာကွ"

"ဟုတ်ရဲ့လားကွာ"

"အမှန်နော်။ အခုရော ဘယ်လိုနေလဲ။ မင်းကို နိုင်လား"

"ဟား. . ဘယ်ရမလဲကွာ။ မယားနေစ ကြောင်သေမှဆိုတဲ့ မှုနဲ့ ကြမ်းထားလိုက်တာ အခုထိ မီးကိုသေလို့။ သက်ဆိုတာနဲ့ နားခွက်က မီးတောက်ပြီးသား"

"ဟကောင်. . သေချာလို့လား။ ငါတို့လာကြည့်မှာနော်"

နေမင်းလှိုင်က ပြောတော့ ဦးမောင်မောင်ဦးကပါ ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ တို့ စစ်ဆေးရေးဝင်မယ်နော်"

"ဝင်စမ်းပါ. . ။ ကြိုက်သလိုဝင်။ စိုးသူရတို့ကတော့ မိန်းမတင် မကဘူး။ သားသမီးတွေအပေါ် ဩဇာညောင်းထားတာ"

"တယ်ဟုတ်ပါလား။ မင်းက အခု ကလေးဘယ်နှယောက်လဲ"

"သုံးယောက်ကွ။ အကြီးကောင်က ဆယ်နှစ်။ အလတ်ကောင်က ခုနစ်နှစ်။ အငယ်ဆုံးမလေးက ငါးနှစ်"

"ဟ. . များလှချည်လား"

"မင်းကလေးတွေက ချာတိတ်တွေပဲ ရှိပါသေးလား။ ငါ့သမီး တောင် ကြီးလှပြီ။ မင်းက ဘာလို့ မွေးတာနောက်ကျနေရတာလဲ"

"မအားလို့ကွ"

"ဘယ်သူမအားတာလဲ။ မင်းလား၊ မင်းမိန်းမလား"

"နှစ်ယောက်လုံး မအားတာ။ အိမ်ထောင်ကျစက စီးပွားရေး တွေနဲ့ လုံးပန်းနေရပြီး မအားဘူးလေ"

"နောက်တော့ကော ဘယ်လိုလုပ်အားသွားတာလဲ။ စီးပွားရေး မလုပ်တော့လို့လား"

"စီးပွားရေးကတော့ တစ်သက်လုံးလုပ်နေတာပဲကွ။ အိမ်ထောင် ကျစက မိန်းမက ကလေးမွေးချင်စိတ်မရှိဘူးနဲ့ တူပါတယ်ကွာ။ မမွေးဘူး"

"အေးလေ. . မွေးမယ့်မွေးတော့လည်း သုံးယောက်ဆက်တိုက်"

"သူလည်း မီရာကားနဲ့ လိုက်ရတာပေါ့ကွာ။ ဟား. . ဟား. ."

"မင်းကိုသာ ပြောတာ။ ကိုယ်လည်း ကလေးနှစ်ယောက်ဟ။ သားကြီးက ဆယ့်လေးနှစ်၊ သမီးက ဆယ့်နှစ်နှစ်ရှိနေပြီ။ ဆိုးတယ်ဟ။ ဖအေကိုများ သိပ်ဂျီကျတာပဲ"

နေမင်းလှိုင်က ပြောပြီး မောင်မောင်ဦးကိုလှမ်းကြည့်၏။ ဦး မောင်မောင်ဦးအလှည့်တည်း။

"တို့ကတော့ သမီးတစ်ယောက်ပဲမွေးတယ်။ တစ်ယောက်ဆို တစ်ယောက် ဆိုသလောက် မအေတူ၊ ဖအေတူဆိုတော့ အရပ်မြင့်မြင့်၊





ခပ်ချောချောပဲကွ။ အသက်ဆယ့်ငါးနှစ်ပဲရှိသေးတယ်။ လူကောင်က ထွားတယ်။ ငါ့ဘက် မျိုးရိုးလိုက်တာပေါ့ကွာ။ ဟား. . ဟား. ."

"အေးကွာ. . ။ တို့တစ်တွေလည်း သားသမီးတွေကိုယ်စီနဲ့ စိတ် ဖိစီးမှုတွေ များလှတယ်။ ဒီတော့ တို့သုံးယောက်ပြန်ဆုံခိုက်မှာ ဒီလိုလုပ် ကြရင် ကောင်းမယ်"

ဟု နေမင်းလှိုင်က ပြောရာ နှစ်ယောက်သား သံပြိုင်မေးကြ၏။

"ဘယ်လိုလုပ်ကြမှာလဲ"

"ဘယ်လိုလုပ်ချင်တာလဲ"

"ဒီလိုကွာ. . ။ တို့ အခုလို မိတ်ဆုံပွဲလေးကို တစ်ပတ်တစ်ခါ ကျင်းပကြမယ်။ အလှည့်ကျ ဒကာခံကြေးပေါ့။ အခု ငါက စပြီးခံမယ် လေ။ ကြိုက်တာ မှာကြ"

"အေး. . ကောင်းတယ်။ ကြိုက်တာမှာဆို ငါကြိုက်တာ ဟိုမှာ ကွ။ မင်းမှာပေး"

စိုးသူရက ကောင် ဘာမှ စာရေးမလေးကို မေးငေ့ပြရင်း ပြော ၏။ ဦးမောင်မောင်ဦးက လှမ်းကြည့်ပြီး. .

"ဒါမျိုးတော့ ငါလည်းကြိုက်တာပဲ မောင်"

ဟု ဆိုရာ နေမင်းလှိုင်ကလည်း ဝင်ပြော၏။

"တို့လည်း ကြိုက်တတ်ပါတယ်ကွာ"

"အေး. . ဒါဆို ဒီလိုလုပ်။ အကြိုက်ချင်းတူတယ်။ နောက်တစ်ခါ ဆုံကြရင် ညစာစားပွဲနဲ့ ဆုံမယ်ကွာ။ ကာရာအိုကေ၊ စတိတ်ရှိုးရှိတဲ့ဆိုင် မှာ ဆုံကြမယ်။ ကဲလို့ရတာပေါ့။ ဘယ့်နှယ်လဲ"

"အိုကေ. . ထောက်ခံတယ်"

"ကန့်ကွက်ရန် မရှိပါ"

စိုးသူရ၏ အကြံပြုချက်ကို ကန့်ကွက်မဲမရှိ အတည်ပြုလိုက် ကြ၏။

"နောက်တစ်ခု ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းလှိုင်က ပြောခြင်းဖြစ်သည်။

"ပြော"

"ရုံးတော်ကို ဘာတင်ပြချင်လဲ"

"ဒီလိုပါ. . ။ ဆိုင်မှာလည်း တို့သုံးယောက်ပျော်ကြသလို ကိုယ့်သူငယ်ချင်းတွေ အိမ်မှာ မိန်းမကို ဘယ်လိုပိုင်တယ်ဆိုတာ သိရအောင် တစ်လှည့်စီ ထမင်းဖိတ်ကျွေးကြရမယ်။ ကိုယ်က စကျွေးမယ်။ ဘယ်နဲ့တုံး"

"စိမ်လိုက်"

"တို့မိသားစုအားလုံး လာစားရမှာလား"

"အေးပေါ့. . ။ မင်းက ကလေးများတော့ မင်းသာတာပေါ့"

"ဒါဆို မင်းတို့လည်း ငါ့လို ပိုမွေးပေါ့"

"တော်ပါပြီကွာ. . ။ မမွေးအားပါဘူး။ မင်းသာ အားလို့မွေးတာ။ ဟား. . ဟား. . "

သုံးယောက်သား သောက်လည်းသောက်၊ စားလည်းစားပြီး စကားတွေပြောမဆုံးနိုင့် တဝါးဝါးပွဲကျနေကြ၏။

တစ်သက်လုံး မလွတ်လပ်စွာနေခဲ့ကြရသမျှ ဒီနေ့မှ လွတ်လပ်ပျော်ရွှင်နေကြရလေပြီ။

သုံးယောက်လုံး စိတ်တူကိုယ်တူ အတူတကွ ပျော်ရွှင်စွာ စားသောက်ပြောဆို ရယ်မောကြလျက် ဝိုင်းသိမ်းကာ အိမ်သို့ ကိုယ်စီပြန်သွားကြသည်ရှိသော်. .

***





"ကြည့်စမ်းပါဦး. . ။ ဘယ်လိုဖြစ်လာတာတုံး။ အရက်တွေသောက်လာတယ်။ ကိုယ့်ဂုဏ်သိက္ခာနဲ့များရှင်. . ။ ဘယ်က ကလေကဝတွေနဲ့ တွေ့လာလဲမသိဘူး"

"ဟ. . ဟ. . မိန်းမ။ ရမ်းမပြောနဲ့။ ငါ့သူငယ်ချင်းတွေနဲ့တွေ့လို့ အမှတ်တရ သောက်လာတာ။ ဘယ်ကောင်မှ ကလေကချေမပါဘူး။ လူကြီးလူကောင်းတွေချည်းပဲကွ။ အေ့. . "

"အဖေကလည်း. . ဟုတ်သားပဲ။ သမီးသူငယ်ချင်းတွေရှေ့မှာ ဒီလိုမူးလာရင် သမီးအရှက်ရမှာပေါ့"

"အေးပါကွာ. . ။ နောက်. . မူးအောင်မသောက်တော့ပါဘူး။ ဒီနေ့ နည်းနည်းများသွားတယ်။ အေ့. . "

"တော်. . ဒါပဲနော်။ နောက်သောက်လာလို့ကတော့ ကျုပ်နဲ့ အတွေ့ပဲ"

"မင်းနဲ့က အမြဲတွေ့နေတာပဲကွာ။ မသောက်လည်း တွေ့နေတာပဲ။ အဆန်းလုပ်လို့. . ။ ပြဿနာလုပ်လို့. . ။ ရွှီးမှပဲ. . "

"ရှင်. . ရှင်. . ဘာပြောတယ်။ မိုက်ရိုင်းလှချည်လား"

"ငါဘာမိုက်ရိုင်းလို့လဲကွာ။ ရွှီးဆိုတာ ရှူးရှူးပေါက်ချင်လို့ကွ။ ဘီယာသောက်ရင် ရှူးရှူးပေါက်တယ်။ ရှူးရှူးလေးရေ. . ရွှီး. . ရွှီး. . လာ. . ပေါက်ကြစို့"

သွားပြီ. . ။ ရှေ့နေရင့်မကြီး အရက်မူးတော့ နုငယ်လေးဖြစ်သွားလေပြီ။

ဒေါ်မြမြလှိုင်လည်း ဆက်မပြောတော့။ ဆက်ပြောလျှင် အရှက်ကွဲဖို့ပဲရှိတော့သည်။

'အမူးပြေမှ သိမယ်'

ဟု တေးထားရင်း အိပ်ရာထဲ မှောက်အိပ်နေလိုက်လေတော့၏။

တော်ပေါ့. . ။

***



www.burmeseclassic.com

www.burmeseclassic.com



"အလိုရှင့် . . ဘယ်လိုဖြစ်ရတာလဲ"

"မှူးလာတာလေကွာ . . ။ မမြင်ဘူးလား"

"အလိုလေး . . လေး . . ပြင်ပြောစမ်း . . ပြင်ပြောစမ်း . . ။ လေသံက . ."

"ဟ . . ပြင်ပြောလို့ ရမလား။ မှူးလာတာ မှူးတဲ့အသံပဲ ထွက်မှာပေါ့။ စာရေးဆရာမိန်းမလုပ်ပြီး ဘာမှမသိဘူး။ ထွီ . ."

"ဟင် . . တံတွေးကို ကြမ်းပြင်ပေါ် ထွေးချတယ်။ ဘယ်ကလေကဝတွေနဲ့ သောက်စားမှူးယစ်လာလဲ မသိဘူး"

"မင်း ရမ်းမပြောနဲ့။ နေမင်းလှိုင်လား ကလေကဝနဲ့ပေါင်းမှာ။ လူကြီးလူကောင်း၊ လူတော်လူမြတ်တွေနဲ့ သောက်လာတာကွ"

"အလိုတော် . . လူတော်လူမြတ်က အရက်သောက်ရသလား"

"ဟ . . ပါးစပ်ကြီးနဲ့လေ။ သောက်မှာပေါ့။ မင်းဒုံးဝေးပါလား"

"ကြည့်ပါဦး . . ။ ကျုပ်ကိုများ မာရေကျောရေနဲ့။ ဒီလို ဘယ်တုန်းက ပြောဖူးလို့လဲ"

"အခုပြောနေပြီလေ။ မင်းဘာဖြစ်ချင်လဲ"

"ဒါဖြစ်ချင်တယ်ရှင်။ ကဲ . ."

"ဒေါက် . ."

"အမယ်လေးဗျာ . ."

ဒေါ်ကေသွယ်အေးကြော့က နီးရာဆေးလိပ်ခွက်နှင့် ကောက်ပေါက်လိုက်ရာ ဦးနေမင်းလှိုင်ခမျာ နဖူးတည့်တည့်မှန်သွား၏။

နဖူးမှ သွေးများကျလာသဖြင့် လက်ဝါးနှင့်အုပ်ထားသော ဖခင်ဆံ သားနှင့်သမီးက ပြေးလာပြီး ဖေးမပြုစု၏။

"အမေကလည်းဗျာ . . ။ ဒီလောက်ထိ လုပ်ရသလား"

"ဟဲ့ . . ငါဘေးချော်ပစ်တာ လက်တည့်သွားလို့။ အစ်ကို . . သိပ်နာသွားလား"

"နာတာပေါ့ ကန်းတာမရှဲ့"





"ပြောပါရှင့် . . ။ ကျွန်မ ကန်းနေလို့ နဖူးမှန်တာပါ။ မြင်များမြင်ရင်တော့ သွားတွေ အထွေးလိုက်ကျွတ်သွားနိုင်တယ်"

"အရေးထဲ အမေက ခြိမ်းခြောက်နေသေးတယ်"

"ဟဲ့ . . နင့်အဖေပြောတာ ကြားလား"

"ကဲ . . ဘာလုပ်မလဲ အဖေ။ ဆေးခန်းသွားမလား"

"ဟာ . . မသွားဘူး။ ဆေးထည့်လိုက်ရင် ကောင်းသွားမှာ။ နည်းနည်းလေးပါ။ အဖေက မာပါတယ်"

"ကဲ . . အမေ့ယောက်ျားကို အမေပဲ ပြုစုလိုက်တော့။ ဒါမှ မြန်မြန်သက်သာမှာ"

"ကို . . သိပ်နာနေလားဟင်"

"နာတယ်"

"ကြော့ကို စိတ်ဆိုးလား"

"ဆိုးပါဘူး"

"နောက် မသောက်နဲ့နော်"

"သောက်ရင် . ."

"ပေါက်မှာပဲ"

"မင်းပေါက်လို့ သေမယ်ဆို ဒီကောင်ဆယ်ခါပြန်သေရဲပါတယ်။ ပေါက်ကွာ . . ။ သောက်မှာပဲ"

"အစ်ကို အစက ဒီလောက်မသောက်ပါဘူး"

"ဒီနေ့ နည်းနည်းများသွားတယ်။ မနက်ဖြန် နည်းနည်းပိုမယ်။ နောက်နေ့ ပြန်လာချင်မှ ပြန်လာနိုင်မယ်"

"ကို . . အဲဒီလို မဆိုးနဲ့ကွာ"

"ဆိုးဆိုးပဲ"

ဟုတ်နေပါပြီ။ မမှူးလျှင် အရှုံးပေးခဲ့သမျှ မှူးတုန်း အနိုင်ယူနေတော့၏။

ထိုညက ဒေါ်ကေသွယ်အေးကြော့၏ ပြုစုယုယမှုအောက်၌



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းလှိုင်တို့ ဝတ္ထုတစ်ပုဒ်စာမျှရရှိလျက် အိပ်ပျော်သွားခဲ့ရပါ၏။

"ခလူး. . ခလော. ."

***

"အလိုလေး. . လေး. . ဒယီးဒယိုင်နဲ့ ဘယ်လိုဖြစ်လာရတာလဲ"

"ဒယီးဒယိုင်နဲ့ ဘယ်လိုဖြစ်ရမှာလဲ။ ကိုယ့်အိမ်ကိုယ် အပြီးအပိုင်ပြန်လာတာလေ။ တံခါးဖွင့်ကွာ"

"ဖွင့်ထားတယ်လေ။ ဝင်ခဲ့ပါလား"

"ဟေ. . တံခါးဖွင့်ထားတယ်။ အေ့. . ကိုယ်ပြန်မလာသေးဘဲ ဘာလို့ တံခါးဖွင့်ထားရတာလဲ။ ဘယ်က ကလေကဝတွေ ဖွင့်ဖို့ ဝင်ထားရတာလဲ။ ပြန်ပိတ်"

"မြတ်စွာဘုရား. .။ ရှင်. . ရှင်. . ကိုစိုးသူရတော့ ဟုတ်ပါတယ်နော်"

"ဟေ. . ကိုယ့်ယောက်ျား ကိုယ်မမှတ်မိရအောင် မင်းမျက်စိ ဘယ်သွားပေါင်ထားလဲ"

"မန္တလေးပြန်ပို့. . အဲ. . ရှင်ဘာတွေပြောနေတာလဲ"

"ဘာပြောရမလဲ။ တံခါးပြန်ပိတ်"

"ရှင် အိမ်ထဲမဝင်ဘူးလား"

"ဝင်မယ်"

"ဝင်မယ်ဆို ဝင်လေ။ ဝင်ပြီးမှ ပိတ်မှာပေါ့"

"မဟုတ်ဘူး. .။ အခု ပြန်ပိတ်။ ငါမလာခင် တံခါးက ပိတ်ထားရမယ်။ ငါရောက်လာရင် တံခါးဝကနေ 'အေ့. . ဟေး. . သက်ရေ. .' လို့ ခေါ်လိုက်မယ်။ မင်းက 'ရှင်. . လာပြီ ကိုစိုးရေ'ဆိုပြီး ကပျာကယာ ပြေးလာပြီး တံခါးဖွင့်ပေးရမယ်။ ဒါ. . ပုံသေနည်းပဲ"

"ပြဿနာပါလား"





"ပြတ်ရင်တော့ နာမှာပဲ။ ကဲ. . တံခါးပြန်ပိတ်ဆို"

"ဟုတ်. . ဟုတ်. ."

ဒေါ်မူမူသက်ခမျာ အံ့သြခြင်းကြီးစွာဖြင့် ရင်ဘတ်လေးဖိရင်း တံခါးကို ပြန်ပိတ်ရလေ၏။ တစ်ခါမှ ဤလောက်မမူးဖူး၊ မရစ်ဖူးသော လင်တော်မောင်ကိုကြည့်၍ ဘာလုပ်ရမှန်းမသိ ဖြစ်နေရှာသည်။

အရင်လိုဆိုရင်တော့ ကိုယ်က နိုင်ပြီးသား။ ယခုလို မူးလာသူနှင့်တော့ ဖက်မဖြစ်ရဲ။ အရက်စော်နံမယ်လေ။ သို့နှင့် သည်းခံကာ သူနိုင်းသလို လုပ်ပေးရရှာလေ၏။

သူတို့အဖြစ်ကို အိမ်ထဲမှ သားသမီးသုံးယောက်က ခေါင်းသုံးလုံးထပ်ပြီး ချောင်းကြည့်ကာ ပါးစပ်ပိတ်လျက် တခွိခွိရယ်နေကြလေ၏။

သူတို့မိခင်ကသာ အဖေကိုနိုင်တာ မြင်ဖူးကြပြီး အခုလို အဖေက ပြန်နိုင်တာ မမြင်ဖူးကြသဖြင့် သဘောအကျကြီး ကျနေကြလေ၏။ သားသမီးများက ဆူပူမှုနည်းပါးပြီး သူတို့အပေါ် အလိုလိုက်သည့် ဖခင်ကို ပိုချစ်နေကြသည်မဟုတ်လား။

ယခု သုံးယောက်လုံး ဖခင်ဘက်မှ ကျိတ်အားပေးလျက် ရှိနေကြ၏။

"ဟေ့. . ပိတ်ပြီးပြီလား"

"ပြီးပြီ"

"ပြီးရင် စမယ်။ မင်း တံခါးဝမှာ ရပ်မနေနဲ့။ သဘာဝမကျဘူး။ အိမ်နောက်ဖေး သွားနေ။ ငါခေါ်တော့မှ ပြေးထွက်လာ။ ပျာယီပျာယာ မလုပ်နဲ့။ ခလုတ်မတိုက်မိစေနဲ့။ ကြားလား"

"ကြားတယ်"

"အံမယ်. . လေသံက မာရေကျောရေနဲ့။ တွေ့မယ်. . ဟင်း"

ဒေါ်မူမူသက် မဲ့ပြီး အိမ်ထဲကို ခြေဆောင့်ဝင်သွား၏။ ချောင်းကြည့်နေသော ကလေးသုံးယောက်ဘက် လှည့်ကြည့်သဖြင့် ခေါင်းလေးသုံးလုံး ခွေ့ခနဲဝင်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မူမူသက်ကျော်သွားမှ ခေါင်းလေးသုံးလုံး ပြန်ထွက်လာ၏။ ထိုအချိန်တွင် ဦးစိုးသူရက တံခါးဆီမှ ခပ်လှမ်းလှမ်းသို့ သွားနေရာမှ တံခါးဆီပြန်လာပြီး လှမ်းခေါ်၏။

"ဟေ့. . သက်ရေ။ မောင်မောင်ပြန်လာပြီ။ တံခါးဖွင့်ကွာ"

အိမ်ထဲမှ ဒေါ်မူမူသက်က ပြန်အော်၏။

"မောင်မောင်ဆိုရင်တော့ မဖွင့်နိုင်ဘူး။ ကိုစိုးလာမှ ဖွင့်ပေးမယ်"

"အယ်. ."

ဒေါ်မူမူသက်က ရစ်သဖြင့် ဦးစိုးသူရပါးစပ်ပြဲသွားသည်။ ပြီး ခေါင်းလေးညိတ်ကာ ပြန်ခေါ်၏။

"ဟေ့. . သက်. . ကိုစိုးပြန်လာပြီ။ တံခါးဖွင့်ကွာ"

"လာပြီ ကိုစိုးရေ။ လက်မအားသေးလို့"

"ဘာလုပ်နေလို့လဲ"

"ငုတ်တုတ်ထိုင်နေလို့"

"တယ်. . အခုချက်ချင်း လာဖွင့်"

"တယ်ပြီးပါပြီတော်။ ထမင်းအိုးဖြင့် ကျက်တာ ကြာပေါ့"

"ဟေ့. . အမြန်ထွက်ခဲ့ကွာ။ တံခါးအမြန်လာဖွင့်"

"လာပြီ. . လာပြီ. . မောင်ရေ"

"ဟေ့. . ဘယ်က မောင်လဲ။ ပြန်ဝင်"

"အယ်. . တော့်"

ဒေါ်မူမူသက် ရောက်ရာအရပ်မှ ဘရိတ်အုပ်လိုက်၏။ လမ်းတစ်ဝက်မှာ ဟပ်ကော့ကြီး။

ဖြစ်မှာပေါ့။ လျှာရှည်ပြီး မောင်လို့သွားခေါ်တာကိုး။ အမှန်က ဖားတာ။ ဖောတာ။ ဖားဖော ဖောတာ။ မောင်လို့ ခေါ်လေ့မရှိတော့ ကျေးဇူးရှင်က လက်မခံ။ ပြန်ခေါ်ခိုင်း၏။

"သက်ရေ. . တံခါးလာဖွင့်ကွာ"



"လာပြီ ကိုစိုးရေ။ လက်ရော၊ ခြေရော အားတယ်။ ကိုစိုးအပြန်နောက်ကျလို့ တမင်ထိုင်စောင့်နေတာ"

"ငါ့ထိုင်စောင့်တာ မီးဖိုချောင်ထဲ သွားထိုင်စောင့်ရသလား။ မင်း ဘာအချိုးချိုးနေတာလဲ"

"အယ်တော့်. . ။ သူပဲ နောက်ဖေးသွားနေဆိုပြီး. . ။ အမျိုးမျိုး"

"ကဲ. . ကြာတယ်။ ဖွင့်ကွာ. . ။ အော့. . ဝေါ့. . "

"ဘယ်လိုဖြစ်တာလဲ။ ခုန အော့. . ဝေါ့. . မဖြစ်ပါဘူး"

"မင်းနဲ့တွေ့မှ အန်ထွက်လာတာ။ အော့. . ဝေါ့. . "

"ကိုစိုး ကျွန်မကို ဘာမကျေနပ်တာရှိလဲဟင်"

"ရှိတာပေါ့ကွ။ မင်းဟာ ငါ့မိန်းမဖြစ်ပါလျက် ဦးစိုးသူရရဲ့ဇနီးပါလို့ လူတကာကို ပြောတယ်ဆို"

"အယ်. . တော့်. . "

"အယ်တော့်မလုပ်နဲ့။ မင်းက ကပ်စေးနဲသလောက် လောဘကြီးတယ်"

"ကျွန်မ ဘာလောဘကြီးလို့လဲ"

"ဘာလောဘကြီးရမှာလဲ။ မင်းစဉ်းစား"

"စဉ်းစားလို့ မရဘူး။ ကျွန်မ လောဘမကြီးဘူး"

"ဘာမကြီးရမှာလဲ။ ငါနဲ့အိမ်ထောင်ကျပြီးတဲ့နောက် ကလေးသုံးယောက် မွေးတယ်လေ"

"ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်ရမှာလဲ"

"ဘာဖြစ်ရမှာလဲ. . ။ ကလေးသုံးယောက်လုံးကို မင်းတစ်ယောက်တည်း ဆက်တိုက်မွေးပစ်လိုက်တယ်လေ။ ငါ့ကို တစ်ယောက်မှ ပေးမမွေးဘူး"

"ရှင်. . "

ဒေါ်မူမူသက်ပါးစပ်ပြဲသွားလေ၏။ စကားပင် မပြောနိုင်။ သူ့ယောကျ်ားကို မျက်လုံးကြီးပြူးကြည့်နေမိ၏။ သူ့အမြင်အာရုံမှာတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျားက ကိုယ်ဝန်ကြီးနှင့် ပြုံးလို့. . ဖြီးလို့. . ။

"အံမယ်. . ပိုက်ကလေးကို ပွတ်ပြီးတောင် ပြောနေသေး။

"သားသားလေးလား၊ မီးမီးလေးလား မသိဘူး။ အထရာ ဆောင်း သွားရိုက်ရအောင်နော်"

ထိုအမြင်ကို ကလေးသုံးယောက်ကလည်း တွေးမြင်ပုံရကြ၏။ ဖခင်ကိုကြည့်ရင်း ပါးစပ်လေးများ လက်ဝါးနှင့်ပိတ်ကာ ရယ်နေကြ၏။

ပိုက်ကလေးကိုပွတ်ကာပွတ်ကာ ရှိနေသော ဦးစိုးသူရကိုကြည့်၍ ဒေါ်မူမူသက်ပြောမိသည်ကား. .

"တကယ်ဖြစ်ရင် ကောင်းမှာ။ ငါသက်သာတာပေါ့"

ထိုအသံက တကယ်ထွက်သွားရာ ဦးစိုးသူရက မျက်လုံးပြူးကာ ဟောက်၏။

"ဟေ့. . အံမယ်. . ငါ့ကိုကြည့်ပြီး ဘာပြောတာလဲ။ ဘာသက်သာတာလဲ"

"အို. . ဟို. . ဟို. . သက်သာဆပ်ပြာမှုန့်ဝယ်ဖို့ မေ့နေလို့"

"ဘာလဲ. . ။ မင်းက မူးလာတဲ့ယောက်ျားကို ဆပ်ပြာမှုန့်တိုက်ပြီး သေကြောင်းကြံမလို့လား"

"အယ်တော့. . ပြဿဒါးပဲ"

"ဘာ. . ဓားနဲ့ပြတ်အောင်ခုတ်မယ်. . ဟုတ်လား။ လုပ်ကြည့်လေ. . ။ မင်းကို ငါ့သူငယ်ချင်းရွှေနေကြီးနဲ့တိုင်ပြီး ထောင်ဒဏ်အနှစ်ဆယ်သိန်းကျအောင် ဆွဲချခိုင်းလိုက်မယ်။ ဟင်း. . ဘာမှတ်လဲ"

"ဘာမှမမှတ်ပါဘူးရှင်။ ရှင့်ကြည့်ပြီး ကျွန်မ ခေါင်းတွေမူးလာပြီ။ ရှင့်ရဲ့ ခက်ထန်တဲ့စကားတွေကြားပြီး ရင်ထဲမှာ ဖိုးသိုးဖပ်သပ်ဖြစ်လာပြီ။ ကျွန်မ မူးတယ်။ ရှင့်ထက် ပိုမူးတယ်။ လုပ်ကြပါဦး. . မူးတယ်. . မူးတယ်. ."

ဒေါ်မူမူသက်က ခေါင်းကိုလက်နှင့်အုပ်၍ ဆိုဖာပေါ် ပစ်လှဲချလိုက်၏။





အမူးပါး. . ။ ကြမ်းပြင်ပေါ် ကျလျှင် နာမှာစိုး၍ မူးတာတောင် ဆိုဖာနားမူး၍ ဆိုဖာပေါ် လှဲချ၏။

"ဟောဗျ. . ငါ့ထက်တောင်မူးတယ် ဆိုပါလား"

ဟု ပြောရင်း ဦးစိုးသူရ ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် ဒေါ်မူမူသက်ပခုံးကိုကိုင်ကာ ခေါ်၏။

"သက်. . သက်. . မူးသလား"

"သက်သက်မူးတာ မဟုတ်ဘူးရှင့်။ တကယ်မူးတာ"

ပြောပြီးမှ သူ့အမှားကို သူသိ၍ ဒေါ်မူမူသက် ပါးစပ်ဘရိတ်အုပ်ကာ မျက်လုံးနှစ်လုံးကိုမှိတ်၍ ညည်းနေတော့၏။

"မူးတယ်. . မူးတယ်. . သိပ်မူးတယ်ရှင်"

"တစ်ပက်လောက် ချလိုက်ပါလား။ ဒဏ်ပြန်သွားအောင်"

အရေးထဲ အရက်သမားနှင့် သွားရောနေသေး၏။ အိမ်ထဲမှ ကလေးများကလည်း သူတို့အမေတကယ်မူးတယ်ထင်၍ ပြေးလာကြ၏။

"မေမေ. . မေမေ. . သတိရလား. ."

"အင်း. ."

"ဟော. . မေမေ့သတိရတယ်တဲ့"

အလတ်မက ပြောတော့ အကြီးကောင်က ဘာပြန်ပြောသည်ထင်ပါသနည်း။

"ဟင်. . ဟုတ်လား။ ငါ့ကို မနက်က ခဏပေးထားတဲ့ ပိုက်ဆံတော့ ပြန်ပေးရတော့မှာပဲ"

"ကိုလေးကလည်း အရေးထဲ ပေသီးခေါက်နေတယ်"

ဒေါ်မူမူသက်က သူ့အား စိုးရိမ်စွာကြည့်၍ ယပ်ခတ်ပေးနေသော ဦးစိုးသူရကို မျက်စိမဖွင့်ဘဲ တိုးဖွဖွလေးခေါ်၏။

"ကိုစိုး. ."

"ဘာမှစိုးရိမ်မနေနဲ့နော်။ နောက်ဆံမတင်းနဲ့။ ကလေးတွေတာဝန် ကိုယ်ယူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးရယ်. . ကျွန်မ ရှင်နဲ့မခွဲချင်ဘူး"

"ကိုဘာလုပ်ပေးရမလဲ. . ပြော။ ကပ်ထားပေးရမလား"

"အိပ်ရာထဲ တွဲပို့ပြီး သီချင်းဆိုသိပ်ပါနော်"

ဦးစိုးသူရ စိတ်ညစ်သွား၏။ ခေါင်းကုတ်နေ၏။

ဒေါ်မူမူသက်က မျက်လုံးအသာဖွင့်ကြည့်ပြီး ကလေးများကို မျက်စိမှိတ်ပြလိုက်၏။

ကလေးများ ခတ်ပေါက်သွားကြ၏။

"ဖေကြီး. . မေကြီးကို တွဲပြီး အိပ်ရာထဲပို့လေ။ ဖေကြီးသီချင်းဆိုသိပ်ရင် မေကြီးသက်သာသွားမှာ"

"ဟုတ်တယ် ဖေကြီးကလည်း. . ။ မေကြီးအကြောင်း သိသားနဲ့"

"အေးပါကွာ. . ။ လာ. . လာ. . မိန်းမ. . အဲ. . ဇနီး. . ဟာ. . မဟုတ်သေးပါဘူး။ မယား. . မလှဘူး။ အဲ. . ကြင်ဖက်သက်လည်. . ။ မဆိုးဘူး။ သက်တောင် ပါသေးတယ်။ သက်. . မင်းမသေတော့ဘူး"

စိုးသူရခမျာ အူကြောင်ချောက်ချားဖြစ်ပြီး ပြောချင်ရာတွေ ပြောနေသဖြင့် ဒေါ်မူမူသက်ကျိတ်ပြုံးရသေးသည်။

ဘာပဲဖြစ်ဖြစ်. .

ထိုညက ဦးစိုးသူရ၏အိပ်ခန်းထဲမှ ထူးဆန်းသောသီချင်းသံကို ကြားရမည်ဖြစ်သတည်း။

"တေးဆိုသိပ်မယ်။ အိပ်တော့ မူလေး. . အဲ. . အဲ. . သက်လေးရယ်. ."

***



## ❮၁၇❯

ညက စောစောပင် မှောင်သွားသည်။

ဆောင်းရာသီဆိုတော့ နေ့တာတို့၍ ညတာရှည်သည်ကိုး။

မဟူရာညဉ့်ဦးယံအောက်မှာတော့ ကန်တော်ကြီးရေပြင်က ချမ်းလို့တုန်ကာ တဖျပ်ဖျပ်လွန့်နေသည်။

ရောင်စုံမီးသီးပွင့်လေးတချို့ကလည်း ကန်ရေပြင်ထက် မြာကျနေ၏။

ကန်တော်ကြီးစောင်းရှိ တစ်ခုသော စားသောက်ဆိုင်ကြီးမှာ စားသောက်သူများဖြင့် စည်ကားလျက်ရှိ၏။

တစ်ခုသောစားပွဲမှာဖြင့် ပုဂ္ဂိုလ်ကြီးသုံးဦး ဝိုင်းဖွဲ့ထိုင်နေကြ၏။

မည်သူများ ဖြစ်ရမည်နည်း။

ဦးနေမင်းလှိုင်၊ ရွှေနေကြီးဦးမောင်မောင်ဦးနှင့် ဦးစိုးသူရတို့သာ ဖြစ်ချေ၏။

သူတို့သုံးဦးသည် ကြိုတင်အချိန်းအချက်ပြုထားကြသည့်အတိုင်း လွတ်လပ်သောပွဲလေးတစ်ပွဲ ဆင်နွှဲရန် ရောက်လာကြခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ပွဲတွင် ဒကာခံရန်အလှည့်ကျသူက ဦးမောင်မောင်ဦး ဖြစ်သည်။ သည်ပွဲကို နွှဲဖို့အတွက် သူ့မိန်းမမြမြလှိုင်ထံက ကြိုတင်ပါမစ် ယူထားခဲ့သည်။

"မြရေ. . ကိုယ်ဒီနေ့ နောက်ကျမယ်။ နိုင်ငံခြားသွားမယ့် မိတ် ဆွေတစ်ယောက်က ဒင်နာလုပ်မလို့တဲ့"

"ဒါဆို မြလည်းလိုက်မယ်လေ"

"မိန်းမတွေ မပါဘူးလေ။ ယောကျ်ားတွေကြားမှာ မြတစ် ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ"

"အိုး. . ကိုယ့်ယောကျ်ားပါတာပဲ"

"အို့. . ကိုယ်ပါလည်း သူစိမ်းယောကျ်ားတွေ မြကို ကြည့်တာ ကိုယ်ကြိုက်တာမဟုတ်ဘူး။ မြက ကြီးမှ ပိုလှနေတာ။ မလိုက်ပါနဲ့ကွာ။ မြရဲ့အလှကြောင့် ကိုယ်စိတ်ပူတယ်"

ဦးမောင်မောင်ဦးက ရှီးတော့ ဒေါ်မြမြလှိုင်က အဟုတ်မှတ်ပြီး မြှောက်ကြွမြှောက်ကြွဖြစ်သွား၏။

"ရှင်ကလည်း မြှောက်စရာမရှိ ကိုယ့်မိန်းမကို လာမြှောက်နေ တယ်။ မြက တကယ်ပဲ ပိုလှလာလို့လား"

"ဟ. . မိန်းမတို့အလှက အသက်လေးဆယ်ကျော်မှာ ပိုကြွပိုလှ တာတဲ့။ မြက နဂိုလှဆိုတော့ အခုပိုလှနေတာပေါ့"

"တကယ်လှလာလို့လား"

"ဟောဗျာ. . လှပါတယ်ဆိုနေမှ"

"ဒါဆိုလည်း ပြီးရော။ သွား. . ။ မူးအောင် သောက်မလာနဲ့ နော်။ မှောက်အိပ်ပစ်လိုက်မယ်"

"စိတ်ချ. . နည်းနည်းပါ။ မိတ်ဖြစ်ဆွေဖြစ်ပဲ"

ဤသို့နှင့် ဦးမောင်မောင်ဦး ပါမစ်ရလာ၏။ ဒေါ်မြမြလှိုင်တစ် ယောက် ဦးမောင်မောင်ဦး၏ စကားမြစ်မှာ စီးမျောပါသွားရင်း ပါမစ် ထုတ်ပေးလိုက်သည်လား။ ရေရေရာရာ မသိရပါချေ။





ဦးနေမင်းလှိုင်နှင့် ဦးစိုးသူရတို့လည်း ဘာထူးပါမည်နည်း။ ဤသို့ပင် မိန်းမများကို ရှီးလာခဲ့ကြသည်သာ။

သုံးယောက်ဆုံတော့ သောက်ရင်းစားရင်း ထိုအကြောင်းများ ကို စကားဖောင်ဖွဲ့ ပြောကြလေတော့၏။ ဦးမောင်မောင်ဦးက ဘီယာကို မျှဉ်းစုပ်ရင်း အားပါးတရပြော၏။

"ဟင်း. . ဟင်း. . ကိုယ်ကတော့ ကိုယ့်မိန်းမကို စကားမြစ်ထဲ မျှောခဲ့ပြီး လစ်လာခဲ့တာလေ။ အစပိုင်းတော့ မသွားနဲ့၊ သူပါလိုက်မယ်၊ မှောက်အိပ်ပစ်မယ်၊ ဘာညာပေါ့ကွာ။ သူ့ကို မင်းသိပ်လှနေတယ်။ တခြားကောင်တွေကြည့်မှာ ကိုယ်မကြိုက်ဘူး။ မင်း အခုမှ ပိုလှလာ တယ်၊ ဘာညာနဲ့ ကောင်းကောင်းပွားပေးလိုက်တာ"

"ဘာတဲ့လဲ"

"သွားတဲ့။ မူးအောင် သောက်မလာနဲ့နော်တဲ့။ ဟား. . ဟား. . ကြွေကျကျန်ခဲ့တာ"

"အေး. . အဲဒါဆို ငါနဲ့တူနေပြီ။ ငါကလည်း ဒီည စာရေး ဆရာကြီးတစ်ယောက် ဒင်နာလုပ်မယ်။ ကိုယ့်အနေနဲ့ မသွားလို့ မဖြစ် ဘူးဆိုတော့ မင်းမိန်းမလိုပေါ့။ သူပါလိုက်မယ်ပေါ့"

"ဒီတော့. . "

"မလိုက်နဲ့။ မင်းက အရင်ကထက် ပိုလှနေတော့ ဝိုင်းငမ်း လိမ့်မယ်ဆိုတော့. . အင်း. . အင်း. . တဲ့"

"အံမယ်. . သူက"

"အေးလေကွာ။ ဒါနဲ့ မင်းကို ဘယ်ယောကျ်ားလေးမှ စေ့စေ့ ကြည့်တာ ကိုယ်မကြိုက်ဘူး။ မင်းက ကြီးမှ ပိုလှနေတော့ ကိုယ်စိတ်မချ နိုင်ဘူးဆိုတော့ ရှင်တကယ်ပြောနေတာလားတဲ့လေ"

"ဒီတော့. . "

"ဟုတ်တာပေါ့ကွာ တကယ်ပြောတာပါဆိုတော့လေ မျက်နှာ လေးကို ဝင်းသွားတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . မျက်နှာဝင်းသွားတာတော့ မဖြစ်နိုင်ဘူး"

ဟု ဝင်ပြောသူကား စိုးသူရဖြစ်၏။ ဦးနေမင်းလှိုင်က အလျှော့မပေး။

"ဟ. . ဝင်းသွားလို့ ဝင်းသွားတယ်ပြောတာ"

"ဝင်းသွားတာ လက်ခံပါတယ်။ မျက်နှာက ဝင်းသွားတယ်ဆိုရင်တော့ လက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟ. . မျက်နှာဆိုတာ ဝင်းသွားရမယ့်နေရာမှ မဟုတ်တာ"

"ဟာကွာ. . အဟုတ်မှတ်လို့။ ဝင်းပကြည်လင် ကျေနပ်သွားတာကို ပြောတာကွ"

"ဟား... ဟား. . ဟား. ."

"ဟီး. . ဟီး. . ဟီး. ."

"ဟဲ. . ဟဲ. ."

သုံးဦးသား ရယ်မောကြလေ၏။ နေမင်းလှိုင်က စိုးသူရကို မေး၏။

"မင်းကော ဘယ်လိုလှိမ့်လာတာလဲ"

"မင်းတို့လိုပါပဲကွာ။ ငါ့မိန်းမကိုတော့ အစားနဲ့ ဧါမ်းသွင်းခဲ့ရတယ်။ အပြန်ကျ ဘဲကင်ပါဆယ်ဆွဲခဲ့တဲ့ကွ"

"ဟာ. . ဟ. . ဒီနေ့ ကိုယ်ရှင်းရမယ့်အလှည့်။ မိန်းမအတွက် ပါဆယ်ဖိုးတော့ မရှင်းနိုင်ဘူးနော်။ ပါဆယ်ဆွဲရင် သိက္ခာကျမယ်နော်။ ပါဆယ်နဲ့သိက္ခာ လဲမလို့လား"

ဟု ဦးမောင်မောင်ဦးက ပြော၏။ စိုးသူရက အယူခံလွှာတင်သွင်းသည်။

"ပါဆယ်ဆွဲရတဲ့ အဓိကအကြောင်းကတော့ ကလေးတွေအတွက်ပါ။ မိန်းမကြောင့် ဒီလောက်မဟုတ်ပါဘူး။ ဒါကြောင့် ပါဆယ်ကို ကိုယ့်ငွေနဲ့ကိုယ်တော့ ဆွဲခွင့်ပြုပါ"





"ဆွဲစေဗျား. . ဆွဲစေ။ ပါဆယ်အတွက် ငွေလည်း ကိုယ်စိုက်ရှင်းပေးလိုက်ပါ့မယ်ဗျား။ ဟား. . ဟား"

သုံးဦးသား တဟားဟားဖြင့် အတော်လေးဟုတ်နေကြ၏။ သည်ညတွင်တော့ သုံးယောက်လုံးအသောက်လျှော့ကြသည်မှာ တိုင်ပင်ထားသလိုရှိကြသည်။ တကယ်တော့ အကြံနှင့် လျှော့သောက်ကြခြင်းပါ။

အခုညက အသောက်သက်သက်မဟုတ်။ အပျော်လေးများပါသည်။ ခပ်မှိန်မှိန်မီးရောင်အောက် စင်မြင့်ထက်မှာက မိန်းမလှလေးများ တစ်ဦးပြီးတစ်ဦး သီဆိုဖျော်ဖြေနေကြသည်မဟုတ်လား။

သုံးဦးသား ပါးစပ်ကြီးများဖြဲ၍ ငေးမောကြည့်နေကြသည်မှာ မုန့်ထုပ်ကြီးများကို ငေးကြည့်နေသည့် ကလေးများနှင့် တူလှသေးတော့၏။

စင်ပေါ်မှာရှိသော မိန်းမလှလေးများက မရိုးမရွ ပိုးထချင်လောက်အောင် မြူးမြူးကြွကြွလေးရှိကြလေတော့ သုံးဦးလုံးပင် မရိုးမရွဖြစ်နေကြလေ၏။

ကောင်မလေးများကို တချို့က ပန်းကုံးများတက်ရောက်စွပ်လေရာ သူတို့ပါ စွပ်ချင်လာကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြကြ၏။

ပြီး. . ပန်းကုံးများကို သွားဝယ်ကာ စွပ်ပေးကြလေတော့၏။ တစ်ဦးက ပန်းကုံးသွားစွပ်ပေးလျှင် ကျန်နှစ်ဦးက လက်ခုပ်တီးအားပေးကြ၏။

သူတို့ ပျော်နေကြပါသည်။ တကယ့်ကို ပျော်နေကြပါသည်။ သည်အချိန်တွင်သာ အိမ်ကမိန်းမများ ရောက်လာတွေ့ရှိသွားပါက သုံးယောက်လုံး ရေရွတ်မိမည်မှာ. .

"သေပြီဆရာ"

***



www.burmeseclassic.com

www.burmeseclassic.com

# ၁၈

"ကြော့. . အားလုံး အဆင်သင့်ဖြစ်ပြီလား"

"ပြီးပြီ အစ်ကို"

"ဒါဆို. . ကိုယ်ဖုန်းဆက်လိုက်တော့မယ်"

"ဆက်လေ"

ဦးနေမင်းလှိုင်က ဟန်းဖုန်းလေးဖြင့် နံပါတ်များကိုနှိပ်ကာ ဖုန်းဆက်သည်။ သူဖုန်းဆက်သည်မှာ ဦးမောင်မောင်ဦးနှင့် ဦးစိုးသူရ တို့ထံ ဖြစ်သည်။ သည်နေ့ သူ့အိမ်၌ သူငယ်ချင်းမိသားစုများကို ညစာ ကျွေးရန် ဖိတ်ကြားထားသည်လေ။

သူတို့သူငယ်ချင်းသုံးယောက်လုံး တစ်လှည့်စီ မိသားစုလိုက် ထမင်းဖိတ်ကျွေးရန် အစီအစဉ်အရ ပထမဆုံးအစီအစဉ်အဖြစ် ဦးနေ မင်းလှိုင်၏အိမ်၌ စတင်ခြင်းဖြစ်ပေ၏။

"ကဲ. . ကြော့ရေ။ ဖုန်းဆက်ပြီးပြီ။ မကြာခင် သူတို့ရောက်လာ ကြလိမ့်မယ်။ မင်းလည်း အသင့်ပြင်လေ"

"ပြင်ပြီးပြီလေ။ ဘာပြင်ရမှာလဲ"

"ကိုယ့်ရဲ့ အဆူအငေါက်၊ အဟောက်ခံဖို့ အသင့်ပြင်ခိုင်းတာ





လေ။ ဟဲ. . ဟဲ. . "

"အသင့်ပါပဲ. . ။ အကြောတက်စာတွေ များများစားဖို့လည်း စဉ်းစားထားပြီးသား။ ဒါမှ ဇက်ကြောများများအဆွဲခံနိုင်မှာ"

"နည်းနည်းတော့ လျှော့နော်။ ဒီနေ့ များမှာဆိုတော့ လက်ကား ဈေး ထားပေါ့"

"ဖြစ်ပါတယ်။ တစ်ခါဟောက်ရင် ဇက်ကြောအချက်ငါးဆယ် နှုန်း ထားပေးမယ်။ ဖြစ်မလား"

"ဖြစ်တယ်"

"မငြင်းနဲ့နော်။ သေချာမှတ်ထားမှာ။ မလိုရင် မဟောက်နဲ့။ လေသံနည်းနည်းမာရင်ကို တစ်ကြိမ်ပဲမှတ်လိုက်မှာ"

"ရပါတယ်"

လင်မယားနှစ်ယောက် အပေးအယူတွေ တည့်နေကြ၏။ သား ဖြစ်သူနေအေးနှင့် သမီးခင်ကြော့ကြော့လှိုင်တို့ကပါ ဝင်ပြောကြသေး၏။

"အဖေ. . သားတို့ကိုလည်း ဧည့်သည်ရှေ့မှာ ငေါက်ပါလား။ တစ်ခါငေါက်ရင် တစ်ရာပဲပေး"

"ဟုတ်တယ်. . ဟုတ်တယ်. . ။ သမီးလည်း အဆူခံမယ်။ တစ် ခါဆူ ငါးဆယ်ပဲပေး"

ဦးနေမင်းလှိုင် မေးပွတ်စဉ်းစားရင်း ပြန်ပြော၏။

"အင်း. . ဟုတ်တယ်။ မိန်းမကို နိုင်မှတော့ သားသမီးတွေကို လည်း မိုးသေတာ ပြရမယ်။ သားနဲ့သမီး. . ဘာမှပြန်မပြောနဲ့။ ဆင်ခြေ မပေးနဲ့နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဟုတ်ကဲ့ပါ ဖေကြီး"

နှစ်ဦးလုံး ချက်ချင်းလိမ္မာသွားကြ၏။ လက်လေးများပိုက်၍ ဖြေကြသည်။

"အိုကေ. . ဖြစ်တယ်။ သူတို့မှာလည်း သားသမီးတွေ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားသမီးတွေထက် လိမ္မာကြောင်း ပြလိုက်ကြစမ်း”

“ဟုတ်ကဲ့ပါဖေဖေ”

“ဟုတ်ကဲ့ပါဖေကြီး”

သားအဖတစ်တွေလည်း အပေးအယူတွေတည့်၍ အဆင်ပြေနေကြလေပြီ။

“တီ. . တီ. .”

“ဟာ. . ကားသံကြားတယ်။ သားကြီး. . တံခါးသွားဖွင့်ပေးလိုက်”

“ဟုတ်ကဲ့ပါဖေဖေ”

တံခါးသွားဖွင့်မည့်အရေး လက်လေးပိုက်၊ ခေါင်းလေးညွတ်နေသဖြင့် ဦးနေမင်းလှိုင် ပြုံးစေ့စေ့ဖြစ်သွား၏။

“အရေးထဲ သူက တစ်မျိုး”

ဟုလည်း ညည်းလိုက်သေး၏။ သိပ်တွေးချိန်မရပါ။ တံခါးဝမှာ ရပ်လာသည့် ဦးမောင်မောင်ဦးတို့မိသားစုကိုမြင်သဖြင့် ပြေးကြိုရသည်။

“ဟာ. . လာ. . လာ. . မင်းက အရင်ရောက်တယ်။ ဟိုကောင်စိုးသူရတို့ မရောက်ကြသေးဘူး”

“မင်းမှာထားတယ်မဟုတ်လား”

“ခုနပဲ ဖုန်းထပ်ဆက်ထားသေးတာ။ လာမယ်တဲ့”

“ဒါဆို လာမှာပေါ့ကွာ”

“လာ. . လာ. . ဧည့်ခန်းထဲကိုကွ”

ဦးမောင်မောင်ဦးတို့မိသားစုသုံးယောက်က ဧည့်ခန်းထဲသို့ ဝင်သည်။ ဧည့်ခန်းထဲမှာတော့ ဒေါ်မူမူသက်တို့ သားအမိသုံးယောက်က တန်းစီတော်တတ်ရပ်လျက် လက်လေးများ နောက်ပစ်ထားကြ၏။ ချိုသာသော မျက်နှာပေးလေးများဖြင့် ကြိုဆိုနေကြ၏။

“ဟေး. . သက်. . ။ သိတယ်မဟုတ်လား။ ကိုယ့်သူငယ်ချင်း ဦးမောင်မောင်ဦးလေ။ ဒါက သူ့ဇနီးချော ဒေါ်မြမြလှိုင်။ သမီးလေး





က ဘယ်သူ. .”

“သမီးက မိုးထက်မြင့်ပါ”

“သြော်. . အေး. . မိုးထက်မြင့်တဲ့”

“ဟုတ်ကဲ့. . သိပါတယ်။ တွေ့ရတာ ဝမ်းသာပါတယ်။ ထိုင်ကြပါရှင်”

ဒေါ်မူမူသက်က လက်အုပ်လေးချီတာ တရိုတသေပြော၏။ မောင်နေအေးနှင့် ခင်ကြော့ကြော့လှိုင်တို့လည်း လက်အုပ်လေးများချီလို့။

ဦးနေမင်းလှိုင်က သူတို့သားအမိကိုကြည့်တာ ကျေနပ်ပြီး ပြုံးလိုက်၏။

‘ဒီသားအမိတော့ ပိုပြီ’

ဟုလည်း တွေးလိုက်မိသေး၏။ ဦးမောင်မောင်ဦးတို့မိသားစုကလည်း သဘောကျစွာ ပြုံးပြရင်း ဝင်ထိုင်သည်။ ဦးနေမင်းလှိုင်ကလည်း ဆိုဖာမှာ ဝင်ထိုင်သည်။ ဒေါ်ကေသွယ်အေးကြော့တို့သားအမိတတော့ လက်အုပ်လေးများချီကာ ရပ်နေဆဲ။

“ထိုင်ကြလေ”

ဦးနေမင်းလှိုင်က ပြောသည်။ ဒေါ်ကေသွယ်အေးကြော့က ခေါင်းလေးညိတ်ကာ. .

“ဟုတ်ကဲ့အစ်ကို”

ဟု ဆို၏။ မောင်နေအေးကတော့. .

“ဟုတ်ကဲ့ပါဖေဖေ”

ဟု ပြော၍ ခင်ကြော့ကြော့လှိုင်က. .

“ကျေးဇူးပါပဲ ဖေကြီး”

ဟု တရိုတသေပြောကာ ဝင်ထိုင်ကြလေ၏။ ဦးမောင်မောင်ဦးက ထိုမိသားစုကိုကြည့်ကာ မသိမသာပြုံးလေ၏။

တကယ်တော့ သည်ပွဲမှာ ဦးမောင်မောင်ဦးတလည်း သူ့ဇနီး



www.burmeseclassic.com

သူ့သမီးတို့နှင့် ဇာတ်တိုက်ပြီးသား။ အပေးအယူလုပ်ပြီးသား။

ဒေါ်မြမြလှိုင်တို့သားအမိကလည်း ဦးမောင်မောင်ဦးကို ရိုသေလေးမြတ် ကြောက်တတ်ရွံ့ရွံ့ ဆွဲ့ဆွဲ့ထစ်ထစ် အရစ်ရစ်လျှော့ နွမ်းပျော့ပျော့နှင့် ခပ်ဖျော့ဖျော့လေး ဆက်ဆံပေးရမှာဖြစ်၏။

အခုတော့ အကြံသူ ရန်သူမဖြစ်နိုင်ရှာသေးဘဲ အကြံတူ၍ အူတူတူဖြစ်နေကြရလေ၏။

ထိုစဉ်မှာပင် ဦးနေမင်းလှိုင်က အောင်မြင်ထည်ဝါသောအသံဖြင့် ပြော၏။

"ငါ့မိန်းမနဲ့ ငါ့သမီးတွေကတော့ ငါ့ကို ချစ်ကြောက်ရိုသေပဲဟေ့။ မင်းမြင်တဲ့အတိုင်းပဲလေ"

"ဟုတ်ဘဲနဲ့"

ဟူသော အသံလေးက ဒေါ်ကေသွယ်အေးကြော့နှုတ်ဖျားမှ ယွက်အံ့ဆဲဆဲမို့ မနည်းဘရိတ်အုပ်ထားလိုက်ရသည်။ တကယ်ထွက်လာသည့်စကားကား. .

"ဒါကတော့ အစ်ကိုရယ်. . ။ အစ်ကို့ဇနီးနဲ့ သားသမီးတွေပဲ။ အစ်ကို့အလိုကျ ပုံစံတကျ ဖြစ်ရမှာပေါ့ရှင်"

"ဟုတ်ပါတယ်ဖေဖေ"

မောင်နေအေးအပြော. . ။

"ဟုတ်ကဲ့ပါဖေဖေ။ ဖေဖေ့ကို ချစ်ကြောက်ရိုသေရတဲ့ သမီးပါ"

ခင်ကြော့ကြော့လှိုင်အပင့်။

ဦးမောင်မောင်ဦး ခေါင်းညိတ်သည်။ ပြီး. . သူ့ဇနီး ဒေါ်မြမြလှိုင်နှင့် သမီးဘက်လှည့်ကာ လက်ဝါးကာ၍ တိုးတိုးပြော၏။

"ဟေ့. . လုပ်ပွဲကြီးကွ. . သိလား။ တို့လည်း တန်ပြန်ထိုးစစ်ဆင်မှ ထင်တယ်။ မှာထားတဲ့အတိုင်းနော်"

"စိတ်ချပါ"

ဒေါ်မြမြလှိုင်က တိုးတိုးပြော၏။ ပြီး. . မှင်အပြည့်ဖြည့်လျက်





ထိုးစစ်ဆင်ရန် တာစူကြလေသည်။ ဦးမောင်မောင်ဦးက စကားစသည်။

"အေးကွာ. . ။ မင်းတို့မိသားစုကြည့်ရတာ စိတ်ချမ်းသာတယ်။ မင်းဇနီးနဲ့ ကလေးတွေက ငါ့မိန်းမနဲ့ ငါ့သမီးလောက်နီးနီးကို ချစ်ကြောက်ရိုသေ ရှိကြတာကိုး"

ဟု ဆိုရာ ဒေါ်မြမြလှိုင်က. .

"ဒါကတော့ ကိုဦးရယ်. . ။ မြမြက ကိုဦးကို သိပ်ချစ်တာကိုး။ သိပ်ချစ်တော့ သိပ်ကြောက်တာပေါ့"

ဟု ပြော၏။ မိုးထက်မြင့်ကလည်း. .

"သမီးကလည်း မေကြီးလိုပဲ။ ဖေဖေ့ကိုချစ်လို့ ကြောက်တာပါနော်။ ဟော. . ကြည့်ရင်းနဲ့တောင် ကြောက်လာပြီ"

ဟု ဆိုရင်း ကိုယ်လေးနောက်ယို့သွားလေရာ မောင်နေအေးက လွှတ်ခနဲပြောလိုက်မိ၏။

"ပိုပြီ"

"ရှင်. ."

"ဩော်. . ဒါဟာဖြင့် ပိုပြီလို့ မဆိုသာဘူးခင်ဗျ။ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ကျွန်တော်ဆို ဖေဖေစေ့စေ့ကြည့်ရင်ကို ထမင်းသုံးရက်မစားနိုင်ဘူး"

"အဲဒါမှ ပိုတာ"

မိုးထက်မြင့်က ပြောပြီးမှ ဘရိတ်အုပ်ကာ ဖာထေး၏။

"အဲဒါလည်း ပိုတယ်ပြောမရဘူး။ သမီးလည်း အဖေတစ်ချက်ဆူလိုက်ရင် တစ်ပတ်တိတိငိုရတယ်"

"ပေါ်တယ်နော်"

ခင်ကြော့ကြော့လှိုင်လေးက အားပါးတရ ပြောချလိုက်၏။ မောင်နေအေးက ဖာထေးပေး၏။

"ဟဲ့. . မျက်ရည်ပေါလို့ ငိုနိုင်တာ ချီးမွမ်းရမယ်။ တချို့နိုချင်တာတောင် မျက်ရည်မလောက်လို့ ဝအောင်မငိုရဘူး"

www.burmeseclassic.com



အားလုံးပင် ရယ်မောကြလေ၏။

ဦးနေမင်းလှိုင်က နာရီကိုကြည့်ရင်း . .

"ဟိုကောင် စိုးသူရတို့မိသားစု နောက်ကျနေတယ်။ ဖုန်းဆက်ဦးမှ"

ဟု ဆိုကာ ဖုန်းကောက်ဆက်၏။

"ဟဲလို . . စိုးသူရလား"

". . . . . . . . ."

"လာနေပြီ . . ။ အေး . . အေး . . မောင်မောင်ဦးလည်း ရောက်နေပြီ"

". . . . . . . . ."

"အေး . . အေး . . အသင့်ပဲကွ"

"ဘယ်နှဲ့လဲ . . ။ လာနေပြီတဲ့လား"

ဦးမောင်မောင်ဦးက မေး၏။ ဦးနေမင်းလှိုင်က ခေါင်းညိတ်သည်။ ပြီး . . ဇနီးနှင့်သားသမီးများဘက် လှည့်ပြော၏။

"ကဲ . . ကြော့။ စိုးသူရတို့သားအဖတွေလည်း လာနေပြီ။ မကြာခင် ရောက်လိမ့်မယ်။ ထမင်းပွဲသွားပြင်တော့။ သားနဲ့သမီးပါ လိုက်သွားပြီး ဝိုင်းကူကြ"

"ဟုတ်ကဲ့ပါ ကို"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"ဟဲ့ . . သမီးကို ခိုင်းနေတာလေ။ ကျေးဇူးတင်ရအောင် မုန့်ကျွေးနေတာမှ မဟုတ်တာ။ ပြင်ပြောစမ်း"

ခင်ကြော့ကြော့လှိုင်က လျှာရှည်နေသဖြင့် ဦးနေမင်းလှိုင်က ဟောက်၏။ ခင်ကြော့ကြော့လှိုင်က လက်ကလေးပိုက်ကာ ပြော၏။

"ဟုတ်ကဲ့ပါ ဖေကြီး။ သမီးများသွားပါတယ်။ မဆူပါနဲ့တော့"

"မဆူပါဘူးဗျာ။ ကဲ . . သွား . . သွား . ."





"ဟုတ် . ."

လက်ကလေးပိုက်ကာ ထွက်သွားသော ခင်ကြော့ကြော့လှိုင်ကို ကြည့်ကာ ဦးမောင်မောင်ဦးက ပြောသည်။

"မင်းသမီးလေးက လိမ်လည်းလိမ္မာ၊ စကားလည်းတတ်တယ်။ ငါ့သမီးသာဆို ဒီနေရာမှာ ငိုနေပြီ။ ဟုတ်တယ်နော် သမီး။ သမီးလည်း ဖေဖေ့ကို ကြောက်တယ်မဟုတ်လား"

"ဟုတ်တယ်ဖေဖေ။ သမီးလေ . . မေကြီးဗိုက်ထဲမှာကတည်းက ဖေကြီးကို ကြောက်တာ"

"အဲ . ."

ဦးနေမင်းလှိုင်ပင် ပါးစပ်ပြဲသွား၏။ မိုးထက်မြင့်က ဆက်ပြောသည်။

"သမီးလေ . . အမေ့ဗိုက်ထဲက ထွက်လာတော့ ဖေကြီးတို့ ကြောက်လွန်းလို့ မျက်လုံးတောင်မဖွင့်ရဲဘူး"

"ဟုတ်တယ်ရှင့် . . ။ သမီးက ကြောက်လို့ မျက်စိမဖွင့်ရဲ ကျွန်မကလည်း အစ်ကိုကိုကြောက်ပြီး ခုနစ်ရက်တိတိ မီးမထွက်ရဲဘူးလေ"

ဟုတ်လို့ . . ။ ဘယ်မီးနေသည်ကမှား ခုနစ်ရက်မပြည့်ခင် မီးထွက်ပါလိမ့်။

ဦးနေမင်းလှိုင်က ခေါင်းတညိတ်ညိတ်ဖြင့်ရှိနေ၏။ ရင်ထဲ၌မူ . .

"တောက် . . ဒီကောင်ရှေ့နေ မိန်းမနဲ့သမီးကို သင်လာတာပဲ ဖြစ်မယ်။ လုပ်ပွဲကြီး . . ။ ဟွန်း . ."

ဟု ရေရွတ်လျက်ရှိတော့သည်။

"တီ . . တီ . ."

ထိုစဉ် အိမ်ရှေ့မှ ကားသံကြား၍ ဦးနေမင်းလှိုင်ထွက်ကြည့်၏။ ဦးစိုးသူရတို့ မိသားစုကားကြီး။ ဦးစိုးသူရ၏ဇနီး မူမူသက်နှင့် သားနှစ်ယောက်၊ သမီးတစ်ယောက် ပါလာသည်။

"လာ . . လာ . . ဧည့်ခန်းထဲကြွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းလှိုင်က ဖိတ်ခေါ်သည်။ မိသားစုများ ဧည့်ခန်းထဲ ရောက်သော် ဦးစိုးသူရက ဦးမောင်မောင်ဦးကိုမြင်၍ နှုတ်ဆက်ရင်း ဝင်ထိုင်သည်။

ဒေါ်မှုမှုသက်နှင့် သားသမီးသုံးယောက်ကမူ မထိုင်သေးဘဲ ရပ်နေကြသည်။ ဦးနေမင်းလှိုင်က ထိုင်ရန် ပြောသည်။

"ထိုင်ကြလေ"

ဒေါ်မှုမှုသက်က ဦးစိုးသူရကိုကြည့်ကာ. .

"အစ်ကို. . သက်တို့သားအမိတွေကို ထိုင်ခွင့်ပြုပါ"

ဟု ပန်ကြားနေ၏။ ဦးစိုးသူရက ဂရုမစိုက်ဟန်ဖြင့်. .

"အေး. . ထိုင်။ စကားများမနေကြနဲ့"

ဟု အသားလွတ်ဟောက်လေ၏။ ဦးနေမင်းလှိုင်က စွေကြည့်ရင်း. .

"ဟာ. . လာပြန်ပြီဟာ လုပ်ပွဲ"

ဟု တိုးတိုးလေးရေရွတ်လိုက်လေ၏။ ပြီး. . မိတ်ဆက်ပေးကာ ထမင်းစားခန်းသို့ ခေါ်သွားလေတော့၏။ ထမင်းဝိုင်း၌ မိသားစုသုံးစုတို့ ဆုံကြလေသော်. .

မိသားစုသုံးစုတို့ ဆုံစားကြသော ထိုထမင်းဝိုင်းကို 'လုပ်ပွဲကြီး ထမင်းဝိုင်း' ဟု ခေါ်ဖို့သာရှိတော့၏။

***

"အား. . ကျွတ်. . ကျွတ်. . ။ ဖြည်းဖြည်းနှိပ်ပါရှင်။ ရှင့်အဆူ အငေါက်ခံရတာ တကယ့်ကို ဇက်ကြောတက်တာ"

"ငါးဆယ့်ငါး၊ ခြောက်ဆယ်. . ။ အေးပါ. . ။ နှိပ်နေပါတယ်။ နည်းနည်းလျှော့နော်"

"အားလုံး တစ်ထောင့်ရှစ်ရာနှိပ်ရမှာ။ ကျော်လည်းမချနဲ့။ ဘာ





လဲ. . ငါးဆယ့်ငါးပြီး ခြောက်ဆယ်။ ဟင်း. . မသိဘူးမှတ်လို့လား"

"ဒီမှာဘေလ် ဖေဖေ။ အားလုံး တစ်ထောင့်ခုနစ်ရာငါးဆယ်"

အရေးထဲ သားဖြစ်သူမောင်နေအေးက ဘေလ်လာတင်၏။

"သားဟာ များလှချည်လား။ အဖေလည်း အဲဒီလောက်မငေါက် ရပါလား"

"စောင့်ဆိုင်းခနဲ့ အိုက်တင်လုပ်ခတော့ ပါတယ်ဖေဖေ"

"ဖေကြီး. . ဒီမှာ သမီးရမယ့်စာရင်း"

ခင်ကြော့ကြော့လှိုင်ကပါ ဘေလ်လာတင်၏။ ဘေလ်စာရွက်များကိုကိုင်ကာ ငိုင်နေသည့် ဦးနေမင်းလှိုင်အား ဒေါ်ကေသွယ်အေးကြော့က ဟောက်၏။

"ခုမှ ဖင်လှည့်ခေါင်းလှည့် လုပ်မနေနဲ့။ ပေးစရာရှိ ပေး၊ နှိပ်စရာရှိ နှိပ်။ ဟင်း. . "

"အေးပါကွာ. . အေးကွာ. . "

ဦးနေမင်းလှိုင်တစ်ယောက် မယားနှင့်သားသမီး သုံးဦးကြား ဗျာများနေသကဲ့သို့. .

ဦးမောင်မောင်ဦးသည်လည်းကောင်း. .

ဦးစိုးသူရသည်လည်းကောင်း. .

အသီးသီး အိမ်ပြန်ရောက်ကြလေသော် နှိပ်ခြင်း၊ နင်းခြင်းအမှုများနှင့် ငွေရှင်းခြင်းအမှုများကို ပူးတွဲလုပ်ဆောင်နေကြသည်ကို မြင်ရမည်သာ ဖြစ်ပေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com

## < ၁၉ >

ည. . ။

ညက မမှောင်ပါ။ ရောင်စုံမီးလုံးများ၊ နီယွန်မီးရောင်များဖြင့် လင်းလက်တောက်ပနေသော ညချမ်းအခါပင်ဖြစ်ပါ၏။

ကောင်းကင်ကို မော့ကြည့်ဦးမလား။ အမိုးကောင်းကင်ဝယ် အဘွားဒေါ်စန္ဒာက ဝင်းထိန်နေပါသည်။ သားသမီးမြေးမြစ် ကြယ်စင်မောင်နှမများကလည်း လက်လက်လင်းလင်းနှင့်ရှိချေ၏။ ဤလရောင်အောက် ရောင်စုံမီးပွင့်လေးများအကြားမှာ လူသားသုံးယောက်တို့ မြူးကြွလှုပ်ရှားနေကြပြန်ပါသည်။

မည်သူများ ဖြစ်ရပါမည်နည်း။ ဦးဖိုးကဲတို့ သူငယ်ချင်းသုံးယောက်ပါတည်း။

သုံးဦးသား စားရင်းသောက်ရင်း စင်မြင့်ထက်မှ အဆိုတော်လေးများ၏ သီဆိုမှုနှင့် တီးလုံးများအောက်မှာ မျောနေကြသည်။

သူတို့သုံးယောက်လုံးပင် မိန်းမများကို စကားမြစ်ထဲ မျှောပစ်ခဲ့ကြပြီး စားသောက်ဆိုင်မှာ သူတို့က လာမျောနေကြခြင်းပင်။

သုံးယောက်လုံး အပြိုင်အဆိုင် ပန်းကုံးများဝယ်ကာ စင်မြင့်





ထက်က အဆိုတော်ကောင်မလေးများကို စွပ်ပေးနေပါ၏။

အဆိုတော်လေးများထဲတွင် ကြော့ကြော့သက်လှိုင်ဆိုသူလေးက လှသည်။ ဤအဆိုတော်လေးကိုပင် သူတို့သုံးဦးက ပြဿနာရှာချင်နေကြ၏။

ကြည့်ဦး. . ။

"လှချက်ကတော့ကွာ. . ။ အိမ်က မဟေသီနဲ့တော့ သွေးဖည်ကွာခြားလွန်းလှဘိ။ နာမည်လေးကလည်း ကြော့ကြော့သက်လှိုင်တဲ့။ ငါ့မိန်းမနာမည် တစ်လုံးပါတယ်။ ငါနဲ့ဆိုင်တယ်"

ဦးမောင်မောင်ဦးအပြော. . ။

"အိုး. . ဟိုး. . ကိုယ့်ဇနီးထက် လှလို့ ကိုယ့်ဇနီးနာမည် ကေသွယ်အေးကြော့မှာ သူလေးက ကြော့နှစ်လုံးပါနေတော့ ငါနဲ့ပိုဆိုင်တာပေါ့ကွ။ အေ့. . "

ဦးနေမင်းလှိုင်၏အဆို. . ။

"ဟဲ. . ဟဲ. . အိမ်ကမိန်းမ မိသက်နဲ့ ထက်ဝက်လောက် အလှလည်းကွာ၊ အသက်လည်းကွာပေမယ့် သက်ဆိုတဲ့ နာမည်လေးတစ်လုံး စွက်ထားလေတော့ ကိုယ်နဲ့ပတ်သက်မှုကို ဖြစ်မှာ"

ဦးစိုးသူရ၏ ဖွတ်အဆိုအမိန့်. . ။

ဦးမောင်မောင်ဦးက ခပ်တည်တည်ပြောပြန်၏။

"ဘာပဲဖြစ်ဖြစ် ဥပဒေရှုထောင့်ကကြည့်ရင် ငါနဲ့ပဲဆိုင်တယ်"

"ဘာဖြစ်လို့. . "

"ဟ. . ငါက စပြောတာလေ။ ငါဟာ ပထမလူ ဖြစ်သွားတာပေါ့။ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ ရှေ့ကရောက်တဲ့လူဟာ ပထမဖြစ်တယ်လေ"

"အဲဗျ. . "

"နောက်ဆုံးလူလည်း ပထမဖြစ်နိုင်တာပဲ"

ဦးနေမင်းလှိုင်အပြော. . ။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးသူရက မေးသည်။

"ဘာဖြစ်လို့လဲ"

"ဟ. . နောက်ပြန်လှည့်လိုက်လေ။ နောက်ဆုံးလူ ရှေ့ဆုံးကို ရောက်ရော"

"အေးဟ. . ။ အလယ်လူကတော့ ဒုတိယပဲနော်"

ဦးစိုးသူရက သူအလယ်လူဖြစ်မှာ ကြောက်နေပုံရသည်။ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နှင့်။ ဦးမောင်မောင်ဦးက တရားခွင်တွင် လျှောက်လဲသည့်လေသံဖြင့် ပြောပြန်သည်။

အခြေအနေအရပ်ရပ်နဲ့ ဖြစ်စဉ်တွေအပေါ် သုံးသပ်ကြည့်မယ်ဆို ဒီကိစ္စဟာ ပုဒ်မထောင့်ငါးရာနဲ့ စွဲချက်တင်ရမယ့်အမှု ဖြစ်ပါတယ်။ ဖြစ်စဉ်အရ ကောင်မလေးတစ်ယောက်ကို ကောင်လေးသုံးယောက်က ပြိုင်တူစိတ်ဝင်စားတဲ့အတွက် အားလုံးဟာ တရားပြိုင်တွေဖြစ်သွားပါပြီ"

"အေးလေ. . ။ တရားပြိုင်သုံးယောက်လုံး မယားပြိုင်ဘယ်သူ ထားနိုင်မလဲ။ ကြည့်ကြသေးတာပေါ့။ စိုးသူရက မန္တလေးသူတောင် အရဖွဲ့လာတာ"

ဦးစိုးသူရပြောတော့ ဦးမောင်မောင်ဦးက ခေါင်းခါ၏။

"သိမ်မွေ့တဲ့ နှလုံးသားရေးရာကိစ္စမှာ မိုက်တိမိုက်ကန်းတွေ မပြောပါနဲ့။ စွဲချက်မတင်ချင်လည်း အချင်းချင်းညှိကြတာပေါ့"

သုံးယောက်သား အငြင်းအခုန်တွေဖြစ်နေကြစဉ်မှာပင် မြင်တွင်းတစ်ရပ်ကြောင့် ခေတ္တရပ်သွားကြသည်။

မြင်တွင်းက လှတပတလေးပါ။ ခေတ်ဆန်စွာဝတ်စားထားသည့် မိန်းမချောလေးတစ်ယောက်က သူတို့သုံးဦးရှိရာစားပွဲသို့ ဒေါက်မြင့်ဖိနပ်သံလေးဖြင့် လျှောက်လှမ်းလာနေပါသည်။

"ဒေါက်. . ဒေါက်. . ဒေါက်. . ဒေါက်. . "

သူတို့စားပွဲသို့ မချိုမချဉ်မျက်နှာလေးဖြင့် လျှောက်လာသော မိန်းကလေးက ဦးမောင်မောင်ဦးရှေ့မှာ ခြေစုံရပ်လိုက်သည်။





"ဟင်. . မင်း. . မင်း. . "

"ဟုတ်ကဲ့. . ။ ကျွန်မ မင်းမင်းပါ။ ဆရာက မှတ်မိသားပဲ"

တကယ်တော့ ဦးမောင်မောင်ဦး ဘာမှမမှတ်မိ။ မင်း. . မင်း ဟုဆိုကာ ကြောင်ကြည့်ကြည့်၍ ကြွက်အော်အော်နေမိခြင်းပါ။ ဒါကို ကလေးမက သူ့နာမည်ကိုသိ၍ဟု မှတ်ယူသွားရှာ၏။ အေးရော. . ။

"မင်း. . မင်း. . ဘယ်သူပါလိမ့်"

"မင်းမင်းလေ"

"ဘယ်က မင်းမင်းလဲ"

"ဆရာမဒေါ်မြမြလှိုင်ရဲ့တပည့်လေ။ ပုသိမ်ချောင်းသာကလေ"

"သြော်. . မှတ်မိပြီ။ မတွေ့ရတာ နှစ်မှမနည်းတော့ဘဲ။ အိမ်ထောင်ကျပြီလား"

ဖွတ်. . တကယ့်ဖွတ်။ အဓိကမေးခွန်းကို တန်းမေးပစ်လိုက်လေ၏။ ကလေးမက ခေါင်းလေးငုံ့ကာ တိုးဖွဖွလေးပြောရှာသည်။

"သမီးအိမ်ထောင်ဖက် ဆုံးသွားပြီ"

"ဟယ်. . သနားစရာ"

ဘယ်သူ့သနားမှန်း တိတိကျကျမပြော။ သေသူကို သနားတာလား။ သမီးကို သနားတာလား။

ဦးမောင်မောင်ဦးနည်းတူ ဦးနေမင်းလှိုင်နှင့် ဦးစိုးသူရတို့က လည်း သနားနေကြပုံရ၏။ ကလေးမကို ငေးကြည့်နေကြသည်။

"နေပါဦး. . ။ သမီးက ဒီမှာ ဘာလာလုပ်. . "

"တူမလေးကို လာကြိုတာပါ"

"ဘယ်သူလဲကွယ့်"

"ခုန သီချင်းဆိုသွားတဲ့ ကြော့ကြော့သက်လှိုင်လေ။ သူ့ကို လာကြိုတာ"

"အဲဒါ သမီးရဲ့တူမ. . "

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ရှိလား"

လုပ်ချလိုက်ပြန်ပြီ။ ဇွတ်. .။

"ဟင့်အင်း. .။ သူ့အသက်က နှစ်ဆယ်ပဲရှိသေးတယ်။ ကာရာအိုကေ ဆိုချင်လှတယ်ဆိုလို့ ဆိုခိုင်းထားရတာ။ စိတ်မချလို့ လာလာကြိုနေရတာလေ"

"သမီးနဲ့ အတူနေတာလား"

"ဟုတ်တယ်. .။ သမီးတို့ သာကေတ ရှခင်းသာမှာ နေတယ်၊ အဲဒီပြန်ရမှာ"

"ကားပါလား"

"မပါဘူး. .။ တက္ကစီနဲ့ ပြန်မှာ"

"လိုက်ပို့မယ်လေ"

"ဦးကားနဲ့ လိုက်ပို့မယ်"

"အန်ကယ့်ကားက အဲဒီဘက် လမ်းကြုံတယ်၊ အန်ကယ်လိုက်ပို့မယ်"

ဦးစိုးသူရက ပိုကဲ၏။ လမ်းကြုံတယ်ဟု ဆိုသဖြင့် ကလေးမက မေးသည်။

"အန်ကယ်က ဘယ်မှာနေလို့လဲ"

"ကြည့်မြင်တိုင်. . "

"ဟင်. . တခြားစီ"

"တခြားစီဆိုတာ သူစိမ်းတွေပြောတာ။ အန်ကယ်နဲ့ သမီးတသူစိမ်းမှ မဟုတ်ဘဲ။ ခုမှသိတာ"

"ခစ်. . ခစ်. . အန်ကယ်က နောက်တတ်တယ်"

"သမီး. . တစ်ခုခုစားလေ"

ဦးမောင်မောင်ဦးက လောကွတ်လုပ်သည်။ ကောင်မလေးက ခေါင်းခါ၏။

"အအေးတော့ သောက်ဦးလေ"





ခေါင်းမခါသဖြင့် အအေးမှာရသည်။ အအေးတိုက်ပြီး စကားတွေနိုက်၏။ လူကိုတော့ ကြည့်ရုံပါပဲ။

"သမီးတို့နှစ်ယောက်တည်း နေတာလား"

"မဟုတ်ဘူး။ သုံးယောက်. . "

"နောက်တစ်ယောက်က. . "

"ဆယ့်ခြောက်နှစ်မ သီချင်း ဆိုသွားတဲ့ ယမင်းလေ။ သူ့အသက်ကလည်း ဆယ့်ရှစ်နှစ်စွန်းစွန်းပဲ ရှိသေးတာ"

"တူမပဲလား"

"ဟင့်အင်း. . တူမလေးရဲ့ သူငယ်ချင်း"

"သူကရော ကျောင်းသာကပဲလား"

"မဟုတ်ဘူး. . ရေကြည်က။ ရန်ကုန်မှာ အလုပ်လာလုပ်တာ။ သမီး သူတို့ကို အုပ်ထိန်းနေရတာလေ"

"သမီးကရော ဘာလုပ်လဲ"

"သမီးတ ကုမ္ပဏီမှာ ကွန်ပျူတာကိုင်ရတယ်။ အလုပ်တစ်ဖက်နဲ့ သူတို့ကို ထိန်းနေရတာပဲလေ။ ဒီလောကက အထိန်းမရှိရင် ပရမ်းပတာဖြစ်သွားနိုင်တယ်လေ"

"အေးကွယ်. .။ အခုလို ဘဝကို အမိပွာယ်ရှိရှိ ကြိုးစားရုန်းကန်နေကြရတာ လေးစားချီးကျူးပါတယ်။ အကူအညီလိုလည်း ပြော။ မင်းတူမလေးတွေနဲ့လည်း မိတ်ဆက်ပေးဦး"

ဦးမောင်မောင်ဦးက ပြောပြီး သူငယ်ချင်းများဘက်သို့ မျက်စိမှိတ်ပြလိုက်၏။ နှစ်ယောက်လုံး ခေါင်းညိတ်ပြကြသည်။

ထိုညက တကယ်ပဲ ကြော့ကြော့သက်လှိုင်နှင့်အတူ ယမင်းကိုပါ မိတ်ဆက်ပေးလိုက်လေ၏။ စကားတွေ အတော်ပြောဖြစ်ကြလေ၏။

ပြန်မည်လုပ်တော့ ညဆယ်နာရီ ကျော်နေပြီ။ သူလိုက်ပို့မည်၊ ငါလိုက်ပို့မည် လုနေကြရာမှ နောက်ဆုံးတွင် သဘောတူညီမှု ရသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံးလိုက်ပို့ကြရန် ဖြစ်ပါသည်။ ဘယ်သူက ဘယ်သူ့ကို ခေါ်တင်မည့်ကိစ္စကျတော့ မဲနှိုက်ကြလေရာ ဦးမောင်မောင်ဦးက မင်းမင်းကိုပို့ရန်၊ ဦးနေမင်းလှိုင်က ယမင်း၊ ဦးစိုးသူရက ကြော့ကြော့သက်လှိုင်. . ။

သူတို့သုံးဦး၏ အပြုအမူများကြောင့် ကောင်မလေးသုံးယောက်တို့ ခိုးခိုးခစ်ခစ်ရယ်မောနေတော့၏။

ထိုည. .

အမိမိုးကောင်းကင်၊ အဘွားဒေါ်စန္ဒာ၏ မြေးမြစ်ကြယ်စင်မောင်နှမတို့၏ ကားသုံးစီးသည် ရှေ့နောက်စီတန်းလျက် ရှင်လောင်းလှည့်သကဲ့သို့ မောင်းနေကြသည်ကို တွေ့ရမည်ဖြစ်လေ၏။

သူတို့၏ ဦးတည်ရာအရပ်သည်ကား ကောင်မလေးသုံးယောက်တို့ နေထိုင်ရာ သာကေတရှုခင်းသာတိုက်တန်းများဆီသို့. . ။

ကားပေါ်က ဆင်းသွားတော့ မင်းမင်းက သူ့ဆရာမကြီး ဒေါ်မြမြလှိုင်ကို သတိရသဖြင့် သူနှင့်တွေ့ကြောင်း၊ သူက မေးကြောင်း ပြောပြဖို့ မှာလေ၏။

"ဆရာ. . ဆရာမကို သမီးနဲ့တွေ့ကြောင်း၊ သတိရကြောင်း။ လာလည်ဦးမယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါနော်"

ဒါကို ဦးမောင်မောင်ဦးက မည်သို့တုံ့ပြန်သည် ထင်ပါသနည်း။

"ပြောဘူး. . ။ လာနဲ့. . ။ ဆရာပဲ လာခဲ့မယ်"

ရော်. . ခက်တော့ ခက်နေပါပြီ။

ကျန်နှစ်ယောက်ကလည်း ကောင်မလေးများကို နောက်ညတွေမှာလည်း လာမယ်လို့ချည်း ပြောနေကြပြန်ပါသည်ကော။

***



< ၂၀ >

ဦးမောင်မောင်ဦးတို့ သူငယ်ချင်းသုံးယောက် ရန်ကုန်မှာ ပြန်ဆုံတော့မှ တော်တော်လေးကဲဖြစ်ကြလေ၏။ ကြီးမှ ဝက်သက်ပေါက်ချင်သလိုလို ဖြစ်နေကြလေ၏။

ကျောင်းမှာကတည်းက သုံးယောက်အတွဲညီခဲ့ကြသူများပီပီ အသက်ကြီး၍ ရာထူးဂုဏ်ရှိန်များ ရှိနေကြသော်မှ ပြန်ဆုံကြချိန်မှာ ရှေးကလိုပဲ ကဲချင်ချင်ဖြစ်နေကြလေ၏။

မိန်းမဟူသမျှကို စကားမြစ်ထဲ မျှောပစ်ကြမည် ပြောနေကြ၏။ ပြောရင်း မျှောနေကြလေ၏။

"မင်းမင်းရယ်. . သမီးဟာ မုဆိုးမလေးဆိုပေမယ့် တကယ့်ကို အပျိုစင်လေးအတိုင်း အလှသွေးကြွယ်ဆဲပါလားကွယ်"

ဟု ဆိုသူကား ဦးမောင်မောင်ဦး. . ။

"ဆရာက ပိုပြီ"

ဟု ဆိုကာ ပီတိဝေနေသူကား မင်းမင်း။

ဦးနေမင်းလှိုင်ကလည်း ယမင်းကို သို့ကလိုပြောသေးသည်။

"ကလေး. . မင်း ဘာလို့ သိပ်လှနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ"

"မင်းမပြုံးပါနဲ့လား"

"ဘာဖြစ်လို့. ."

"ပြုံးလိုက်ရင် လှလွန်းတဲ့ မင်းကလေးရဲ့အလှဟာ မိုနာလီဇာ ငိုလောက်တယ်"

"ပိုပြီ"

"လိုတောင်လိုသေးရဲ့။ ကလေးမျက်စောင်းလေးက တစ်ကမ္ဘာလုံးကို သိမ်းကျုံးဆွဲငင်ယူနိုင်စွမ်း ရှိနေတယ်။ မင်းရဲ့မျက်စောင်းနဲ့ သုံးခါကြုံမိတဲ့ ယောကျ်ားသားတစ်ယောက်ရဲ့ နှလုံးသားဟာ အရည်ပျော်သွားနိုင်တယ်"

"ဟုတ်ဘဲနဲ့. ."

"ဟုတ်တယ်. .။ ဦးတောင် သမီးရဲ့ အဝါကတ်မျက်စောင်း နှစ်ကြိမ်မိထားလို့ နှလုံးသားလေး ပျော့စိစိဖြစ်နေပြီ"

ပျော့စိစိနှလုံးသားဆိုတော့ ကောင်မလေးကျောချမ်းသွားပုံရသည်။ ပခုံးတွန့်၍ ကိုယ်လေးယို့သွားသည်။ ဒါတောင် ပျော့စိစိနှလုံးသားမှသည် အရည်ပျော်လုပြီ ပြောနေသေး၏။ ဗွတ်. .။

ဦးစိုးသူရရော ဘာထူးပါမည်နည်း။

"ကြော့ကြော့သက်လှိုင်. ."

"ရှင်. ."

"ပျော်လား"

"ပျင်းတယ်"

"ကစားမလား"

"ဘာကစားမှာလဲ"

"........"

"ဟိုမှာ ရွှေ့နေရှိတယ်နော်။ အမှုရှာသွားဦးမယ်"

"အဲဒီရွှေ့နေက အချစ်ထောင်ထဲ ဆွဲချမယ့် ရွှေ့နေပါ"





"အချစ်ထောင် ရှိတယ်. ."

"ရှိတာပေါ့"

"ဘယ်မှာလဲဟင်"

"နှလုံးသားမြို့တော်မှာ"

"ကားနဲ့ သွားရတာလား"

"မဟုတ်ဘူး။ မေတ္တာရထားနဲ့ သွားရတာ"

"လက်မှတ်လွယ်ရဲ့လား"

"အပိုကြေးပေးရင် အဆင်ပြေပါတယ်"

"တစ်ခေါက်လောက် လိုက်ချင်လိုက်တာ"

"စိတ်ချ. . ခေါ်မယ်။ မေတ္တာရထားကိုစီးပြီး နှလုံးသားမြို့တော်ထဲအရောက် မီးမလင်းတဲ့ အချစ်ထောင်ထဲကျမှ ကြောက်တယ်ဦးရယ် မလုပ်နဲ့နော်"

"မီး ဘာလို့မလင်းတာလဲ။ ပျက်နေလို့လား"

"ဟင့်အင်း. . မီးကို မရှိတာ"

"မီးမရှိရင်တော့ မီးကြောက်တယ်။ လိုက်ရဲဘူး"

"လိုက်ခဲ့ပါ မီးရယ်. .။ ဦးတစ်ယောက်လုံး ပါမှာပဲ"

"ဦးကို ပိုကြောက်တာ"

"အန်. ."

အဲသလိုမျိုးတွေ ဖြစ်နေကြပါပြီ။ ကဲနေကြပါပြီ။ အိမ်က မိန်းမများကိုတော့ အမျိုးမျိုးအကြောင်းပြ၊ ဆင်ခြေတွေပေး၍ မကြာမကြာ သူတို့ဆုံကြလေ၏။

ဆုံကြလေတိုင်း မင်းမင်းတို့၊ မီးမီးတို့နှင့် စကားလက်ဆုံကျလျက် လောကကြီးကို မေ့မယောင်ဖြစ်နေကြတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

## ၂၁

ဒေါ်မြမြလှိုင်တို့သားအမိနှစ်ယောက် ခေါင်းချင်းဆိုင်နေကြ၏။ တိုးတိုး တိုးတိုးနှင့် တစ်စုံတစ်ရာကို တိုင်ပင်နေကြ၏။ အိမ်မှာ ဦးမောင်မောင်ဦးမရှိပါ။ ရုံးသွားသည်မှာ ယခုတိုင်ပြန်မရောက်သေးပါ။

အချိန်ကား ည ၇ နာရီပင် ရှိနေပြီ။ ညနေကတော့ ဖုန်းလှမ်းဆက်သည်။

"မြလား"

"ဟုတ်. . "

"ကိုယ်ပါ. . ။ အိမ်ပြန်နောက်ကျမယ်။ အမှုကိစ္စတစ်ခုရှိလို့"

"အမှုက ညဘက်ကြီး စစ်မှာလား"

"စစ်မှာမဟုတ်ဘူး။ ညှိကြမှာ။ ဒါပဲကွာ။ ထမင်းစားမစောင့်နဲ့။ စားလာခဲ့မှာ"

"မူးလာဦးမှာလား"

"မူးပါဘူး"

ဖုန်းပြန်ချသွားတော့ ဒေါ်မြမြလှိုင် ဖုန်းကိုင်ရင်း ငေါင်နေ၏။ တစ်စုံတစ်ရာကို စဉ်းစားနေသည်။





ထိုစဉ် သမီးဖြစ်သူ ခင်ကြော့ကြော့လှိုင် ဝင်လာသဖြင့် လှမ်းပြောမိသည်။

"ဟဲ့. . သမီး။ သမီးအဖေ ခြေဖျက်နေတယ်။ သိလား. . "

"ဟင့်အင်း. . မသိပါဘူး။ ဘယ်လိုဖြစ်ရတာလဲ အမေရယ်။ မနေ့ကပဲ တွေ့ရတာ အကောင်းကြီးပါ"

"ဟဲ့. . ခြေလှမ်းပျက်တာ ပြောတာ။ ခြေလှမ်းမှုမမှန်တာ ပြောတာ"

"ဒါများ အမေရယ်။ ဖေကြီးက ကလေးမှ မဟုတ်တာ။ ပူမနေပါနဲ့"

ခင်ကြော့ကြော့လှိုင်ကတော့ ခပ်အေးအေးပင်။ မအေးနိုင်သူမှာ ဒေါ်မြမြလှိုင်သာတည်း။ ဒေါ်မြမြလှိုင်တစ်ယောက် ဦးမောင်မောင်ဦးအား သိပ်မသင်္ကာချင်တော့။ အရင်က ဤသို့မှ မဟုတ်လေစဲ။

ညစာထမင်းစားပြီးချိန်မှာတော့ ဒေါ်မြမြလှိုင် မနေနိုင်တော့။ သမီးကိုခေါ်၍ ပြောတော့သည်။

"သမီး. . မီးဆိုတာ မလောင်ခင် တားရတယ်ကွယ့်"

"ဟုတ်ကဲ့ပါမေမေ။ သမီးတားပါတယ်။ တို့နေ့တုန်းက မောင်နေအေးကို ပြောလိုက်ပါတယ်။ တို့တစ်တွေ ငယ်သေးတယ်။ နောက်နှစ်နှစ်သုံးနှစ်လောက်ကျမှ ဆက်ညှိကြတာပေါ့လို့"

"ဘာ. . ဘာရယ်"

"စိတ်ချပါမေမေ။ မီးကို မလောင်ခင် သမီးတားလိုက်လို့ တောင်လေးငြိမ်သွားတယ်။ သမီးသာ မီးလောင်ရာလေပင့်လုပ်လိုက်ရင် အမှိုက်ကစ ပြာသာဒ်မီးလောင်သွားနိုင်လို့ပါ။ တောမီးလောင်၊ တောကြောင်လက်ခမောင်းခတ်တွေ ဖြစ်ကုန်မှာပေါ့"

"သမီး ဘာတွေပြောနေတာလဲ"

"ဖေကြီးသူငယ်ချင်းသား မောင်နေအေးအကြောင်းလေ။ သူက သမီးကို မမသိပ်လှတယ်၊ မမကို မတွေ့ရ မနေနိုင်ဘူးလို့ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



လို့လေ”

“ဘယ်တုန်းက ပြောတာလဲ”

“သမီးတို့အိမ်ကို ထမင်းဖိတ်ကျွေးတဲ့နေ့က ပြောသွားတာ”

“သမီးနော်. . ။ ကောင်လေးက ငယ်သေးတယ်”

“ဒါကြောင့် သမီးက အချိန်ဆွဲထားတာပေါ့”

ဒေါ်မြမြလှိုင် အတော်လေးစိတ်လေသွားပုံရသည်။ သူပြောချင်တာက တစ်မျိုး။ သမီးပြောနေတာက တစ်ဖုံ။ သူကလည်း သူ့ဖို့နှင့်။ သမီးကလည်း သူ့ဖို့နှင့် သူပါပဲ။ ဒေါ်မြမြလှိုင် သက်မဖွဖွလေးချကာ. .

“သမီးကိစ္စ အသာထား။ သမီးဖေကြီးကိစ္စကို ပြောမလို့”

ဟု အစချီလျက် မသက်သာသည့်အကြောင်းများကို ခေါင်းချင်းဆိုင်ပြောနေကြလေသည်။

ဒေါ်မြမြလှိုင်က တတွတ်တွတ်ပြော။ သမီးကတော့ ‘ဟုတ်. . ဟုတ်. . ’နှင့် ခေါင်းလေးညိတ်လို့။ ဘာတွေဟုတ်နေကြသည်မသိ။

ထိုညက ဒေါ်မြမြလှိုင် အတော်အလုပ်များသွားသည်။ ဖုန်းတစ်လုံးဖြင့် ဦးနေမင်းလှိုင်အိမ်သို့လည်းကောင်း၊ ဦးစိုးသူရ၏အိမ်သို့လည်းကောင်း ဖုန်းဆက်မေးမြန်း စူးစမ်းသည်။

အဖြေက တစ်သံတည်းထွက်သည်။

သူတို့၏ ယောက်ျားတွေလည်း အိမ်တွင်မရှိပါဘူး ဟူသောအကြောင်း။

ပြီး. . ခေါင်းတစ်ချက်ညိတ်၍ အံတစ်ချက်ကြိတ်လိုက်သည်။

ထိုအချိန်ဝယ် သမီးခင်ကြော့ကြော့လှိုင်ကတော့ အမှန်အိပ်နေပြီကော။

ဦးမောင်မောင်ဦးကတော့ ကောင်းရှာနေတုန်းထင့်။

***



# <၂၂>

ဦးမောင်မောင်ဦးတို့ သူငယ်ချင်းသုံးယောက် ခေါင်းချင်းဆိုင်နေကြ၏။ တစ်စုံတစ်ရာကို တိုင်ပင်နေကြခြင်းပင်။

“ဖြစ်ပါ့မလား စိုးသူရရဲ့”

ဦးနေမင်းလှိုင်က စိုးရိမ်သံဖြင့် မေးသည်။ ဦးစိုးသူရက ဟက်ခနဲရယ်ပြီး အပိုင်ပြော၏။

“ဘာလို့ မဖြစ်ရမှာလဲ။ ကောင်မလေးတွေ လိုက်ဖို့ကတော့ သေချာတယ်။ ကြော့ကြော့သက်လှိုင်ကို ကိုယ်စည်းရုံးပြီးပြီ”

“အိမ်ကထွက်ဖို့ ခက်မယ်ထင်တယ်ကွ။ နှစ်တိုင်း သင်္ကြန်မှာ ရိပ်သာဝင်နေကျကွ”

ဦးမောင်မောင်ဦးက ပြောခြင်းပင်။ တကယ်လည်း နှစ်စဉ်သင်္ကြန်မှာ မိသားစုအားလုံး ရိပ်သာဝင်နေကျဖြစ်သည်။

ယခု. . ယခုသင်္ကြန်မှာတော့ သူတို့တစ်တွေ ချောင်းသာကမ်းခြေသို့ အပျော်ခရီးထွက်ကြဖို့ တိုင်ပင်နေကြခြင်းပင်။ ဇနီးမယားများနှင့် ဟန်နီးမွန်းသွားဖို့ မဟုတ်။ ပျိုကညာမဒီလေးများနှင့် အပီပြေးစားဖို့ကြံနေကြခြင်းပင်။ ဆင်ကြံ၊ ကြံ့ကြံ၊ ကျားကြံ ကြံနေကြခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးသူရက သက်သက်ကြော့လှိုင်ကို ပိုင့်ပုံရသည်။ ပိုင်ဆိုင်မှုဆိုင်ရှင်ပီပီ သက်သက်ကြော့လှိုင်အား ရွှေလက်စွပ်တစ်ကွင်းနှင့် လာဘ်ထိုးထား၏။ သက်သက်ကြော့လှိုင်ကလည်း ရွှေလက်စွပ်ကို အားနာ၍လား မသိ။ ဦးစိုးသူရကို အရေးပေးသည်။

ယခုလာမည့်သင်္ကြန်မှာ ချောင်းသာသို့ အပျော်ခရီးသွားကြရအောင် သူတို့နှစ်ဦးက စတင်ဖန်တီးခြင်းပင်။

အဒေါ်ဖြစ်သူ မင်းမင်းပင် နောက်ကျမှ သိရ၏။ မသင့်တော်၍ တားမြစ်သော်လည်း မရ။ မရသဖြင့် သူပါလိုက်ရတော့မည်။

ယမင်းကလည်း ငယ်ရွယ်သူပီပီ ဘာမှမတွေးဘဲ ချောင်းသာလိုက်ရမည်ဆိုတော့ ပျော်နေသည်။ ကျားဘုရင်ကို ဖားသခင်ထင်နေသည်လား မသိ။ ကြောက်ရကောင်းမှန်း မသိ။ သင့်,မသင့် မတွေး။ ကလေးမလေးများ ခက်ပါဘိ။

ရယ်တော့ ရယ်စရာပင်။ မိန်းကလေးများဘက်မှ အဆင်သင့်ဖြစ်ပြီး မီးစိမ်းပြထားသော်လည်း ကျားကြီးသုံးကောင်ဘက်က မီးစိမ်းမပြသေး။ ပိတ်ချည်၊ ဖွင့်ချည် မီးဝါပြထားသည်။

မီးက စိမ်းမှာလား၊ နီမှာလား တိတိပပ မသိရသေး။ ယခုမှ ခေါင်းချင်းဆိုင် အကြံထုတ်တုန်း။

"ဒီလိုလုပ်မယ်ကွာ. . ။ တို့မိန်းမတွေက ဘိုးတော်တို့ အိပ်မက်တို့ ပေဒင်တို့ဆို ယုံတတ်တယ်ကွ"

ဟု နေမင်းလှိုင်က ပြောတော့ ကျန်နှစ်ယောက် စိတ်ဝင်စားသွားသည်။ အားတက်သရောမေး၏။

"အေး. . ဘယ်လိုလုပ်ရမလဲ ပြော"

"ဒီလိုကွာ. . ။ တို့သူငယ်ချင်းသုံးယောက် သင်္ကြန်မှာ တာစားခံရပြီး ကံနိမ့်နေလို့ အစိဋ္ဌာန်ခရီးထွက်ရမယ်လို့ လိမ့်မယ်"

"ယုံပါ့မလား"

"အိပ်မက်ထဲမှာ ဘိုးတော်ကိုယ်တိုင် လာသတိပေးသွားတယ်လို့ ပြောမယ်ကွာ"





"သုံးယောက်လုံး. . "

"အေး. . တာစားတဲ့ သုံးယောက်လုံး သွားရမယ်လို့ အမိန့်ချသွားတယ်ပြော"

"သူတို့ပါ လိုက်မယ်ဆိုရင်ကော"

"သေပြီဆရာ"

ဦးမောင်မောင်ဦးက နောက်၏။ နောက်ဆုံးတော့ ထိုအကြံကိုပင် အတည်ပြုလိုက်ကြ၏။ အဓိကအချက်အဖြစ် အိပ်မက်အရ မိန်းမမလိုက်ရဟု ထည့်ရန်ဖြစ်သည်။

အစီအစဉ်အရ ဦးမောင်မောင်ဦးက အိပ်မက်မက်ရမှာဖြစ်၏။ ထိုအိပ်မက်အရ သူငယ်ချင်းနှစ်ယောက်ပါ ခေါ်သွား၊ ယတြာခရီးမိတ္ထီလာသို့ ခရီးထွက်ကာ မိတ္ထီလာကန်ရေကို ချိုးကြရမှာဖြစ်၏။

ထူးဆန်းသော အိပ်မက်တည်း။ ထိုအိပ်မက်အား ဦးမောင်မောင်ဦးက ဒေါ်မြမြလှိုင်ကို ပြောပြ၏။ ဒီသင်္ကြန်မှာတော့ သူငယ်ချင်းနှစ်ယောက်ကိုခေါ်၍ ယတြာသွားလုပ်လိုကြောင်း တင်ပြ။

ထို့နောက် သူငယ်ချင်းများထံ ဆက်သွယ်၍ အသိပေးပြောကြား အကူအညီတောင်း။ မိန်းမများကို အသီးသီးဆက်လက်တင်ပြ၍ ပါမစ်ရယူကာ ဒိုးကြရန်ဖြစ်၏။

ခြေလှမ်းကတော့ ဘယ်ခြောက်ကာ ညာသို့လှမ်းမည်ပေါ့။

အစီအစဉ်ကို စတင်အကောင်အထည်ဖော်ရန် ရက်သတ်မှတ်လိုက်ကြ၏။ လာမည့်စနေနေ့ညမှာ အိပ်မက်မက်မည်။ တနင်္ဂနွေမနက် ပြောပြမည်။ ပါမစ်လျှောက်ထားမည်။ သုံးလေးရက်အတွင်း ပါမစ်ကိစ္စ ပါမစ်ကျဖို့ လာဘ်ထိုးတန်ထိုး။ အကြောင်းထူးလျှင် ဆက်သွယ်။ ကိုယ့်မိန်းမတွေကို ရအောင်ပြောကြားဖို့ စကားမြစ်ထဲ မျှောပစ်ဖို့ အသီးသီး အာမခံကြလေ၏။

ကြည့်ရပေဦးမည်ပ။

***



www.burmeseclassic.com

www.burmeseclassic.com

## ၂၃

"ဆရာ"

"ပြောလေ မင်းမင်း"

"သမီးတို့ ခရီးသွားလို့ ဖြစ်ပါ့မလား"

"ဘာလို့လဲကွယ်"

"သူစိမ်းယောက်ျားလေးတွေနဲ့ ခရီးအတူသွားလို့ သင့်တော်ပါ့မလား။ ညအိပ်ညနေခရီးကြီး"

"အိုကွာ. . ဘာဖြစ်တာမှတ်လို့။ သီးခြားစီ အခန်းငှားအိပ်ကြမှာပါဟာ"

"ဒါတော့ဒါပေါ့ ဆရာရဲ့"

မင်းမင်းက ဆက်မပြောဘဲ ရပ်ထားသည်။ ဦးမောင်မောင်ဦးက လေပြည်ထိုးသည်။

"တွေးပူမနေပါနဲ့ မင်းမင်းရယ်။ ဆရာတို့ရဲ့ ခြောက်သွေ့နေတဲ့ ရင်ဘတ်ထဲကို သကြင်္ကန်ရေနဲ့အတူ မင်းတို့ရဲ့ အေးမြတဲ့ မေတ္တာရေကြည်နဲ့ စိမ်ချင်လို့ပါ။ ဆရာတို့ဘဝကို နားလည်ပေးပါ။ စာနာပါ။ ဆရာတို့ ပျော်ချင်တယ်။ မွန်းကျပ်နေတဲ့ ကမ္ဘာလေးထဲက ခေတ္တထွက်ပြီး သောင်





ပြင်ကျယ်ကျယ်၊ ပင်လယ်ကျယ်ကျယ်မှာ ကလေးတွေလိုပဲ ပြေးဆော့နေလိုက်ချင်တယ်။ အကယ်ပါ"

"ဟင်း. ."

မင်းမင်းတစ်ယောက် သက်မဖွဖွချသည်။ သူ့မျက်နှာပြင်မှာ တစ်စုံတစ်ရာကို လေးနက်စွာထား စဉ်းစားနေသည့်ပုံ။

"ဆရာ. ."

"ဘာလဲကွယ်"

"ဆရာ့ဇနီး ဆရာမကို မချစ်ဘူးလားဟင်"

"ချစ်တာပေါ့ကွာ"

"ဆရာ့သမီးကိုရော"

"ချစ်တာပေါ့"

"ဒါဆို ဒီခရီးမှာ သူတို့ကို ခေါ်သွားပါလား ဆရာ"

"သူတို့နဲ့ မသွားချင်လို့ သမီးတို့ကို ခေါ်တာပေါ့ကွယ်။ သူတို့နဲ့က နှစ်ပေါင်းများစွာ သွားလာနေထိုင်ခဲ့ပါပြီကွာ။ တစ်ခါတစ်ရံ အသစ်အဆန်းအဖြစ် လူသစ်စိတ်သစ်နဲ့ ပျော်ချင်လို့ပါ"

မင်းမင်းတစ်ယောက် ဘာမှပြန်မပြောတော့ပါချေ။ စီးမျောလာသော တေးသွားလေးများနှင့်အတူ မျောလိုက်ငေးမောနေချေပြီ။ သူလေး၏စိတ်များ တွေဝေနေပြီလား။

မင်းမင်းတစ်ယောက် တွေဝေနေသလောက် ဦးမောင်မောင်ဦးတစ်ယောက် လန်းဆန်းတက်ကြွနေသည်။

ထိုနေ့ညကဆို အိပ်၍ပင်မပျော်။ အိပ်မက်များပင် မက်နေသေးတော့၏။

အိပ်မက်ထဲတွင် သူတို့သုံးဦးနှင့်အတူ မင်းမင်းတို့တူအရီးတွေပါ ချောင်းသာကမ်းခြေမှာ ပြုံးပျော်ပြေးလွှား ဆော့ကစားနေကြသည်။

"ငွေသောင်ယံ. . သဲပွင့်လေးထဲမှာ. . အချစ်ရယ် ပြေးကစားမယ်. . ကိုယ်ကခေါ်ရင်. . ချစ်သူရယ်. . လိုက်မှာလားကွယ့်. . မင်းနဲ့တွဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ . . မခွဲတူယှဉ် . . သေလည်းအတူပင်”

အိပ်မက်ထဲမှာ သီချင်းလေးဆိုရင်း မင်းမင်း၏လက်ကိုဆွဲကာ လျှောက်လှမ်းနေသည့် ဦးမောင်မောင်ဦးတစ်ယောက် တကယ်ပင် ယောင်၍ အနီးရှိ ဒေါ်မြမြလှိုင်ကို ‘ချစ်တယ်ကွာ’ ဟုဆိုကာ ဖက်၍ မွှေးမွှေးပေးမိသည်ဖြစ်ရာ ဒေါ်မြမြလှိုင်မှာ ပြုံး၍ ကျေနပ်စွာခံယူရင်း မျက်လုံးလေးမှေးထားရာ ဦးမောင်မောင်ဦးက ပါးလေးကိုနမ်းရင်း မျက်လုံးဖွင့်ကြည့်မိတော့ ဒေါ်မြမြလှိုင်ဖြစ်နေ၍ . .

“အမယ်လေး . . ”

ဟုအော်ကာ တွန်းမိလိုက်သဖြင့် ထိုညက အချိန်မတော် ရန်ထဖြစ်ကြရလေတော့သတည်း။

ရောဂါ . . ။

***



# < ၂၄ >

ရောဂါက မသေးလှ။ တိမ်မယောင်နှင့် နက်နေပါသည်။

ဦးနေမင်းလှိုင်နှင့် ဦးစိုးသူရတို့လည်း သင်္ကြန်ရက်မှာ မဒီလေးများနှင့် အပီပြေးလွှားကစားနိုင်ဖို့ စိတ်ကူးဖဲချိုး အမျိုးမျိုးပုံဖော် ကြံ့တင်ကြည်နူးနေကြလေ၏။

ထိုကိစ္စအတွက် အထူးအိပ်မက်သတင်းကိုလည်း ဦးမောင်မောင်ဦးက ဖြန့်ဝေပြီးဖြစ်ရာ အိမ်က ဇနီးမယားများကလည်း ရှောရှောရှူရှူ ခွင့်ပြုကြလေ၏။

သို့ဆို . .

သည်သင်္ကြန်တွင် မိမိတို့သူငယ်ချင်းသုံးယောက်တို့ ဖိုးကျိုင်းတုတ်ဖြစ်ကြရလေပြီဟု ကြိုတင်ကျေနပ် လေမပြတ်ရှိနေကြလေ၏။

“အဟီး . . အသက်ကြီးမှ စန်းပွင့်တာကွနော်။ သင်္ကြန်မှာ မဒီလေးနဲ့ သဲသောင်မှာပြေးဆော့။ ပင်လယ်လှိုင်းတွေစီး။ အဟီး . . နိပ်ကွာ”

ဟု ဆိုသူကား ဦးနေမင်းလှိုင်။

“ဒါပေါ့ . . ဒါပေါ့ . . အသက်ကြီးတော့ တစ်နည်းသာ၊ ကံကြွေ စောင်မလို့ မြောက်ကြွမြောက်ကြွနဲ့ အလှပဂေးလေးနဲ့အတူ ကလူမြူ



www.burmeseclassic.com

www.burmeseclassic.com



ကြွား ဆော့ကစားရမယ့်ကုသိုလ်ဟာ နည်းမှတ်လို့လေ"

ဟု ကျေကျေနပ်နပ်ကြီးဆိုလေသူကား ဦးစိုးသူရ။

သူတို့သုံးဦးသား အပျော်ကြီးပျော်လျက် ရောဂါကွေရင့်သန်ရင်းနှင့် သကြႋန်ရက်များဆီသို့ ချဉ်းကပ်လာလေ. . ရင်ခုန်လေ. . ။

ထူးခြားချက်တစ်ရပ်မှာ သကြႋန်တွင် အိပ်မက်အရ အဓိဋ္ဌာန်ခရီးကို သူငယ်ချင်းသုံးယောက်သွားဖို့ကိစ္စအား အိမ်က ဇနီးမယားများက နှစ်ခါမပြောရဘဲ လျောလျောရှူရှူစွာခွင့်ပြုကြခြင်းပင်။ ဒါကိုလည်း သူတို့ ဂုဏ်ယူဝင့်ကြွားကြလေသည်။

"ဟီး. . ဆရာမတော့ ကျောင်းမှာပဲ ဆရာမကြီးလုပ်လို့ ရမယ်။ အိမ်မှာတော့ လာမလုပ်နဲ့။ ဝပ်သွားမယ်။ ကိုယ်တို့ကိစ္စ ပြောရတာ ရုံးတော်မှာ အမှုသေးတစ်မှုလျှောက်လဲရတာလောက် မခက်ပါဘူး"

ဦးမောင်မောင်ဦးက ဂုဏ်ယူစွာ ဤသို့ဆိုသည်။ ဦးနေမင်းလှိုင်ကလည်း ပြောပုံ ကြည့်။

"စာရေးဆရာပဲကွာ. . ။ ဇာတ်လမ်းဆင်ရတာ လွယ်ပါတယ်။ စာဖတ်ပရိသတ်တွေကိုတောင် သိမ်းသွင်းဆွဲခေါ် တတ်သေးတာပဲ။ အိမ်က မိန်းမလောက်တော့ ပျင်းတောင်ပျင်းသေး"

ဦးစိုးသူရကလည်း အားကျမခံ ပြောပြန်သည်။

"မန္တလေးဈေးချိုသူတဲ့။ ဟဲ. . ဟဲ. . ဈေးဝယ်တွေကိုပဲ သူဈေးရောင်းကောင်းဖို့ ပြောတတ်မှာပေါ့။ ကိုယ်နဲ့ကျတော့ ဆွေး။ နှစ်ခါမပြောရဘူး။ ပုတ်သင်ညိုမလေးလား မှတ်ရတယ်။ ခေါင်းကို ညိတ်လို့၊ မျက်လုံးလေးကလည်း ပေကလပ်ပေကလပ်နဲ့ကွာ။ ဟား. . ဟား. . "

တကယ်လည်း သူတို့ပြောနိုင်လောက်အောင် ဇနီးမယားများက မဆီးတားဘဲ သည်ခရီးကို ခွင့်ပြုခဲ့ကြသည်။ မှာတမ်းများပင် ခြွေနေသေး။

ဒေါ်မြမြလှိုင်က ခပ်မောမောလေး ပြောသည်။

"အစ်ကိုအိပ်မက်အရသာ မလွှတ်မဖြစ် လွှတ်ရမှာ။ သကြႋန်



ရက်မှာ အစ်ကိုမရှိတော့ မြမြရိပ်သာဝင်ဖို့တောင် အားမရှိသလိုပဲ"

"မပူပါနဲ့ မြရယ်။ အိုရာမင်းဂျိုနဲ့ ဘောဘီဗိုက်တာ ဝယ်ပေးခဲ့ပါ့မယ်"

"ဘာအားဆေးတွေပဲသောက်သောက် အစ်ကိုအနားမှာရှိတာလောက် အားမရှိပါဘူး အစ်ကိုရယ်"

"ကိုယ်လည်း ဘယ်သွားချင်ပါ့မလဲကွာ။ သွားလည်း မိန်းမပါခေါ်ချင်တာပေါ့။ ဘိုးတော်အမိန့်မို့သာ မခေါ်ဘဲ့တာ။ ဟိုကောင်တွေနဲ့ ဘယ်သွားချင်ပါ့မလဲ။ ဘိုးတော်အမိန့်မို့ ဒီကောင်နှစ်ကောင် ခေါ်သွားရမှာ"

"အဲဒီလိုမပြောပါနဲ့ အစ်ကိုရယ်။ သူတို့ခမျာမှာလည်း အစ်ကိုမို့ လိုက်ပေးရတာ နေမှာပေါ့။ သူတို့လည်း မိန်းမတွေနဲ့ ဘယ်ခွဲချင်ပါ့မလဲ"

"ဟုတ်မှာ"

ဟု ဆိုရင်း ဦးမောင်မောင်ဦးတစ်ယောက် လှည့်ပြုံးလေ၏။ ဦးမောင်မောင်ဦးပြုံးသော်လည်း ဒေါ်မြမြလှိုင် မပြုံးနိုင်ပါ။ မပြုံးပါ။

သို့သော်. .

ဒေါ်မြမြလှိုင်တစ်ယောက် ဦးမောင်မောင်ဦးမျက်နှာကိုကြည့်ကာ မပြုံး၏သို့. . ပြုံး၏သို့. . ။

***

www.burmeseclassic.com

www.burmeseclassic.com

## ၂၅

ယရက်သို့ရောက်ရန် တစ်ရက်သာလိုတော့သည်။

'ယ' ရက်ကား သူတို့တစ်တွေ အပျော်ခရီးထွက်ခွာမည့်ရက်ဖြစ်သည်။

အစီအစဉ်အားလုံးကို ဦးမောင်မောင်ဦးနှင့် မင်းမင်းတို့က ရေးဆွဲကြသည်။

အဓိကစီစဉ်ပေးရသူမှာ မင်းမင်းဖြစ်သည်။

မင်းမင်းက ချောင်းသာခရီးစဉ် ကျွမ်းသည်။ ချောင်းသာမှာ နေခဲ့ဖူးသည့် ချောင်းသာသူရယ်ပဲ။

အထူးမှန်လုံအဲယားကွန်းကားကြီးနှင့် သွားနိုင်ရန် စီစဉ်ပေးသည်။ နှစ်ခုံတွဲလက်မှတ် သုံးနေရာဖြတ်ထားသည်။ လက်မှတ်များကို ကြိုပေးထားသည်။

အစီအစဉ်အရ သူတို့မိန်းကလေးများက အရင်ရောက်၍ သတ်မှတ်ခုံမှာ ထိုင်နှင့်ကြမည်။ ဦးမောင်မောင်ဦးတို့ သူငယ်ချင်းသုံးယောက်က အချိန်ကပ်၍ တက်လာပြီး ဝင်ထိုင်ကြရန်ဖြစ်သည်။

မသိလျှင် အတူခရီးသွားမည့်စုံတွဲ မဟုတ်သလိုလို။ သိလျှင်





တော့ ကညာပျိုနှင့် ဘာလိုလိုပေါ့။

သည်ခရီးကို သွားဖို့အတွက် ရင်ခုန်နေကြသူများမှာ သူတို့သူငယ်ချင်းသုံးယောက်သာဖြစ်ချေ၏။

ဇနီးမယား၊ အိမ်သားများကတော့ အေးဆေးပင်။

မင်းမင်းနှင့်အတူ ကလေးမလေးနှစ်ယောက်ကလည်း ခပ်အေးအေးပင်ရှိသည်။ မသွားခင် တစ်ရက်လိုထိ သီချင်းဆိုမပျက်။

ထိုညကပင် ဦးမောင်မောင်ဦးတို့သုံးယောက်လုံး ကောင်မလေးများဆိုင်သို့ ရောက်ကြသေးသည်။ သည်းသည်းတွေ လှုပ်နေကြသေးသည်။

"မီး. . မနက်ဖြန် ဆက်ဆက်လာနော်"

"ဟုတ်. . မီးမှန်မှန်လာပါ့မယ်"

"မနောက်နဲ့. . ။ အချိန်မီအောင် လာ။ ကားက နေ့လယ်ဆယ့်နှစ်နာရီခွဲ ထွက်မှာ"

"သိပါတယ် ဦးရယ်။ မီးလာမှာပေါ့"

"ပြီးရော. . ။ မီးမလာရင် စိတ်ဆိုးမှာဗျ"

ဦးနေမင်းလှိုင်က မီးကို တ,နေသလို. .

ဦးစိုးသူရက ကြော့ကြော့သက်လှိုင်၏ လက်ဖျားလေးများကို ကတုန်ကယင်ကိုင်ရင်း ပြောပုံမှာ. .

"ရင်တွေခုန်လိုက်တာ"

"ဆေးခန်းလိုက်ပို့ရမှာလား"

"ရပါတယ်. . ။ အနားမှာ စပါယ်ရှယ်နပ်စ် ရှိနေတာပဲ"

"ဘာမှလုပ်မပေးတတ်ဘူး။ သီချင်းပဲ ဆိုတတ်တာ"

"သီချင်းပဲဆိုပြရင် ရပါတယ်။ မနက်ဖြန် မမေ့နဲ့နော်။ စောစောလာ"

"ဟုတ်ကဲ့ပါ"

"မနောက်နဲ့. . ။ နောက်မှ သိမယ်။ ဟင်း. . "



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးသူရ 'ဟင်း' ချသံက ကြောက်စရာ။

ဦးမောင်မောင်ဦးကလည်း မင်းမင်းကို ကြွေပြနေ၏။

"မင်းမင်း. . ကိုယ်စိတ်ချမယ်နော်"

"စိတ်ချပါ။ မလွဲစေရပါဘူး"

"ချစ်တယ်ကွာ"

"ရှင်. . "

"ချစ်ချင်တယ်"

"ရော့. . "

မင်းမင်းက စားပွဲပေါ်ရှိ မီးခြစ်ကို ယူပေးလိုက်၏။ ပြီး. . ခိုးခိုးခစ်ခစ်လုပ်တော့ ဦးမောင်မောင်ဦးကလည်း လိုက်ရယ်သည်။

"ဟင်း. . ဟင်း. . ဟစ်. . ဟစ်. . အစ်. . "

ရယ်သံကြီးက တစ်မျိုး။ မကောင်းဆိုးဝါး ပူးကပ်နေသည့်ပုံ။ ကောင်မလေးများကို ဝါးချင်၊ စားချင်သော မကောင်းဆိုးဝါးဆိုလျှင်တော့ သေပြီဆရာ။

***

လှိုင်သာယာအဝေးပြေးကားဂိတ်. . ။

ဧရာဝတီတိုင်းဘက်ထွက်မည့် ခရီးစဉ်များအတွက် ဤကားဂိတ်ကြီးမှ နေရာအနှံ့သို့ ပို့ဆောင်ပေးနေပါသည်။

ပုသိမ်၊ ချောင်းသာသွားမည့် ကားများသည်လည်း ပေါများလှပါသည်။

ချောင်းသာသို့ ယနေ့နေ့လယ် ဆယ့်နှစ်နာရီခွဲထွက်မည့် ကားကြီးတစ်စီးမှာလည်း အသင့်ထိုးထားပါသည်။

အချိန်ကား ဆယ့်နှစ်နာရီထိုးလုပြီ။

ဦးမောင်မောင်ဦးတို့ သူငယ်ချင်းသုံးယောက်သည် အစီအစဉ်အရ မနက် ၈ နာရီကတည်းက အိမ်မှထွက်ခဲ့ကြလေပြီ။

တကယ်စီးမည့်ကားက နေ့လယ်မှ ထွက်မည်ဖြစ်သော်လည်း မနက်ပိုင်း ကားထွက်မည်ဟု အိမ်ကိုပြောထားသည်။ အချိန်တို လွဲထားခြင်းပင်။

စောစောထွက်လာကြပြီး စားသောက်ဆိုင်တစ်ဆိုင်တွင် အေးအေးလူလူထိုင်၍ စားသောက်ကြလေ၏။

"ကဲ. . တို့အစီအစဉ်ကတော့ ချောချောမောမောအောင်မြင်ပြီဆိုရမှာပဲ။ အိမ်က ဘေးရန်ကင်းစွာ ထွက်လာနိုင်ခဲ့ကြပြီလေ"

ဦးမောင်မောင်ဦးက အားရဝမ်းသာ ဆိုလာသည်။ ဦးနေမင်းလှိုင်က ထောက်ခံသည်။ အားပါးတရလည်း ပြောသည်။

"အေးကွာ. . ။ ငါ့အတွက်တော့ စာရေးဖို့ ဇာတ်လမ်းတစ်ပုဒ်ရလိမ့်မယ်ထင်ပါရဲ့။ ဟာသဝတ္ထုကို ရေးပစ်ဦးမှာ။ အိမ်က မိန်းမများပြောပါတယ်။ လည်သလိုလိုနဲ့ နုံလိုက်တာ လွန်ပါရော"

ဦးစိုးသူရကလည်း လက်ဝါးနှစ်ဖက်ကို ပွတ်နေရင်း ပြောသေး၏။

"ပျော်လည်းပျော်၊ ရင်လည်းခုန်တယ်ကွာ။ အိမ်ကမိန်းမလည်းသနားပါတယ်။ အဝတ်အစားတွေ၊ ဆေးတွေ ထည့်ပေးပြီး ကျန်းမာရေးဂရုစိုက်ဖို့ တတွတ်တွတ်မှာနေတာများ နားကိုငြီးရော"

"နားငြီးတာတော့ ဟုတ်ပါပြီ။ လက်က ဘာလို့ပွတ်နေတာလဲ"

"သိပါဘူး။ လက်နှစ်ဖက်လုံးကို ယားနေသလိုလို၊ တစ်ခုခုကိုတိုင်ချင်သလိုလို ဖြစ်နေလို့"

"ရောဂါဆန်းပဲနော်"

"ရင်ခုန်လက်အေးရောဂါလေ။ ကောင်မလေးတစ်ယောက်ရဲ့ ပခုံးလေးကို ဆွဲကိုင်ပြီး ဖွဖွလေးနမ်းလိုက်မှ ပျောက်တဲ့ ရောဂါမျိုး။ ဟား. . ဟား. . "

"ဟား. . ဟား. . ကောင်းတယ်. . ကြိုက်တယ်. . ။ အဲဒီရောဂါမျိုး ဖြစ်ချင်စမ်းပါဘိ။ ဟား. . ဟား. . "

သုံးဦးသား သဘောတွေကျ၊ မနောတွေခွေ့နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာ. . ။

အချိန်နီးနေပြီမို့ အဝေးပြေးကားဂိတ်သို့ ယွန်းကြပြီ။

သူတို့အားလုံး၏ ရင်ထဲမှာတော့. .

"ဒိတ်. . ဒိတ်. . ဒိတ်. . ဒိတ်. ."

အဝေးပြေးကားဝင်းထဲသို့ သူတို့စီးလာသည့်ကားလေး ဝင်မိသည်နှင့် ပို၍ရင်ခုန်သလို ခံစားနေကြရသည်။

ကြီးမှပေါက်သည့် ဝက်သက်ကား ခံရခက်လှပါဘိ။ သုံးယောက်လုံး၏ မျက်နှာများကတော့ မှိုကျင်းလိုက်တွေ့ထားကြသည့် မျက်နှာမျိုး။ မယုံမရှိနှင့်. . ။

တွေ့ပါပြီ. . ။

သူတို့စီးရမည့် ကားကြီး။ ကားကြီးက ခန့်ညားထည်ဝါစွာ ရပ်နေသည်။

ခရီးသည်များပင် ကားပေါ်တက်ရောက်နေရာယူထားကြပြီ။ ကားထွက်ရန်လည်း နာရီဝက်ပင်မလိုတော့။

အထူးအစီအစဉ်အရ သူတို့ထိုင်ခုံများ တစ်ဦးနှင့်တစ်ဦး ခြား၍ ဝယ်ထားသည်။

ဦးမောင်မောင်ဦးက နောက်ဘက်နား နှစ်ခုံတွဲ။ ဦးနေမင်းလှိုင်က အလယ်နား နှစ်ခုံတွဲ။ ဦးစိုးသူရက ရှေ့နား နှစ်ခုံတွဲ။

သူတို့ထိုင်ရမည့် ခုံများဆီသို့ မျက်လုံးဝေ့ကြည့်လိုက်တော့ ကောင်မလေးများ ရောက်နေပါပြီ။

ရှက်၍ထင့်။ ဦးထုပ်ငိုက်ငိုက်ဆောင်းကာ ခေါင်းငုံ့ထားသူ ထား၍ ပဝါလေးခြုံကာ ခေါင်းဝှက်ထားသူက ထားလေ၏။

ဩော်. . ရှက်မည်ပေါ့။ ထိုင်ခုံမှာ အတူတွဲလို့ ခရီးအဝေးကြီးကို ကျားကျားကြီးတွေနှင့် အတူသွားရမည်ကိုး။

'ရင်ခုန်ထိုက်၏။ ရင်ခုန်လိုက်ပါ မိန်းကလေး'

ကောင်မလေးများသာ မဟုတ်။ သူတို့လည်း ရင်တွေခုန်လို့။





ကားပေါ် အိတ်များနှင့်တက်လာရင်း ဟိုလူ့တိုး၊ သည်လူ့တိုက်နှင့်မို့ ဝိုင်း၍မျက်စောင်းခဲခံကြရသေးသည်။

ကိစ္စမရှိ. . ။ ပါးပါးလေးများပါ။ ထူလပိန်းများက သတ်မှတ်ခုံ အသီးသီးမှာ ခေါင်းလေးများငုံ့ ထိုင်နေကြသည်ပဲ။

ငြိမ်သက်ကာ မျက်နှာဝှက်ထိုင်နေကြသည့် သူလေးများဆီသို့ မျက်စပစ်ပြကြရင်း ကိုယ့်သတ်မှတ်နေရာ ကိုယ်သွားကြ၏။

ဦးစွာ ဦးမောင်မောင်ဦးက သူ့ခုံနားကပ်သွားပြီး ဇွေ့ခနဲ ဝင်ထိုင်သည်။ ကောင်မလေး ခေါင်းငုံ့ထားဆဲ။

"မင်းမင်း. . ရှက်နေလား"

". . . . . . . ."

"ကားထွက်တော့မယ်လေ။ ကားထွက်မှ မျက်နှာဖော်ပေါ့။ ရှက်ရင် ငုံ့ထားလေ"

ကျန်နှစ်ယောက်ကလည်း အသီးသီးကပ်ထိုင်လိုက်ကြပါ၏။

ကားက ထွက်တော့မည်။ ခရီးသည်များ ရောက်၊ မရောက် နာမည်များခေါ်လေပြီ။

"ဦးမောင်မောင်ဦး"

"ရှိ. ."

"ဒေါ်မြမြလှိုင်"

ထူးသံထွက်မလာ။

"ခုံနံပါတ်သုံးဆယ့်ခြောက်. . ဒေါ်မြမြလှိုင် ရောက်ပြီလား"

"ဟုတ်ကဲ့ပါရှင့်"

အသံလေးတစ်သံ ထွက်လာသည်။ ဦးမောင်မောင်ဦး၏ ဘေးကပါ။ ဦးမောင်မောင်ဦး မျက်လုံးပြူးပြီး သေချာကြည့်သည်။

"ဟိုက်. . သရဲ. . သရဲ. ."

သရဲဆို၍ တစ်ကားလုံးလန့်သွားကြသည်။ နောက်. . အလယ်မှ အသံထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြပါဦးဗျ. . ။ ဒီမှာလည်း သရဲ"

"ရှေ့မှလည်း အသံထွက်လာပြန်သည်။

"ဟိုက်. . သရဲခြောက်သဟ။ မင်း. . မင်း. . "

"ဟုတ်ကဲ့. . ။ ကျွန်မ မန္တလေးသူ မှူမှူသက်ပါရှင်။ သရဲမဟုတ်ပါဘူး"

တစ်ကားလုံး ပွက်လောရိုက်ကုန်၏။ ဦးမောင်မောင်ဦးက ထွက်ပြေးမည်လုပ်ရာ ဒေါ်မြမြလှိုင်က ဆွဲထား၏။

ကျန်သူများကလည်း ထိုအတိုင်းပင်။

ထိုစဉ် ထိုင်ခုံတချို့နေရာများမှ လူတချို့ မတ်တတ်ရပ်လာကြ၏။

ဦးမောင်မောင်ဦး၏သမီး. .

ဦးနေမင်းလှိုင်၏ သားနှင့်သမီး. .

ဦးစိုးသူရ၏ သားသမီးသုံးယောက်. . ။

ကားက ဘီးစလှိမ့်နေပါပြီ။ ဘီးလှိမ့်စပြုနေသော ကားအတွင်းမှ ထူးဆန်းသောအသံများ ထွက်လာ၏။

"ဖေဖေကြီး. . ဖေဖေကြီးကို ချစ်တယ်"

"ဖေဖေကြီး. . မေမေကြီးကို မပစ်နဲ့ကွယ်"

"ဟေး. . ဟေး. . "

"ဟေး. . ဟေး. . "

ကလေးများ ပျော်ရွှင်စွာဟေးကြသော်လည်း မပျော်ရွှင်စွာ ဟေးနေကြသူ လူသားသုံးယောက်ကား ဘယ်သူရှိကြပါမည်နည်း။

"ဘာတွေဖြစ်ကုန်တာလဲ"

"ဘာတွေလဲ. . ဘာလဲ. . ။ ဒါ. . တကယ်ဖြစ်နေတာလား"

"မှားပဟ. . ။ သွားရော. . မွတ်ရောဟ"

ဟူ၍ သုံးဦးသား တွေးနေမိရုံမှတစ်ပါး. . ။

(ဤတွင်ပြီး၏တည်း)



BURMESE CLASSIC .com



ဟု ဆို၍ ဖြစ်ပါမည်လော။

မဖြစ်နိုင်ပါ။

သည်သားအမိတွေ ကားပေါ် ဘယ်လိုရောက်လာကြသလဲ. . ။

ကောင်မလေးတွေ ဘယ်ရောက်ကုန်သလဲ. . ။

ဒီအစီအစဉ်က ဘယ်ကဘယ်လို ဖြစ်လာတာလဲ. . ။

စသဖြင့် အမေးရှိအပ်သလို အဖြေလည်း ရှိအပ်ပါ၏။

အဖြေကား 'မြှုပ်ကွက်'ဖြစ်ပါသည်။

မြှုပ်ကွက်ကို ဖော်ပြလိုက်မှ 'သြော်. . ဒီလိုကိုး'ဆို၍ အဖြေထွက်လာပါမည်။

ထို့ကြောင့် မြှုပ်ကွက်ကိုဖော်ဖို့ စာရေးသူမှာ တာဝန်ရှိလာပါသည်။

မြှုပ်ကွက်ကို ဖော်ပြချင်ပါသည်။

သို့သော်. .

ဘယ်နားမြှုပ်ထားမိမှန်း မမှတ်မိတော့သဖြင့် မဖော်ပြနိုင်တော့သည်ကို သည်းခံခွင့်လွှတ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား။

အေးရော. . ။ ။

❖

(ဤတွင်တကယ်ပြီး၏တည်း)

လူသားအားလုံးကို ရယ်စေချင်တဲ့. .

**အချော့တော်**



www.burmeseclassic.com